Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)

(ကောင်းကင်ပြင်ပ)

Book.64 (1093-1107) ပလက်တီနမ်အဆင့်

အင်အားစုများကြားမှ စစ်ပွဲ

၁၀၉၃

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၉၃ -
အစုလိုက်အပြုံလိုက်သတ်ဖြတ်ခြင်း

ယန်ယဲ့က ခေါင်းညိတ်ပြီး
“မင်းတို့ဆုံးဖြတ်ပြီးကတည်းက အားလုံး
ငါ့အမိန့်ကိုပဲ နာခံရမယ်။ မင်းတို့အားလုံး
ကန့်ကွက်စရာမရှိဘူး မဟုတ်လား”

လူတိုင်း
လက်မခံစရာအကြောင်းမရှိဟူသောပုံစံဖြင့်
ခေါင်းခါကြသည်။

ယန်ယဲက "လုံကလေး!
လူသစ်စုဆောင်းရေးစမ်းသပ်ပွဲမှာ
လူဘယ်လောက်လောက် ပါဝင်နေလဲ"

လုံယုရန်က ယန်ယဲ့ဟာ သူ့ကို လုံကလေးဟု
ခေါ်လိမ့်မည်ကို တစ်ခါမှ မမျှော်လင့်ထားသဖြင့်
ပြန်မဖြေခင်မှာ အနည်းငယ်
အံ့အားသင့်သွားခဲ့သည်။ "အစပိုင်းမှာ
မရေမတွက်နိုင်အောင် ရှိခဲ့ပေမယ့် အများစုက
ဖယ်ထုတ်ရေးအပိုင်းမှာပဲ
ဖယ်ထုတ်ခံခဲ့ရတာတွေ။ အခုလက်ရှိမှာက
တိုက်ရိုက်တိုက်ခိုက်ရေးစမ်းသပ်ပွဲမှာ

ပါဝင်နေတဲ့သူက လူ ၃၀၀ ဒါမှမဟုတ် လူ ၄၀၀ လောက်ရှိမယ်။ မင်းက အားလုံးကို စုစည်းဖို့ ရည်ရွယ်ထားတာလား”

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။ သူက စမ်းသပ်ပွဲ၌ ကျန်ရှိနေသူများကို စုဆောင်းဖို့ရည်ရွယ်လိုက်ခြင်းပင်။ ယခုအချိန်တွင် သူ မကယ်ပါက စမ်းသပ်ပွဲ ပြီးဆုံးသည့်နောက် သူ့တွင် ကျောင်းသားတစ်ယောက်မျှပင် ရှိတော့မှာမဟုတ်ပေ။ သို့သော်လည်း ယန်ယွဲ့သည် မတတ်သာစွာ

ခံစားချက်အပြည့်နှင့် သက်ပြင်းသာချလိုက်ပါသည်။ အတိတ်တွင် အဆက်မပြတ်သတ်ဖြတ်လာခဲ့သည်ဖြစ်ရာ ယခုအချိန်တွင်တော့ လူကယ်ဖို့အရေးနှင့် ရင်ဆိုင်နေရ၏။ ထိုအရာက သူ့အတွက် အတော်လေးထူးဆန်းသလိုခံစားရသည်။

"အဲဒီလူတွေအားလုံးကို စုစည်းနိုင်ဖို့ အရမ်းခက်တယ်" လုံယုရန်က “သူတို့က တောင်တန်းတစ်ခုလုံးမှာ နေရာအနှံ့ ပြန့်ကျဲနေတာလေ။ ဒါကြောင့် ငါတို့က သူတို့ကို စုပေါင်းဖို့ဆိုရင်

တော်တော်လေးအချိန်ယူပြီးရှာရမယ်။

အဲအချိန်တွင်းမှာ

အစွမ်းထက်နတ်ဆိုးသားရဲတွေရဲ့

တိုက်ခိုက်တာကို

မခံရဘူးလို့တော့အာမမခံနိုင်ဘူး။

အထူးသဖြင့်တော့ သူတော်စင်တစ်ပိုင်းအဆင့်

နတ်ဆိုးသားရဲနဲ့သာတွေ့ခဲ့ရင်

ငါတို့တင်မဟုတ်ဘူး၊

တောင်တန်းတစ်ခုလုံးမှာရှိနေတဲ့

လူသစ်တွေပါအကုန်အသတ်ခံရနိုင်တယ်"

လုံယုရန်က ဤအချက်ကို ပြောလိုက်ရင်း စကားခဏရပ်ကာ “သူတို့ကို တွေ့ရင်တောင် ဘာဖြစ်နိုင်မလဲ။ သူတို့က မောက်မာတဲ့လူတွေချည်းပဲဆိုတော့ မင်းခေါင်းဆောင်တာကို သေချာပေါက် ငြင်းပယ်ကြမှာပဲလေ။ ဒီတော့ အားလုံးကို ပေါင်းစည်းလိုက်တာက အကျိုးမရှိဘဲ ပြဿနာတွေပဲ ဖြစ်လာမှာသေချာတယ်"

ယန်ယွဲ့က “ဒါက ပြဿနာမဟုတ်ဘူး။ ငါ့စကားကို နားမထောင်ရင် ငါသူတို့ကို ရိုက်နှက်မယ်။ ငါနဲ့ ပြဿနာရှာတဲ့ သူတွေကို

ငါ့စကား တသွေမတိမ်း နာခံတဲ့ အထိ ရိုက်မယ်
”

"မင်းက အတော်ကြည့်ကောင်းတယ်"
ဟောင်ရှုအိုင်က ယန်ယွဲ့ကို
လက်မထောင်ပြသည်။

"တကယ်ပါပဲ" ဟဲ့ရှာကလည်း သဘောတူပုံဖြင့်
ခေါင်းညိတ်လိုက်တယ်။

ဝေါင်း!

ရုတ်တရက် ဟိန်းဟောက်သံက အဝေးကနေ ပဲ့တင်ထပ်လာခဲ့၏။ ကမ္ဘာတစ်ခုလုံးကို ပြန့်နှံ့လာသည့် မိုးချိန်းသံအလား ကီလိုမီတာ ၅၀,၀၀၀ အကွာကပင် လူတိုင်း နားကွဲမတတ် ခံစားလိုက်ကြရသည်။

လုံယုရန်က "ဒီအသံက....ဒါက သိုင်းသူတော်စင်အဆင့် နတ်ဆိုးဝံပုလွေပဲ"

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "သိုင်းသူတော်စင်အဆင့် နတ်ဆိုးဝံပုလွေ....၊ နတ်ဆိုးဘုရင် လား"

လုံယုရန်က ခေါင်းခါလိုက်ပြီး "နတ်ဆိုးက နတ်ဆိုးဘုရင်ဖြစ်ပဲလေ။ နတ်ဆိုးဝံပုလွေတွေက သိုင်းသူတော်စင်အဆင့် နတ်ဆိုးဝံပုလွေတွေချည်းပဲ။သေချာတာတစ်ခု ကတော့ ဒီတောင်တန်းမှာ သိုင်းသူတော်စင်အဆင့် နတ်ဆိုးသားရဲ အကောင် ၁၀၀ ကျော် အပြင် ဒီထက်မကတောင်ရှိနိုင်သေးတယ်။ ဒါပေမဲ့ နတ်ဆိုးဘုရင် ၁၂ ပါးပဲရှိတယ်။ ဒီနတ်ဆိုးဘုရင်တွေအားလုံးက သိုင်းသူတော်စင်အထွတ်အထိပ်အဆင့်တွေ

လေ။ သိုင်းသူတော်စင်အဆင့်ကို ဖြတ်ကျော်ဖို့ ခြေတစ်လှမ်းလောက်စီပဲဝေးတော့တယ်"

ဤစကားများ ပြောပြီးသည်နှင့် လုံယုရန်က ခေါင်းကိုမော့ပြီး တိမ်ပင်လယ်မြို့ဖက်ကို ကြည့်လိုက်ကာ "ငါထင်တာမမှားရင် ရွှေနတ်ဆိုးဝံပုလွေဘုရင်က ဌာနမှူးကို တားဆီးထားတာဖြစ်ရမယ်။ သူတို့လို အဆင့်မှာရှိနေတဲ့သူတွေက သတ်ဖို့ အရမ်းခက်တယ်။ ရွှေနတ်ဆိုးဝံပုလွေဘုရင်က အကယ်ဒမီကို တိုက်ခိုက်ရဲတယ်ဆိုတော့ သူ့မှာ သေချာပေါက် ဝှက်ဖဲတစ်ခုခုပိုင်ဆိုင်ထားလို့ပဲ

ဖြစ်ရမယ်။ အဲဒါက တိမ်ပင်လယ်အကယ်ဒမီကို အနိုင်ရဖို့ အာမခံနိုင်ပုံရတယ်"

ယန်ယဲ့သည် အသက်ပြင်းပြင်းရှူရင်း သူ့ပါးစပ်ထောင့်တွင် အနည်းငယ် ခါးသီးသောအမူအရာကို မြင်တွေ့နိုင်သည်။ နောက်ဆုံးတွင် သူက တိမ်ပင်လယ်ကယ်ဒမီ၌ တရားဝင်နည်းပြရာထူး မရသေးသော်လည်း ဤကဲ့သို့ ခက်ခဲသော အခြေအနေမျိုးနှင့် ရင်ဆိုင်နေရပြီဖြစ်သည်။ ပြောစရာပင်မလို၊ သူက အတော်လေးကို ကံဆိုးလှသည်မဟုတ်လော။

အမှန်တော့ သူက ထွက်သွားဖို့
ရွေးချယ်နိုင်ပါသည်။ သို့ရာတွင် သူက
ထိုသို့မလုပ်ဆောင်ခဲ့ပေ။ အကယ်၍ သူသာ
တစ်ကိုယ်တည်းရှိနေပါက ဤဒုက္ခကပ်ဘေးကို
ရှောင်ကွင်းသွားနိုင်၏။ သို့သော်လည်း
လက်ရှိမှာ သူက
ရှေးဟောင်းဓားကျောင်းတော်ကို
ကိုယ်စားပြုနေပါသည်။

ရွှေနတ်ဆိုးဝံပုလွေဘုရင်က
တိမ်ပင်လယ်အကယ်ဒမီကို ဖျက်ဆီးလိုက်လျှင်

ပြဿနာရှိမည်မဟုတ်သော်လည်း အကယ်၍ ယခု သူထွက်သွားပါက ရှေးဟောင်းဓားကျောင်းတော်က လုံး၀အရှက်ကွဲမည် ဖြစ်သည်။ သူသည် နာမည်ဂုဏ်သတင်းနှင့် မျက်နှာသာကို လုံး၀ ဂရုမစိုက်သည့်တိုင် ရှေးဟောင်းဓားကျောင်းတော်၏အကျိုးအတွက် ထည့်စဉ်းစားရပါမည်။

"သူတို့အားလုံးကို စုစည်းဖို့ ငါ့မှာ နည်းလမ်းရှိတယ်" လုံယုရန်က ရုတ်တရက် ပြောလေသည် "ငါတို့ အခု လမ်းခွဲလို့

မရတော့ဘူး။ ဒါကြောင့်
တစ်ခုတည်းသောနည်းလမ်းက စုံမှတ်ကို
သတ်မှတ်ပြီး နောက်ထပ်လူတွေကို ရှာဖွေပြီး
သတ်မှတ်ထားတဲ့နေရာမှာ တခြားလူတွေကို
စုဝေးဖို့ အကြောင်းကြားနိုင်တယ်"

ယန်ယဲ့က တစ်ခဏလောက်
လေးလေးနက်နက် စဉ်းစားပြီး “ဒါဆို
အဆင်ပြေတယ်"

ဘုန်း!

ရုတ်တရက် သူတို့နှင့် မလှမ်းမကမ်း၌
ပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။
ထို့နောက်တွင် မလှမ်းမကမ်း
ပေါက်ကွဲသွားသည့်နေရာကနေ
အရိပ်အယောင်အနည်းငယ်ပေါ်လာပြီး
နတ်ဆိုးဝံပုလွေတစ်ကောင်က သူတို့အုပ်စုကို
စူးစူးဝါးဝါးစိုက်ကြည့်နေလေသည်။

"အဲဒါက ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲတစ်ကောင် ပဲမဟုတ်လား "

ဟဲရှာက ချီးမြှောက်ခြင်းနယ်ပယ်အဆင့်
နတ်ဆိုးသားရဲကိုမြင်သောအခါ
အေးစက်စွာရယ်မောကာ “အဲဒါက
ချီးမြှောက်ခြင်းနယ်ပယ်
နတ်ဆိုးသားရဲလေးပဲမဟုတ်လား၊ ဒီသခင်ကြီး
သတ်တာကိုပဲ ကြည့်" ထို့နောက် သူက
နတ်ဆိုးဝံပုလွေ ထံသို့ တစ်လှမ်းချင်း
လျှောက်လှမ်းသွားသည်။

ဘောင်း!

သို့သော်လည်း မရေမတွက်နိုင်သော
ပေါက်ကွဲသံများနှင့်အတူ ရာချီသော
နတ်ဆိုးဝံပုလွေများဟာ ၎င်းအနောက်
တောအုပ်ထဲမှ ရုတ်တရက် ပြေးထွက်လာပြီး
သစ်တောတစ်ခုလုံးလည်း ချက်ချင်းပင်
ကွဲသွားသည်...။

နတ်ဆိုးဝံပုလွေအုပ်က
အလွန်ပင်များပြားလှပြီး အကောင်ရေ (၁,၀၀၀)
ကျော်ရှိသည်။

ဟဲရှာ၏ခန္ဓာကိုယ်က ရုတ်ချည်း
တောင့်တင်းလာပြီး နောက်ပြန်လှည့်၍ ယန်ယဲ့
ထံသို့ ပြေးကပ်လာသည်။ ပြေး
လာနေရင်းနှင့်လည်း သူက "အစ်ကိုကြီးရဲ!
ဒါကို မင်းလုပ်ရင် ပိုကောင်းမယ်ထင်တယ်...."

ယန်ယဲ့က ရုတ်တရက် လေးနက်စွာ
ပြောလိုက်၏ "မင်းတို့အားလုံး
အရင်ထွက်ပြေးကြ"

လုံယုရန် နှင့် အခြားနှစ်ယောက်လည်း
အနည်းငယ် ထိတ်လန့်သွားပြီး ယန်ယဲ့ကို

အံ့သြစွာ စိုက်ကြည့်နေကြသည်။
သူတို့အားလုံးသည်
ခွန်အားကိုအပြည့်အဝထုတ်ဖော်ပြီး
နတ်ဆိုးသားရဲများနှင့်
တိုက်ခိုက်ဖို့စောင့်ဆိုင်းနေသော်လည်း
ယန်ယဲ့က အမှန်တကယ်ထွက်ပြေးခိုင်းမည်ဟု
မမျှော်လင့်ထားခဲ့ကြပေ။

"မပြေးသေးဘူးလား။ မင်းတို့အားလုံး
သေချင်နေကြပြီလား" ယန်ယဲ့သည် လုံယုရန်
နှင့် အခြားသူများကို အေးစက်စွာ
ကြည့်လိုက်သည်။ လူတိုင်း အနည်းငယ်

တုံ့ဆိုင်းသွားပြီးနောက် ရုတ်တရက်ပင် အားလုံးက အဝေးဆီသို့ ထွက်သွားကြတော့သည်။ ဤအခိုက်မှာ သူတို့က ယန်ယွဲ့၏စကားကို နားထောင်သည့်အလား ဘာစကားမှပြန်မပြောတော့ဘဲ အဝေးကိုသာ ကမန်းကတန်း ပြေးသွားကြသည်။

ယန်ယွဲ့သည် ရှေ့သို့ ခြေတစ်လှမ်းတိုးပြီးနောက် သူ့ခန္ဓာကိုယ်ထဲမှ ကြောက်မက်ဖွယ်ရာ ဖိအားတစ်ခု ထွက်ပေါ်လာသည်။ အဝေးမှ ပြေးလွှားလာနေသော နတ်ဆိုးဝံပုလွေအုပ်က

သူထုတ်လွှတ်သော ဖိအားကို ခံစားမိသောအခါ ချက်ချင်းပင် ရပ်တန့်သွားခဲ့သည်။

ယန်ယဲ့ကို ကြည့်နေရင်း သူတို့၏မျက်လုံးများက ပြင်းထန်သော တောက်ပမှုများ ရှိနေသည့်တိုင် ထိုအထဲတွင် နဂိုထက်ပို၍ ကြောက်ရွံ့မှုများ ရှိနေသည် ။

ယန်ယဲ့က နတ်ဆိုးဝံပုလွေအုပ်ကို အေးစက်စွာ ကြည့်လိုက်ပြီး "ဖယ်ကြစမ်း"

သူ့အသံက နတ်ဆိုးဝံပုလွေအုပ်ကို
ချက်ချင်းပြန်တွန်းထုတ်နေသည့် ပြင်းထန်သော
အရှိန်အဝါတစ်ခု သယ်ဆောင်လာသည်။

"အူး…" ထိုအချိန်တွင် ရှေ့ဆုံးကနေ
ဦးဆောင်နေသော နတ်ဆိုးဝံပုလွေကြီးက
ရှည်လျားစွာ အူလိုက်ရင်း မြေပြင်ကို
ခြေထောက်ခုန်လိုက်သည်။

ယန်ယွဲ့၏မျက်လုံးများက
အေးစက်စက်အလင်းရောင်များ
တောက်ပလာပြီး ဘာမှစဉ်းစားမနေတော့ဘဲ

သူညာလက်သီးကို ရှေ့သို့ထိုးချလိုက်သည်။
လက်သီးတစ်ဝိုက်ရှိ လေထုသည်
တုန်ခါသွားကာ ပတ်ဝန်းကျင်ရောလွှတ်များပင်
တဆတ်ဆတ်တုန်နေသည်။

အုန်း!

ရောမနတ်ဆိုးဝံပုလွေကြီးက
လွင့်ပျံထွက်သွား၏။ အဆုံးတွင်
၎င်း၏ကြီးမားသောခန္ဓာကိုယ်က
မျက်စိရှေ့မှာပင် အသားတစ်ပုံအဖြစ်
ပြောင်းလဲသွားသည်။

ယန်ယဲ့က မြေပြင်မှာစုပုံနေသည့်
အသားတစ်ပုံကြီးကို
 ညွှန်ပြပြီး နတ်ဆိုးဝံပုလွေအုပ်ကို
စိုက်ကြည့်ရင်း “မင်းတို့အားလုံးကို
နောက်ဆုံးအခွင့်အရေးတစ်ခု ပေးမယ်။ အခု
မင်းတို့ ဆက်ငြင်းနေသေးရင်
ဘာဖြစ်သွားမလဲ"

"အူး" နတ်ဆိုးဝံပုလွေအုပ်ကြီးက
ကျယ်လောင်စွာ အူလိုက်သော်လည်း
ဒီရေအလား ပြန်ဆုတ်သွားကြသည်။

နတ်ဆိုးဝံပုလွေအုပ် ပြန်ဆုတ်သွားသည်နှင့် တပြိုင်နက် ယန်ယဲ့သည် အဝေးတစ်နေရာမှ ကျောက်တုံးကြီးဆီသို့ ရုတ်တရက် ကြည့်လိုက်သည်။ သူ့အကြည့်က ကျောက်တုံးပေါ်ကို ကျရောက်သွားချိန်မှာပဲ ယန်ယဲ့၏ပုံရိပ်က ရှေ့ကိုရောက်လာပြီး လက်သီးဖြင့် အားကုန်ထိုးချလိုက်သည် ။

ခွပ်....ဘမ်း!

ကျောက်တုံးကြီးက ချက်ချင်းပင်
အမှုန့်ဖြစ်သွားသည်။ တစ်ချိန်တည်းမှာပင်
ယန်ယဲ့၏ လက်သီးကို
အမည်မသိလက်သီးချက်ဖြင့် ပြန်ထိုးခဲ့သည် ။

ဘုန်း!

တိုက်မိသည့်နေရာတစ်ဝိုက်ရှိ
အာကာသဟင်းလင်းပြင်က ကွဲထွက်သွားကာ
ပေါက်ကွဲသံတစ်ခု
ခပ်ကျယ်ကျယ်ထွက်ပေါ်လာခဲ့သည်။

ထိုအချိန်တွင် ယန်ယဲ့သည်လည်း ခြေလှမ်း ၁၀ လှမ်းခန့် နောက်ပြန်ဆုတ်သွားခဲ့သည်။

ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ်ကျဉ်းမြောင်းသွားကာ သူ၏ ညာဘက်လက်သီးကို ဖြေလျှော့လိုက်ပြီး နောက်တစ်ကြိမ် တင်းတင်းကျပ်ကျပ် ဆုပ်ထားလိုက်သည်။

သူနှင့် မလှမ်းမကမ်း၌ သန်မာကြံ့ခိုင်သော လူတစ်ယောက် ရပ်နေ၏။

ထိုလူ၏ခန္ဓာကိုယ်က အလွန်ထွားကြိုင်းပြီး ယန်ယဲ့ထက် အနည်းဆုံး ၃ ဆလောက်

ပိုကြီးသည်။ ထိုလူ၏လက်သီးသည်ပင် ယန်ယဲ့၏ ပေါင်ထက် နှစ်ဆပိုထူသည်။ ၎င်းက သရဲမျက်နှာဖုံးကို ဝတ်ဆင်ထားကာ မျက်နှာဖုံးတွင် လျှို့ဝှက်ဆန်းကြယ်သော စွမ်းအားတစ်ခုလည်းရှိနေပါသည်။ ထို့ကြောင့် ယန်ယဲ့၏သူတော်စင်တစ်ပိုင်းအဆင့် စိတ်အာရုံအသိကပင် ထွင်းဖောက်မမြင်နိုင်တော့ပေ။

၁၀၉၄

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၀၉၄ - ကောင်းကင်ဘုံနတ်ဘုရားခန်းမလား

"မင်းဘယ်သူလဲ" မျက်နှာဖုံးစွပ်လူက ရုတ်တရက်မေးလာခဲ့သည်။ သူ့အသံက တိုးညှင်းပြီး အနည်းငယ် မသဲကွဲပေ။ သို့မဟုတ် ထိုလူက စကားပြောနည်းကို သင်ယူခဲ့သော ကလေးတစ်ယောက်လိုပင်။

ယန်ယဲ့က စကားမပြောပေ။ ရှေ့သို့ ခြေတစ်လှမ်း လှမ်းပြီး မျက်နှာဖုံးစွပ်လူရှေ့ကို

ချက်ချင်းရောက်လာကာ သူ၏လက်သီးဖြင့်သာ အဖြေပြန်ပေးလိုက်လေသည်။

မျက်နှာဖုံးစွပ်လူကလည်း နှေးကွေးခြင်းမရှိပေ။ လက်သီးတစ်ချက်ထုတ်ဖော်ကာ ယန်ယွဲ့၏လက်သီးကို ရင်ဆိုင်လိုက်သည်။

ဘုန်း!

လက်သီးနှစ်လုံး ရင်ဆိုင်တွေ့သွားပြီးနောက် မျက်နှာဖုံးစွပ်လူက ခန္ဓာကိုယ်တစ်ချက်တုန်ခါသွားပြီးယန်ယွဲ့ဟာ

နောက်သို့ ခြေလှမ်း ၁၀ လှမ်းပင်
ပြန်ဆုတ်လိုက်ရလေသည်။

ယန်ယဲ့၏မျက်လုံးများတွင် လေးနက်သော
အမူအရာ တစ်ခု ထွက်ပေါ်လာသည်။
မျက်နှာဖုံးစွပ်လူက
အဆင့်နိမ့်သိုင်းကျောင်းကျင့်စဉ်အထွတ်အထိပ်သာဖြစ်
သော်လည်း ၎င်း၏ရုပ်ခန္ဓာခွန်အားက
အလွန်ကြောက်စရာကောင်းသည်။
သူ့ခွန်အားကို အပြည့်အဝအသုံးမချသော်လည်း
အနည်းဆုံး ၆၀ ရာခိုင်နှုန်းထိ
အသုံးပြုထားခဲ့သည်။ ထိုအင်အားက သာမာန်

သိုင်းကျောင်းဆရာဇော်ဂျီကဲ့သို့ အသားလေးသတ်ဖြတ်နိုင်ပေသည်။

သို့သော်လည်း မျက်နှာဖုံးစွပ်လူက လုံးဝ
မလှုပ်မယှက်ရပ်နေရာ ၎င်းအစား
သူကိုယ်တိုင်သာ နောက်ပြန် တွန်းထုတ်ခြင်း
ခံခဲ့ရသည်။

အရေးအကြီးဆုံးက မျက်နှာဖုံးစွပ်လူဟာ
သူ့ခွန်အားကို အပြည့်အဝအသုံးမချခဲ့ပါ။

"မင်းအပေါ်ကထွက်လာတဲ့
နတ်ဆိုးသားရဲတစ်ကောင်နဲ့

လူသားတစ်ယောက်ရဲ့အရှိန်အဝါကို
ငါခံစားမိတယ်" ယန်ယဲ့သည် အနည်းငယ်
အံ့ဩသွားသော အကြည့်ဖြင့်
မျက်နှာဖုံးစွပ်လူကို ကြည့်ပြီး "မင်းက လူလား
နတ်ဆိုးလား"

မျက်နှာဖုံးစွပ်လူက စကားတစ်ခွန်းမှ
မပြောပေ။အဝေးကနေသော သူ၏လက်သီးကို
ဆန့်ပြီး ယန်ယဲ့ကို ထိုးချလိုက်လေသည်။

စွမ်းအင်လက်သီးတစ်ချက်က ယန်ယဲ့ရှေ့ကို
ချက်ချင်းပေါ်လာပြီး

သယ်ဆောင်လာသည့်အရှိန်အဝါဖြင့်ပင်
ယန်ယဲ့နောက်မှသစ်တောကို ချက်ချင်း
ဖျက်ဆီးပစ်လိုက်၏။

ယန်ယဲ့၏မျက်လုံးများက
အနည်းငယ်ကျဉ်းမြောင်းသွားခဲ့သည်။
သူ့ခန္ဓာကိုယ်ထဲရှိ ဆန်းကြယ်ချီစွမ်းအင်ကို
အပြည့်အဝထုတ်ဖော်၍
ညာလက်သီးထဲသို့ပို့လွှတ်ကာ
စွမ်းအင်လက်သီးကို ထိုးချလိုက်တော့သည်။

ဘမ်း!

စွမ်းအင်လက်သီး၏အော်ရာက ချက်ချင်းပင် ပျံ့လွင့်သွားသည်။ တစ်ချိန်တည်းမှာပဲ ယန်ယဲ့သည် သူ့လက်သီးကို ပြန်ရုတ်ပြီး တဖန်ရှေ့ကို ထပ်ထိုးလိုက်လေသည်။

ခွမ်း!

စွမ်းအင်လက်သီးက တောင့်မခံနိုင်တော့ဘဲ ချက်ချင်း

ကွဲထွက်သွားသည်။ ဒီတစ်ကြိမ်မှာတော့ ယန်ယဲ့သည် သူ၏ရုပ်ခန္ဓာခွန်အားကို အပြည့်သုံးထားသဖြင့်နောက်ပြန်မဆုတ်ခဲ့ပေ။

မျက်နှာဖုံးစွပ်လူက ရုတ်တရက် ပြောလေသည် "မဆိုးပါဘူး၊ မင်းရဲ့ရုပ်ခန္ဓာ ခွန်အားက အရမ်းသန်မာတယ်”

ယန်ယဲ့က ခေါင်းညိတ်ကာ "မထူးပါဘူးလေ။ မင်းလည်း အရမ်းသန်မာတယ်"

မျက်နှာဖုံးစွပ်လူက "မင်း ငါ့ရဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမကို ဝင်ဖို့ ဆန္ဒရှိလား” ဟု မမေးခင် ခဏလောက် လေးလေးနက်နက် စဉ်းစားနေခဲ့သည်။

ယန်ယွဲ့၏အမူအရာသည် ရုတ်တရက် မှုန်မှိုင်းသွားပါတော့သည် "မင်းက ကောင်းကင်ဘုံနတ်ဘုရားခန်းမက လား။ ဒါဆို မင်းက လော့ချန်းရှောင်ကို သိလား"

မျက်နှာဖုံးစွပ်လူက ခေါင်းညိတ်ကာ "ဒါပေါ့။ တစ်ချိန်တုန်းက

ငါတို့ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
လူငယ်မျိုးဆက်မှာ သူက အသန်မာဆုံးလေ။
အခု ငါ”

"ဒါဆို အန်နန်ကျင်း ကကော" ယန်ယဲ့က "မင်း
သူ့ကို အနိုင်ယူနိုင်မလား"

"သူမကို ငါတို့ ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့
အဖွဲ့ဝင်လို့ သတ်မှတ်လို့ မရဘူး"
မျက်နှာဖုံးစွပ်လူက ဆက်ပြောလေသည်
“မင်းလည်း သူမကို သိတာလား”

ယန်ယဲ့က "သူမ အဆင်ပြေလား"

"ဟုတ်ပါတယ်" မျက်နှာဖုံးစွပ်လူက "သူမက ချန်းရှောင်ကို လက်ထပ်တော့မှာလေ။ ငါတို့ကောင်းကင်ဘုံနတ်ဘုရားခန်းမရဲ့ နောက်မျိုးဆက် နတ်မိဖုရား ဖြစ်လာတော့မှာ။ ဒါကို သူမ ဘယ်လိုဖြစ်ပြီး အဆင်မပြေစရာရှိမှာလဲ"

ယန်ယဲ့က ခေါင်းမော့ပြီး ကောင်းကင်ကို မော့ကြည့်ရင်း "ငါ့မှာ နောက်ဆုံးမေးခွန်းတစ်ခုရှိတယ်။ စောစောက

သားရဲ့အုပ်အလယ်မှာ မင်း ပုန်းနေပေမယ်လို့
မင်းကို သတိထားမိတာမှတောင် သူတို့က
မင်းကို မတိုက်ခိုက်ဘူး။ တစ်နည်းပြောရရင်
မင်းတို့က တစ်ဖက်တည်းရှိနေတာဖြစ်မယ်။
မင်းတို့ ကောင်းကင်ဘုံနတ်ဘုရားခန်းမနဲ့
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက အတူတူပဲလို့
ငါပြောသင့်တယ်မဟုတ်လား"

“ဟုတ်တာပေါ့” မျက်နှာဖုံးစွပ်လူက “မင်းရဲ့
ခွန်အားက မဆိုးပါဘူး။ ဒီလိုမျိုး သေရတာ
တကယ်ကို သနားစရာကောင်းတယ်။
မင်းဆန္ဒရှိရင်

ငါ့ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ဝင်နိုင်တယ်။ မင်းပိုင်ဆိုင်ထားတဲ့ ခွန်အားနဲ့
သဘာဝစွမ်းရည်တွေနဲ့ဆို နတ်ဘုရားခန်းမက
မင်းကို သေချာပေါက် တန်ဖိုးထားလိမ့်မယ်"

ယန်ယဲ့က "ငါငြင်းရင် ဘာဖြစ်မလဲ"

မျက်နှာဖုံးစွပ်လူက
“မင်းမေးခွန်းတော်တော်များများကို
ငါဘာလို့ဖြေခဲ့တာလဲ သိလား”

ယန်ယဲ့က "ကျေးဇူးပြုပြီးပြောပါ"

မျက်နှာဖုံးစွပ်လူက “ငါတို့ရဲ့လူ ဒါမှမဟုတ် လူသေတစ်ယောက်ပဲ လှျို့ဝှက်ထားနိုင်လို့လေ။ မင်း ငါတို့ထဲက တစ်ယောက်ဖြစ်ချင်တာလား ဒါမှမဟုတ် လူသေဖြစ်ချင်သလား"

ယန်ယဲ့က ရုတ်တရက်မေးလိုက်သည် "မင်းရဲ့ရုပ်ခန္ဓာက အရမ်းကြောက်စရာ ကောင်းတယ်ထင်လား"

"ထင်းရှူးစီရင်စုတစ်ခုလုံးရဲ့ အဆင့်တူနယ်ပယ်မှာ ငါ့ထက် သန်မာတဲ့သူကို

တစ်ခါမှမတွေ့ဖူးဘူး" မျက်နှာဖုံးစွပ်လူက "အဆင့်တူ နတ်ဆိုးသားရဲတွေတောင် ပါတယ်”

ယန်ယဲ့က သူ့လက်ဖဝါးကို လှန်လိုက်ပြီး ဟာကျူလီယံနဂါးဓားကို ဆုပ်ကိုင်လိုက်သည်။ ထို့နောက် သူက မျက်နှာဖုံးစွပ်လူကို "ကောင်းပြီ…၊ ဒီနေ့ မင်းကို တွေ့ကြုံခံစားခွင့်ပေးလိုက်မယ်"

သူစကားပြောပြီးသည်နှင့် ယန်ယဲ့၏ပုံရိပ်သည် ရှေ့သို့ ပေါက်ကွဲထွက်လာသည်။ သူ့အရှိန်က အလွန်ပင်မြန်ဆန်နေသည်ဖြစ်ရာ

လမ်းတစ်လျှောက် ပုံရိပ်ယောင်များစွာ ကျန်နေခဲ့လေသည်။

အသက်ရှူချိန် ၁ ရှိုက်စာမပြည့်ခင်မှာပဲ ယန်ယွဲ့သည်
မျက်နှာဖုံးစွပ်လူရှေ့သို့ ရောက်ရှိလာပြီးနောက် ဟာကျူလီယံနဂါးဓားက မျက်နှာဖုံးစွပ်လူကို အလျားလိုက် ခုတ်ပိုင်းသွားခဲ့သည်။

မျက်နှာဖုံးစွပ်လူက ရှောင်တိမ်းဖို့ မဖြစ်နိုင်တော့ပေ။ ထို့ကြောင့်

သူ၏လက်သီးနှစ်ဖက်ကိုသာ ရှေ့ဆန့်ထုတ်ပြီး ဟာကျူလီယံနဂါးဓားကို ရိုက်ခွဲလိုက်သည်။

ဂျုန်း!

ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

တန်ပြန်အားက မျက်နှာဖုံးစွပ်လူကို ခြေထောက်များ တရွတ်တိုက်ပါသွားစေကာ ၁ ကီလိုမီတာကျော်နောက်ပြန်လွင့်ထွက်သွားပြီးမှ ရပ်တန့်လိုက်နိုင်သည်။

ယန်ယဲ့သည် မျက်နှာဖုံးစွပ်လူကို
လှမ်းကြည့်လိုက်ရာ
၎င်း၏ခြေထောက်များအောက်၌
နက်ရှိုင်းသောခြေရာကျင်းများကို
မြင်လိုက်သည်။

ထို့အပြင် မျက်နှာဖုံးစွပ်လူ၏ လက်များက
သိသိသာသာ တုန်ယင်နေခဲ့သည်။

“မင်း….” မျက်နှာဖုံးစွပ်လူ၏အသံက
ထိတ်လန့်တုန်လှုပ်ဟန်များ ပါဝင်နေသည်။
သူက တစ်ခုခုပြောဖို့ရာပြင်သော်လည်း

ယန်ယွဲ့ဟာ လုံးဝအခွင့်အရေးမပေးပေ။
ယန်ယွဲ့၏ပုံရိပ်က ရိပ်ခနဲဆိုသလိုပင် ၎င်းရှေ့သို့
ရောက်လာပြီး ဟာကျူလီယံနဂါးဓားက
မျက်နှာဖုံးစွပ်လူ၏ခေါင်းကို တိုက်ရိုက်
ခုတ်ပိုင်းချလေသည်။

ဓားပိုင်းချက်က မျက်နှာဖုံးစွပ်လူအပေါ်
ရောမတောင်ကြီးတစ်လုံး
ပြိုကျလာသည့်အလား
ပြင်းထန်သောဖိအားများကြောင့် ၎င်းသည်
မြေပြင်အောက် မီတာ ၃၀ ကျော်ထိပင်
နစ်မြုပ်သွားခဲ့ရသည်။

မျက်နှာဖုံးစွပ်လူ၏မျက်လုံးများတွင်
အံ့အားသင့်သည့် အရိပ်အယောင်များ
ရှိနေသည်။ သူက လုံး၀ မပေါ့ဆဝံ့တော့ဘဲ
လက်ကိုမြှောက်လိုက်ပြီး
သံမဏိတူကြီးတစ်ချောင်းကို
ထုတ်ယူလိုက်သည်။ ထို့နောက်
သံမဏိတူကြီးကို အပေါ်ဖက် ပင့်မြှောက်ကာ
ယန်ယဲ့၏ဓားပိုင်းချက်ကို ပိတ်ဆို့လိုက်၏။

ဂျုန်း!

ယန်ယဲ့ နှင့် မျက်နှာဖုံးစွပ်လူတို့ရပ်နေသည့်
အောက်မြေပြင်က ဝုန်းခနဲပြိုကျသွားကာ
ရောမပေါက်ကွဲသံကြီး ထွက်ပေါ်လာသည်။

ရုတ်တရက် ကောင်းကင်ယံအထက်၌
အက်ကြောင်းတစ်ခုပေါ်လာကာ အထဲကနေ
ရောမလက်ချောင်းကြီးတစ်ချောင်း
ထွက်လာပြီး မြေပြင်ကို ပစ်ချလိုက်သည်။

ဘောင်း!

မြေပြင်အောက်မှ ကျယ်လောင်သော
ပေါက်ကွဲသံတစ်ခု ထွက်ပေါ်လာပြီးနောက်
ရောမလက်ချောင်းကြီးက
ပြင်းထန်စွာတုန်ခါလာပြီး
ပေါက်ကွဲသွားတော့သည်။

ထိုအချိန်တွင် ယန်ယဲ့သည်
အောက်ခြေတွင်းထဲကနေ မြေပြင်ပေါ်သို့
ခုန်တက်လာသည်။ တစ်ချိန်တည်းမှာပင်
မျက်နှာဖုံးစွပ်လူကလည်း မျက်နှာပြင်ပေါ်သို့
ခုန်တက်လာပါသည်။ သို့သော်လည်း
ဒီအချိန်မှာ သူ့လက်ထဲရှိ သံမဏိတူကြီးက
အက်ရာများထပ်နေကာ

သူ့လက်နှစ်ဖက်လုံးလည်း ပြင်းထန်စွာ
တုန်ခါနေပါသည်။

ဆူး!

ကောင်းကင်ယံအထက်ရှိ
အာကာသဟင်းလင်းပြင်က

နောက်တစ်ကြိမ် ကွဲသွားပြီးနောက်
အာကာသအက်ကြောင်းထဲမှ နောက်ထပ်
ရောမလက်ကြီးတစ်ဖက် ထွက်လာခဲ့သည်။
ရောလက်ကြီးက ယန်ယွဲ့ဆီသို့
ဆင်းသက်မလာခင် မီတာရာချီကြီးမားသော

လက်သီးကြီးအဖြစ် ပြောင်းလဲ၍ အောက်သို့
ရက်စက်ကြမ်းကြုတ်စွာ ထိုးချလာခဲ့သည်။

"အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့်..."
သူ၏ ဟာကျူလီယံနဂါးဓားကို
အထက်သို့လှန်လိုက်ရင်း
ယန်ယဲ့၏မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားခဲ့သည်။

ဂျုန်း!

ယန်ယဲ့သည် နောက်သို့ ထပ်ခါတလဲလဲ
ဆုတ်သွားသော်လည်း ရောမလက်သီးကြီးက
ကွဲထွက်သွားသည်။

"ကောင်းကင်ကြီးက နောက်တစ်ကြိမ်
ကွဲအက်သွားပြန်ပါပြီ..."

ဂျိန်း...

ဒီတစ်ကြိမ်မှာတော့
လက်ကတစ်ဖက်တင်မဟုတ်ပေ၊
လက်ကြီးနှစ်ဖက် ကျဆင်းလာပါတော့သည်။

"အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့် ၂ ပါး "

ယန်ယဲ့၏မျက်လုံးထဲ၌
ရက်စက်ကြမ်းကြုတ်မှုများ
တဖျပ်ဖျပ်ထွက်ပေါ်လာပြီး "လက် ၂ ဖက်ကို
မပြောနဲ့၊ မင်းတို့ငါ့ရှေ့မှာ ရပ်နေရင်တောင်
နှစ်ယောက်လုံး ငါ့ကို ဘာလုပ်နိုင်မလဲ"

သူစကားပြောပြီးသည်နှင့်
ဟာကျူလီယန်နဂါးဓားကို လျင်မြန်စွာ
ခုတ်ပိုင်းလိုက်၏။ ဟာကျူလီယံနဂါးဓားမှ

ခါးစွမ်းအင်ကြိုးတစ်ချောင်း
ပေါက်ကွဲထွက်ကာ ရောမလက်ကြီးနှစ်ဖက်ကို
ပိုင်းဖြတ်သွားလေသည်။

ဘောင်း....ဘောင်း!

ခါးစွမ်းအင်က အတားအဆီးမရှိ
ရောမလက်ကြီးနှစ်ဖက်ကို
အပိုက်းပိုင်းဖြတ်တောက်ပစ်လိုက်သည်။

ဤ၅၊တစ်ကြိမ်တွင် ကောင်းကင်သည်
ငြိမ်သက်သွားကာ မျက်နှာဖုံးစွပ်လူက
နေရာတွင်ပင် ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့သည် သူ၏မျက်လုံးထဲ၌
လေးနက်သောအမူအရာအချို့နှင့်
ကောင်းကင်ကို ခဏကြာ
မော့ကြည့်လိုက်သည်။ ထို အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့်များက သူ့ကို
ကြောက်ပြီး ထွက်သွားကြခြင်းမဟုတ်ပေ။
သူတို့ လူကိုယ်တိုင် ရောက်မလာရသည့်
အကြောင်းအရင်းက

တိမ်ပင်လယ်အကယ်ဒမီနှင့်
စစ်ပွဲစတင်နေပြီဖြစ်သောကြောင့်ပါ။ စစ်ပွဲ
စတင်သည်နှင့်တပြိုင်နက် မည်သည့်
အဆင့်မြင့်ပညာရှင်မျှ ထွက်ခွာခြင်းမပြု
နိုင်တော့ပေ။

မှန်သည်။ ထိုအရာက
အဓိကအချက်မဟုတ်ပါ။အဓိကအချက်မှာ
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းနှင့်
ကောင်းကင်ဘုံနတ်ဘုရားခန်းမ
တို့ပူးပေါင်းထားခြင်းပင် ဖြစ်သည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၉၅ - မင်း ဘယ်လိုသင်ပေးမလဲ

"တိမ်ပင်လယ်အကယ်ဒမီက ပလက်တီနမ်အဆင့်အင်အားစုနှစ်ခုရဲ့ ပူးပေါင်းတိုက်ခိုက်တာကို ခုခံနိုင်ပါ့မလား။ တကယ်လို့ အကယ်ဒမီက ရှုံးနိမ့်သွားရင်ကော...? ငါက ဒီကျောင်းသားတွေကို သေလမ်းပြန်ပို့သလိုပဲ ဖြစ်သွားမှာပေါ့"

ရုတ်တရက် ယန်ယဲ့သည်
အထက်ကောင်းကင်ယံကနေဖွယ်ဖိအားတစ်ခု
ထွက်ပေါ်လာသည်ကို ခံစားမိလိုက်၏။
"သိုင်းသူတော်စင်.... " ယန်ယဲ့၏အမူအရာက
ချက်ချင်းပင် ပြင်းထန်စွာပြောင်းလဲသွားသည်။

ထိုအခိုက် သူ့အပေါ်
အထက်ကောင်းကင်ယံကနေ
လက်ချောင်းတစ်ချောင်းရုတ်တရက်ဆင်းသက်
လာသည်။ လက်ချောင်းက သူ့ဆီသို့
ဆင်းမလာသေးသော်လည်း

ပြင်းထန်သောအော်ရာနှင့် အဖျက်စွမ်းအားများ ထုတ်လွှတ်နေကာ သူ့ပတ်ဝန်းကျင်ရှိ အာကာသဟင်းပြင်က ကွဲအက်သွားလေသည် ။

ပတ်ဝန်းကျင်သည် ခဏတာ တိတ်ဆိတ်နေပြီးနောက် ကောင်းကင်ယံအထက်ကနေ လက်ချောင်းကြီး ဆင်းသက်လာပါတော့သည်။

ယန်ယွဲ့သည် မျက်လုံးများ ပြင်းထန်စွာ ကျဉ်းမြောင်းလာသည်။ ချက်ချင်းပင် သူ့ခန္ဓာကိုယ်ကနေ ဓားစိတ်ဆန္ဒနှင့်

ဆန်းကြယ်ချီစွမ်းအင်တို့ ပေါင်းစပ်၍ ထွက်ပေါ်လာခဲ့၏။

ဒီအချိန်မှာ ရောမလက်ဝါးကြီးတစ်ဖက်က အာကာသဟင်းလင်းပြင်ကို ရုတ်တရက် ထိုးခွဲကာ အောက်သို့ကျဆင်းလာသော လက်ချောင်းကြီးကို ရိုက်ချိုးလိုက်သည်။

ဂျိန်း!

နှစ်ခုလုံး ကွဲထွက်သွားပြီး တိုက်မိရာကနေ ကြောက်မက်ဖွယ်ရာ စွမ်းအင်လှိုင်းများ

ဖြာထွက်လာခဲ့ပါသည်။ သို့သော်လည်း
ရုတ်တရက် ကောင်းကင်အထက်၌
အနက်ရောင်အက်ကြောင်းကြီးပေါ်လာပြီး
စွမ်းအင်လှိုင်းများကို
ချက်ချင်းစုပ်ယူသွားခဲ့သည်။

ထို့နောက်တွင်တော့ ကောင်းကင်က
ပုံမှန်ပြန်ဖြစ်သွား၏။

"သူတို့ကို ပြန်ခေါ်လာနိုင်ရင်
မင်းရဲ့ခြားစိတ်ဆန္ဒကို ဟင်းလင်းပြင်အဆင့်ထိ
တက်အောင် ငါကူညီပေးမယ်။ ငါက

တိမ်ပင်လယ်အကယ်ဒမီရဲ့ဌာနမှူးပါ" ယန်ယဲ့၏
စိတ်ထဲတွင် အနည်းငယ်အိုဟောင်းသော
အသံတစ်သံ ရုတ်တရက် ထွက်ပေါ်လာသည်။

ဒီစကားကိုကြားလိုက်ရာ
ယန်ယဲ့၏မျက်လုံးထောင့်များ
တဆတ်ဆတ်တုန်လှုပ်သွားသည်။ သူက
ခဏလောက် လေးလေးနက်နက် တွေးတောပြီး
ခေါင်းမော့၍ ကောင်းကင်ကို မျှော်ကြည့်ကာ
"ကောင်းပြီ၊ ငါသဘောတူတယ်"

အမှန်စင်စစ် ဒီအချိန်မှာ ယန်ယဲ့က

ဂျာကပ်ဘောင်းထဲ ဝင်ပါသင့်သလားဟု

အတော်လေး ချီတုံချတုံ

ဖြစ်နေခဲ့သည်။တိမ်ပင်လယ်အကယ်ဒမီကို

တိုက်ခိုက်နေသူက

ပလက်တီနမ်အဆင့်အင်အားစုကြီး၂

ခုဖြစ်သည်။ ၎င်းက

ရွှေနတ်ဆိုးဝံပုလွေတောင်တန်း

တစ်ခုတည်းသာ မဟုတ်ပါ။

ယခုအချိန်တွင်တော့ သူက

တိမ်ပင်လယ်အကယ်ဒမီကို ဝင်ရောက်ဖို့

ဆုံးဖြတ်လိုက်ပါပြီ။ ဌာနမှူးက သူ့ကိုပေးခဲ့သည့်

ကတိများအပြင်
အခြားအကြောင်းပြချက်လည်းရှိပေသည်။
ထိုအရာက
တိမ်ပင်လယ်အကယ်ဒမီဍာနမ္မူး၏ခွန်အားပင်
ဖြစ်သည်။

ဍာနမ္မူးက လက်ဝါးတစ်ချက်တည်းဖြင့်
လက်ချောင်းကြီးကို ဖျက်ဆီးခဲ့သည်ဖြစ်ရာ
သူ့ကို တိုက်ခိုက်ခဲ့သော သိုင်းသူတော်စင်ထက်
အဆပေါင်းများစွာ အစွမ်းထက်ကြောင်း
သိသာနေပါသည်။

ထို့ကြောင့် ယန်ယဲ့က လောင်းကြေးထပ်ဖို့
ဆုံးဖြတ်လိုက်၏။ သဘောတူညီချက်က
အလွန်အန္တရာယ်များသော်လည်း
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒကို
ရယူနိုင်ပါက
လောင်းကြေးထပ်ရထိုက်တန်ပါသည်။

ယန်ယဲ့သည် ဟာကျူလီယံနဂါးဓားကို
သိုလှောင်လက်စွပ်ထဲ ပြန်သိမ်းလိုက်သည်။
ထို့နောက် မြေပြင်ကို ခြေတစ်ချက်ဆောင့်ကာ
အဝေးဆီသို့ ပြေးထွက်သွားသည်။

အချိန်တော်တော်ကြာသည့်နောက်တွင် ယန်ယဲ့သည် လုံယုရန် နှင့် အခြားလူများကို လိုက်မှီခဲ့၏။သို့သော်လည်း သူသည် လုံယုရန် တို့အဖွဲ့ကို မြင်သောအခါ ချက်ချင်းပင် မျက်မှောင်ကြုတ်သွားသည်။

ဤအခိုက်အတန့်တွင် လုံယုရန် တို့အဖွဲ့က ထွက်ပြေးလာပုံကသော လူငယ် (၄)ဦးနှင့် ထိပ်တိုက်တွေ့နေသည်။ ထို့အပြင် လုံယုရန်၊ ဟဲရှာ နှင့် ဟောင်ရှုအိုင်တို့၏မျက်နှာ များသည် အုံ့မှိုင်းနေပြီး သူတို့၏ မျက်လုံးများက အေးစက်ခက်ထန်နေခဲ့သည်။

ထိုထက်ပို၍ထူးခြားသည်မှာ
လုံယုရန်၏မျက်နှာပေါ်တွင် လုံး၀ကို
ကြောက်စရာကောင်းလောက်အောင်
ဒေါသအရိပ်အယောင်များ ရှိနေ၏။

ကျန် ၄ ယောက်ကတော့ လုံယုရန်ကို
စိုက်ကြည့်နေပြီး မျက်နှာထက်
လျှောင်ပြောင်လိုသော အမူအရာများနှင့်
အဆက်မပြတ် ရယ်မောနေပါသည်။

နှစ်ဖက်စလုံး၏ ခန္ဓာကိုယ်များမှ
ဆန်းကြယ်ချီစွမ်းအင်များ အရှိန်အဟုန်ဖြင့်

တောက်လောင်လာကာ
လူတိုင်း၏ပြင်းထန်သော အရှိန်အဝါများက
အဆက်မပြတ် တိုက်မိသွားသည်။ သိသာစွာပင်
သူတို့က အပြင်းအထန်တိုက်ခိုက်ဖို့
အားသွင်းနေခြင်းပင်။

ယန်ယဲ့က သူတို့ဆီ လျှောက်သွားကာ
"ဘာဖြစ်နေတာလဲ"

ယန်ယဲ့ကို မြင်သောအခါ လုံယုရန် နှင့်
အခြားသူများ၏ အမူအရာက အနည်းငယ်
သက်သာသွားသည်။ သို့သော် တစ်ဖက်အဖွဲ့ကို

ဦးဆောင်သည့် အဖြူရောင်ဝတ်လူငယ်က
“မင်းတကယ်ပဲ လွတ်မြောက်သွားပြီ”
ဟုပြောရင်း
ခဏကြာထိစကားမပြောနိုင်ကြပေ။

ဒီအချိန်မှာ သူတို့အားလုံး၏ မျက်လုံးများတွင်
အံ့သြမှုအရိပ်အယောင်များ ရှိနေသည်။

ဟောင်ရှူအိုင်က "သူတို့က လုံကလေးကို
လျှောင်ပြောင်ကြတယ်"

"နောက်ပြောင်တာလား"
အဖြူရောင်ဝတ်လူငယ်က တဟားဟား ရယ်ပြီး
“ဒါကို မင်းက နောက်ပြောင်တယ်လိုလ
ဘယ်လိုခေါ်တာလဲ။ အစ်ကိုလုံက
ယောက်ျားတစ်ယောက်ဆိုတာ
သိနေတာပဲလေ။ သူက ယောက်ျားဆိုတော့
ပွေ့ဖက်ခိုင်းတာ သင့်တော်တယ်မဟုတ်လား”

ယန်ယဲ့သည် လုံယုရန်ကို
တစ်ချက်ကြည့်လိုက်ပြီး အဖြစ်အပျက်ကို
အကြမ်းဖျင်း သဘောပေါက်သွားသည်။
ခွန်အားနည်းနည်းရှိနေသည်ဖြစ်ရာ လုံယုရန်က

ယောက်ျားလေးကဲ့သို့ ဝတ်စားထားသော
အမျိုးသမီးတစ်ဦးဖြစ်ကြောင်း သိလိုက်သည်။
ကျန်လူများက ထိုအခြေအနေကို
သတိပြုမပြုမိသော်လည်း
အဖြူရောင်ဝတ်လူငယ်က ထိုအရာကို
သဘောပေါက်သွားပေမည်။ ထို့ကြောင့်
သူသည် အနည်းငယ် ရိုင်းစိုင်းသော ပုံစံဖြင့်
လုံယုရန်ကို စနောက်နေခြင်းဖြစ်နိုင်ပေသည်။
သို့သော်လည်း ထို
စနောက်လိုက်သည့်စကားက လုံယုရန် နှင့်
အခြားသူများကို စော်ကားလိုက်ခြင်းပင်။

ဤအချက်ကို စဉ်းစားလိုက်သည့်နောက်တွင် ယန်ယဲ့သည် အဖြူရောင်ဝတ်လူငယ်နှင့်အုပ်စုကို စိုက်ကြည့်ကာ "သူ့ကိုတောင်းပန်ပါ၊ ငါ မေ့ပစ်လိုက်မယ်"

"တောင်းပန်ရမှာလား"
အဖြူရောင်ဝတ်လူငယ်က အနည်းငယ် ထိတ်လန့်သွားပြီး ယန်ယဲ့ကို ဝေ့ဝိုက်ကြည့်ကာ "ငါ ကျန်းချင်းယွန်ရဲ့ ဘဝတစ်လျှောက်လုံးမှာ ဘယ်သူ့ကိုမှ မတောင်းပန်ဖူးပါဘူး။ မင်းက ငါ့ကို ဘယ်လိုနည်းနဲ့ မသင်ပေးတာလဲ"

ယန်ယဲ့က အဖြူရောင်ဝတ်လူငယ်ကို ကြည့်ပြီး "မင်းသေချာရဲ့လား"

ကျန်းချင်းယွန်က အေးစက်စွာ ရယ်မောလိုက်ပြီး "ဟုတ်တယ်၊ ငါကျွန်တော် အရမ်းသေချာပြီး သိပ်ကိုသေချာပါတယ်"

ဖြောင်း!

ကျန်းချင်းယွန် ပြောပြီးသည်နှင့် တပြိုင်နက် ကျယ်လောင်သော ပါးရိုက်သံ

ထွက်ပေါ်လာသည်။ သူ့မျက်နှာ ညာဖက်ခြမ်းက ချက်ချင်း ဖောင်းတက်လာသည်ကို လူတိုင်းက မြင်လိုက်ကြရ၏။ သို့သော်လည်း ယန်ယဲ့က သူ့ရှေ့တွင် ရပ်နေပြီး လည်ပင်းနားမှ ဝတ်ရုံကို ဆွဲကိုင်ထားသဖြင့် လွင့်ပျံမသွားခဲ့ပေ။

"ကောင်းပြီ၊ မင်းကိုအခုချက်ချင်းသင်ပေးမယ်" ယန်ယဲ့က မျက်နှာတွင် အပြုံးအချို့နှင့် ပြောလိုက်၏။ သူ့စကားဆုံးသည်နှင့် သူ့လက်ဝါးကို ထပ်ခါထပ်ခါ ယမ်းလိုက်သည်။

ဖြောင်း! ဖြောင်း! ဖြောင်း!

အသက်ရှူ ၃ ရှိုက်စာလောက်ပင်ရှိသေး၊
ကျန်းချင်းယွန်၏မျက်နှာတစ်ခုလုံးသည်
ဝက်ခေါင်းကဲ့သို့ ဖောင်းလာပြီး
လူကိုယ်တိုင်လည်းလုံးလုံးမှိန်းနေလေသည်။

သူတင်မကဘူး၊ သူ့နောက်တွင် ရပ်နေသော
အခြားလူငယ် ၃ ဦး ပင်လျှင်
အံ့အားသင့်သွားကြသည်။

လုံယုရန် တို့အုပ်စုကတော့
ယန်ယဲ့၏လုပ်ရပ်ကိုမြင်တွေ့ဖူးသည်ဖြစ်ရာ
သိပ်ပြီးမအံ့သြတော့ပေ။

ယန်ယဲ့က ကျန်းချင်းယွန်ကို လုံယုရန် ထံ
ပစ်ချလိုက်ပြီး "အခု မင်း
တောင်းပန်ရမယ်ဆိုတာ သိလား။ မင်း
ဒါကိုတတ်မြောက်သွားရင်
ငါမင်းကိုထပ်သင်ပေးမှာမဟုတ်ဘူး"

ကျန်းချင်းယွန်က ယန်ယဲ့ကို မကျေမနပ်
စိုက်ကြည့်ကာ "ငါ့… ငါ့ရဲ့… အဘိုး… အဖိုး…

က... အကြီးအကဲ... အပြင်...
အပြင်...ခြံဝန်း...မင်း...."

ယန်ယဲ့သည် ကျန်းချင်းယွန်၏ပါးများ
ရှဲ့စောင်းသွားသည်ထိ
ဖြတ်ရိုက်လိုက်သောကြောင့် ဒီအချိန်မှာ သူက
စကားပီပီသသမပြောနိုင်တော့ပေ။

ယန်ယဲ့က ကျန်းချင်းယွန်ကို ကြည့်ပြီး
"မင်းအဖိုးက အပြင်စည်းခြံဝန်းရဲ့
အကြီးအကဲလို့ ပြောဖို့ကြိုးစားနေတာလား။

ငါမင်းကို စော်ကားတဲ့အတွက် သူငါ့ဆီလာမှာ
သေချာတယ်... အဲလိုလား"

"မှန်တ‥." သို့သော်လည်း
စကားပင်မဆုံးသေး၊ ယန်ယဲ့၏လက်ဝါးက
သူ့မျက်နှာနှင့် ထပ်မံမိတ်ဆက်သွားလေသည်။
ကျန်းချန်းယွန်၏ခန္ဓာကိုယ်သည်
အတော်ဝေးဝေးထိ လွင့်ပျံသွားကာ
မြေပြင်ပေါ် ပြုတ်ကျလာပြီး
လူသားပုံစံတွင်းတစ်ခုပင်
ဖြစ်ပေါ်လာလေသည်။

ကံကောင်းစွာပဲ၊ ယန်ယဲ့သည် သူ၏ခွန်အားကို ကောင်းကောင်းထိန်းထားသဖြင့် ကျန်းချင်းယွန်က မသေခဲ့ပေ။

ယန်ယဲ့က ကျန်းချင်းယွန် ဆီသို့ လျှောက်သွားသော် လည်း လုံယုရန်က ရုတ်တရက် သူ့လက်ကို လှမ်းဆွဲလိုက်ပြီး "မေ့လိုက်ပါ...." ဟု ပြောလိုက်သည်။ အစပိုင်းတွင် သူမ ဒေါသအရမ်းထွက်နေသော်လည်း ကျန်းချင်းယွန်၏သနားစရာ အခြေအနေကို သူမ မြင်လိုက်ရာ ဒေါသများ

ပြေပျောက်သွားခဲ့ပါသည်။
ဒေါသပျောက်သွားရုံသာမကဘဲ
သနားပင်သနားမိသွားလေသည်။

ယန်ယဲ့က "ယောက်ျားတွေက
မိန်းမသားတွေကို လေးစားရမယ်။ မလုပ်ရင်
ကောင်းပါတယ်၊ အဲဒါကို ပြောင်းလဲဖို့
အခွင့်အရေး ရနိုင်တယ်။ ဒါပေမဲ့
သူလုပ်ဖို့မရည်ရွယ်ဘူးဆိုတာ
မင်းသဘောပေါက်သွားမယ်ဆိုတာ
သေချာပါတယ်။ ဒါကြောင့် သူ့ကို
ပညာပေးသင့်တယ်လို့ ထင်တယ်။

သူတကယ်နားမထောင်ရင်
သူ့ကိုအဆုံးသတ်ဖို့ကလွဲပြီး
ရွေးချယ်စရာမရှိတော့ဘူးလေ။ မဟုတ်လို့
သူအသက်ရှင်ခွင့်ရမယ်ဆိုရင် သူ့အဖိုး
အားကိုးနဲ့ ဒီထက်ပိုပြီး လွန်လွန်ကဲကဲ
လုပ်ရပ်တွေလုပ်လာလိမ့်မယ်”

ဒီစကားများ ပြောပြီးနောက်မှာ ယန်ယဲ့က
ကျန်းချင်းယွန် ဆီကို လျှောက်သွားလေသည်။
ကျန်းချင်းယွန်က အလွန်ထိတ်လန့်သွားပြီး
ကမန်းကတန်းပြောလိုက်လေသည် "ငါ... ငါ...
ငါတောင်းပန်မယ်.. .. ”

"သူတို့အကုန်လုံးတောင်းပန်ရမှာ" ဟဲ့ရှာက ခပ်ဆတ်ဆတ်ပြောလိုက်သည်။

"သူ တောင်းပန်ရုံတင် မကဘူး၊ အဲဒီလူမိုက်တွေကိုပါ တောင်းပန်ခိုင်းသင့်တယ်" ဟောင်ရှုအိုင်ကလည်း ထပ်ပြောလေသည်။

လုံယုရန်က ခေါင်းယမ်းပြီး ယန်ယဲ့ကို စိုက်ကြည့်လိုက်သည်။ ဤလူက အနည်းငယ် ကြမ်းတမ်းလွန်းသည်ဟု သူမ ခံစားရသောကြောင့် သူမ၏ မျက်လုံးများတွင်

အနည်းငယ် ရှုပ်ထွေးသော အမူအရာ ရှိနေသည်။

ထိုအခိုက် ယန်ယဲ့က ကျန်းချင်းယွန်ကို မြေကြီးပေါ်ကနေ ဆွဲမကာ ကျန် လူငယ် ၃ ယောက်ကို လက်ညှိုးထိုးပြရင်း လုံယုရန် ဆီသို့ လျှောက်သွားပြီး "မင်းတို့အားလုံးလည်း တောင်းပန်ရမယ်။ ငါ မင်းတို့ကို သင်ပေးစရာ မလိုတော့ဘူးထင်တာပဲ။ ဟုတ်ရဲ့လား"

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၉၆ - ဒါ နင်ပဲ

“မဟုတ်ဘူး… မဟုတ်ဘူး….” အားလုံးက ခေါင်းခါသည်။ဟာသပဲ! ကျန်းချင်းယွန်က အဆင့်မြင့်ချီးမြှောက်ခြင်းနယ်ပယ်လေ။" သို့သော် သူတို့ရှေ့ကလူကို တစ်ချက်မျှပင် ပြန်မတိုက်နိုင်ဘဲ အမှောက်သိပ်ခံလိုက်ရသည်မဟုတ်လား။

ထိုအရာကပင် သူတို့ရှေ့ကလူ မည်မျှ သန်မာသည်ကို ခန့်မှန်းနိုင်ပေသည်။ ထို့ကြောင့် သူ့စကားကို မည်သို့ ဆန့်ကျင်ဝံ့မည်နည်း။

သူတို့တောင်းပန်ပြီးနောက် ယန်ယဲ့သည် လက်ကို တစ်ချက်ယမ်းကာ အဆင့်လွှန် စွမ်းအင်ကျောက်တုံးအချို့ကို ပစ်ပေးလိုက်သည် "ငါ ပတ်ဝန်းကျင်ကို နည်းနည်းတော့ စစ်ဆေးကြည့်ပြီးပြီ။ အခုလောလောဆယ်မှာ ငါတို့က အန္တရာယ်ကင်းနေတုန်းပဲ။ ဒါကြောင့် မင်းတို့အားလုံး

အရင်ပြန်ကောင်းလာအောင်လုပ်ထားကြ။
အားလုံးပြီးတာနဲ့ ငါတို့ချက်ချင်းထွက်ခွာမယ်"

စကားပြောနေရင်းဖြင့် ယန်ယဲ့က
ကျန်းချင်းယွန် တို့အုပ်စုကို
တစ်ချက်ကြည့်လိုက်ပြီး "မင်းတို့အားလုံး
ဆန္ဒရှိရင် မင်း ငါတို့နဲ့
အတူလိုက်လာနိုင်တယ်။ဒါပေမဲ့ အားလုံး
ငါ့အမိန့်ကို နာခံရမယ်။ မင်းတို့ အခုချက်ချင်း
ထွက်သွားနိုင်တယ်”

လူငယ်တစ်ယောက်က "ငါတို့...
မင်းနဲ့လိုက်မယ်"

ကျန်လူများကလည်း ကမန်းကတန်း
ခေါင်းညိတ်ကြသည်။ နောက်ဆုံးတွင်
ဒီအချိန်မှာ တောင်တန်းတစ်လျှောက်
နတ်ဆိုးသားရဲများဖုံးလွှမ်းနေပြီဖြစ်သည်။
အနည်းငယ်သော ကံဆိုးမှုက ၎င်းတို့အား
အစွမ်းထက်နတ်ဆိုးသားရဲနှင့်
ရင်ဆိုင်ရနိုင်ပေသည်။

ထိုအခါ သေချာပေါက်

သရဏဂုံပင်မတည်နိုင်ဘဲ

ချက်ချင်းသေဆုံးသွားရပေမည်။

ထို့ကြောင့် ယခုအချိန်တွင်

အစွမ်းထက်ပညာရှင်တစ်ယောက်၏အကာအ

ကွယ်ကို ခိုလှုံထားမှသာ သူတို့အတွက်

လုံခြုံနိုင်ပေသည်။

ထို့အပြင် ဒီအချိန်မှာ ယန်ယွဲ့က သူတို့အတွက်

မော်ကြည့်ရုံသာတတ်နိုင်သော

အစွမ်းထက်ပညာရှင်ဖြစ်သည်။

ယန်ယဲ့သည် တိတ်ဆိတ်သွားပြီး
ကောင်းကင်ကို မော့ကြည့်လိုက်သည်။
အချိန်က နေ့ခင်းကြောင်တောင်
ဖြစ်နေသော်လည်း
အထက်ကောင်းကင်ယံတစ်ခုလုံးဟာ
အနက်ရောင်တိမ်စိုင်များ ဖုံးလွှမ်းနေသကဲ့သို့
မည်းမှောင်နေပါသည်။ ထိုအရာက
ရွှေနတ်ဆိုးဝံပုလွေဘုရင်၏
စွမ်းအား မည်မျှကြောက်စရာကောင်းသည်ကို
ခန့်မှန်းကြည့်နိုင်သည်။

"လူအိုကြီး! မင်း အောင်မြင်တာ
ပိုကောင်းတယ်။ ငါ သူတို့ကို
မြို့ဆီအရောက်ပြန်ခေါ်လာတဲ့အခါ
မင်းသေသွားပြီဆိုတဲ့သတင်း မကြားရစေနဲ့။
ဒါဆို ငါလည်း ငရဲရောက်သွားနိုင်တယ်"
ခဏအကြာတွင် ယန်ယဲ့သည် သူ့အကြည့်ကို
ရုတ်လိုက်ပြီး မြေပြင်ပေါ်
တင်ပျဉ်ခွေလျက်ထိုင်ချလိုက်၏။ ထို့နောက်
အဆင့်လွန်စွမ်းအင်ကျောက်တုံးအချို့ကို
ထုတ်ယူကာ အထဲမှစွမ်းအင်များကို
စုပ်ယူနေလိုက်သည်။

ထိုအတောအတွင်း လုံယုရန်က ရုတ်တရက်
သူ့အနားကို လျှောက်လာပြီး
"ထင်းရှူးစီရင်စုက ဖရိုဖရဲ ဖြစ်သွားနိုင်တယ်လို့
ထင်တယ်"

ယန်ယဲ့က "ဘာဖြစ်လို့လဲ"

လုံယုရန်က လေးလံစွာ ပြောလေသည်
"တိမ်ပင်လယ်အကယ်ဒမီက အမြဲတမ်း
ကြားနေဆိုတဲ့ မူဝါဒကိုပဲ လက်ကိုင်ထားတာ။
သူတို့က နတ်ဆိုးမျိုးနွယ်အပါအဝင်
အင်အားစုတွေကြားက တိုက်ပွဲတွေမှာ

ဘယ်တော့မှ မပါဝင်ခဲ့ဘူး။ ဒါပေမဲ့
ဒီတစ်ကြိမ်မှာတော့
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက
စပြီးလှုပ်ရှားလာတာဆိုတော့
အခြေအနေတွေက
အတော်လေးရှုပ်ထွေးနေမှာသေချာတယ်"

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။ လုံယုရန်က
စစ်ပွဲအခြေအနေကို
သသတိမထားမိသော်လည်း သူကတော့
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းတစ်ခုတည်းသာ
မကဘဲ

ကောင်းကင်ဘုံနတ်ဘုရားခန်းမပါပါဝင်နေမှန်း သိထားသည်။ "

ကောင်းကင်ဘုံနတ်ဘုရားခန်းမက တိမ်ပင်လယ်အကယ်ဒမီကို ဘာအတွက် တိုက်ခိုက်တာလဲ။

သူတို့ရဲ့ရည်ရွယ်ချက်ကဘာလဲ"

သို့သော်လည်း ယန်ယွဲ့သည် ချက်ချင်း ခေါင်းယမ်းကာ သူ့အတွေးများကို ထိန်းပြီး လုံယုရန်ကို နောက်တစ်ကြိမ် စိုက်ကြည့်ကာ "မင်း ဘာပြောဖို့ ကြိုးစားနေတာလဲ"

လုံယုရန် က ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "နင်ပိုင်တဲ့ ခွန်အားနဲ့က ထွက်ပြေးဖို့ အလွယ်လေးပဲမဟုတ်လား။ ငါ့အထင် သိပ်တောင် ခက်ခဲမှာမဟုတ်ဘူးလို့ ပြောရမယ်။ ဒါပေမဲ့ နင် ငါတို့လို ဝန်ထုပ်ဝန်ပိုးတွေကို ဘာလို့ ဦးဆောင်နေတာလဲ"

ယန်ယဲ့က "မင်းတို့အားလုံးကို အကယ်ဒမီက သူ့ရဲ့ကျောင်းသားတွေလို့ သတ်မှတ်ထားကြပြီလား"

လုံယုရန်က သူ့ကို တစ်ချက်ကြည့်လိုက်ပြီး

"ငါတို့တွေ အဆင့် ၁ စမ်းသပ်မှုကို

အောင်သွားပြီ။ အတိအကျပြောရရင် ငါတို့က

အကယ်ဒမီရဲ့ကျောင်းသားတွေလို့

သတ်မှတ်နိုင်တယ်။ တကယ်တော့

ဒီစမ်းသပ်ပွဲက ငါတို့အတွက် လုံးဝ

မခက်ခဲဘူးလေ။ စမ်းသပ်ပွဲအောင်ဖို့

တစ်ခုတည်းသော အကြောင်းပြချက်က

အကယ်ဒမီကို ဝင်ပြီးတာနဲ့ တန်းခွဲတွေ

ခွဲထုတ်နိုင်ဖို့ပဲ”

ယန်ယဲ့က ပြုံးပြီး “မှန်တယ်။ မင်းတို့အားလုံးကို
အကယ်ဒမီရဲ့အပြင်စည်းခြံဝန်းက
ကျောင်းသားတွေလို့ ယူဆထားတာကြောင့်
အဲဒါက သေချာပေါက် ငါ့တာဝန်ပဲ"
တိမ်ပင်လယ်အကယ်ဒမီသာ
အပြင်စည်းခြံဝန်း၏နည်းပြရာထူးကို
ပေးအပ်ထားခြင်းမရှိပါက
ဒီကျောင်းသားများကို တာဝန်မယူဘဲ
သူ့ကိုယ်သူသာ
လွတ်အောင်ထွက်ပြေးပါလိမ့်မည်။
သို့သော်လည်း ပြဿနာမှာ
တိမ်ပင်လယ်အကယ်ဒမီ၏ဌာနမှူးကိုယ်တိုင်က

သူ့ကို အပြင်စည်းခြံဝန်း၏နည်းပြဆရာ အဖြစ် တရားဝင်ခန့်အပ်လိုက်ခြင်းပင်။

တစ်နည်းဆိုရသော် လက်ရှိ
စမ်းသပ်ပွဲပါဝင်နေသူများက
သူ၏တပည့်များဟု အမှန်တကယ်ပင်
ယူဆနိုင်သည်။

လုံ့ယုရန်က သူမမျက်နှာပေါ်တွင်
ရှုပ်ထွေးသောအမူအရာဖြင့် မေးသည်
"ဘာလို့လဲ"

အုန်း!

ဤအခိုက်အတန့်တွင် အဝေးဆီကနေ
ရောမပေါက်ကွဲသံကြီး ပဲ့တင်ထပ်ကာ
မရေတွက်နိုင်သော ပေါက်ကွဲသံများ
အဆက်မပြတ် ထွက်ပေါ်လာသည်။

ရုတ်တရက် အဝေးတစ်နေရာကနေ အမျိုးသမီး
၂ ယောက် ထိတ်လန့်တကြား
ပြေးထွက်လာသည်။
ယန်ယွဲ့သည် သူတို့နှစ်ယောက်လုံးကို
သိသောကြောင့် မြင်လိုက်ရသောအခါ

ချက်ချင်းပင် အံ့အားသင့်သွား၏။

အကြောင်းမှာ ထိုနှစ်ယောက်က လီချင်ကျင်း နှင့် ယုဝူရှမ် တို့ဖြစ်နေသောကြောင့်ပင်။

"အဲဒါနင်ပဲ"

"ဒါက နင်ပဲ"

နှစ်ယောက်စလုံးက ဤနေရာတွင် ယန်ယဲ့ကို မမျှော်လင့်ဘဲ တွေ့လိုက်သဖြင့် တပြိုင်နက် လက်ညှိုးထိုးပြီး အံ့သြသွားကြသည်။

ယန်ယဲ့က ခေါင်းညိတ်ပြီး "ဒါက ဟုတ်တယ်...၊ ငါရဲ့ယန် လေ"

“ငါ့အစ်မကို မြန်မြန်ကယ်ပါ”

"ငါ့အစ်ကိုကြီးကို မြန်မြန်ကယ်ပေး"

နှစ်ယောက်စလုံးက ယန်ယဲ့ဆီကို ပြေးလာပြီး လက်တစ်ဖက်စီက သူ့လက်တစ်ဖက်ကို ဆွဲကိုင်ပြီး သူတို့ ရောက်လာသည့်နေရာကို တရကြမ်းဆွဲခေါ်သွားကြသည်။

ဤရုတ်တရက် မြင်ကွင်းကြောင့် လုံယုရန်

တို့တစ်သိုက်လည်း အံ့အားသင့်သွားကြသည်။

ယန်ယဲ့ဟာ မိန်းမပျိုနှစ်ယောက်

ဆွဲခေါ်လာသည့်နောက်ကို

အချိန်အတော်ကြာအောင်

လိုက်ပါလာပြီးနောက် ရုတ်တရက်ဆိုသလို

လီမိုကျန်း နှင့်

ကြာပွတ်ရှည်တစ်ချောင်းကိုင်ထားသော

အမျိုးသမီးကို တွေ့လိုက်ရသည်။ သူတို့နှင့်

မနီးမဝေးတွင် သန်မာသော လူတစ်ယောက်

ရပ်နေပါသည်။ မှန်ပါသည်။ ထိုလူက

နတ်ဆိုးသားရဲတစ်ကောင်၏ သိပ်သည်းသော အငွေ့အသက်ကို ထုတ်လွှတ်ထားသောကြောင့် လူသားမဟုတ်မှန်းသိသာလေသည်။ ထို့အပြင် ထိုလူက သူတော်စင်တစ်ပိုင်းအဆင့် ပင်ဖြစ်နေ၏။

လီမိုကျန်းက လီချင်ကျင်း ပြန်ရောက်လာသည်ကို သတိထားမိကာ "ချင်ကျင်း! မင်း ဒီကိုဘာပြန်လုပ်နေတာလဲ"

"ဝူရှမ်! နင်ဘာလုပ်နေတာလဲ....၊ နင် အရိုက်ခံရဖို့ ရှာနေတာလား" ကြာပွတ်နှင့်

အမျိုးသမီးက ယုဝူရှမ်ကို ဒေါသတကြီး စိုက်ကြည့်နေသည်။

“အစ်ကိုကြီး၊ ဘယ်သူလဲ ကြည့်စမ်း” လီချင်ကျင်းက ယန်ယဲ့ကို ရှေ့သို့ တွန်းထုတ်လိုက်သည်။

ယန်ယဲ့က အတော်လေး စကားမပြောနိုင်သလို ခံစားလိုက်ရသည်။

ယုဝူရှမ်ကလည်း "အစ်မကြီး! ဒီလူက အရမ်းသန်မာတယ်။ နင် အခု အနားယူနိုင်ပြီ"

ယန်ယဲ့ဟာ ဒီစကားကြောင့် ပိုလို့တောင်
ရှုံးချင်ချင်ဖြစ်သွားလေတော့သည်။

ကြာပွတ်ကိုင်ထားသော အမျိုးသမီးက
ညာခြေကို မြေပြင်တစ်ချက်
ပုတ်လိုက်ပြီးနောက် ၁၀ မီတာအကွာကို
ပြန်ဆုတ်သွားပါသည်။ ထို့နောက်
သူမအကြည့်က ယန်ယဲ့ အပေါ်ကို
ကျရောက်လာပြီး "နင်က ဘယ်သူလဲ"
ဟုပြောလိုက်သည်။

လီမိုကျန်းကတော့ ယန်ယဲ့ကို
သတိထားမိသွားပြီး "အစ်ကိုယန် လား"ဟု
ဝမ်းသာအားရ နှုတ်ဆက်ခဲ့သည်။

သန်မာသောလူသည်
ဆက်လက်တိုက်ခိုက်ခြင်းမပြုပေ။
၎င်း၏အကြည့်များက ယန်ယဲ့ပေါ်သို့
ဆင်းလာကာ သူ့မျက်လုံးထဲ၌
သတိထားနေသည့်အရိပ်အယောင်များ
ပေါ်လာလာခဲ့သည်။
နတ်ဆိုးသားရဲတစ်ကောင်ဟူသော သူ့ဗီဇက

သူ့ရှေ့တွင်ရပ်နေသောလူဟာ လုံးဝကို အန္တရာယ်များကြောင်း ပြောပြနေသည်။

ယန်ယဲ့က လီမိုကျန်းကို ညင်သာစွာ ခေါင်းညိတ်ပြပြီး "မင်းတို့ နှစ်ယောက်စလုံး ဆက်လုပ်လို့ရပြီ"

“ယန်…. ရဲယန်! နင် ...." လီချင်ကျင်း နှင့် ယူဝူရှမ် တို့နှစ်ယောက်လုံး ယန့်ယဲကို ပဟေဠိဆန်သောအမူအရာများဖြင့် စိုက်ကြည့်ကြသည်။ ယန်ယဲ့သည် သူတို့ကို

လက်တစ်ဖက်ငှားဖို့
ငြင်းဆန်နေသည်မဟုတ်ပါလား။

ယန်ယဲ့က သူ့လက်ကိုသာ ငေ့ယမ်းပြီး
ဘာရှင်းပြချက်မှ မပေးခဲ့ပေ။

သူတို့ တစ်ခုခုပြောဖို့ ရည်ရွယ်ထားသော်လည်း
ယန်ယဲ့က သူတို့ကို တစ်ချက်ကြည့်လိုက်ရာ
နှစ်ယောက်လုံး တုန်လှုပ်သွားခဲ့သည်။
ဘာစကားမှထပ်မပြောရဲကြတော့ပေ။

ယန်ယဲ့ မည်မျှကြောက်စရာကောင်းသည်ကို
အခြားသူများမသိသော်လည်း
သူတို့နှစ်ယောက်ကတော့
ကောင်းကောင်းကြီးကို သိထားပေသည်။
သူတို့ရှေ့တွင် ရပ်နေသောလူက
တာအိုအမိန့်တော်တစ်ခုလုံးကိုပင် တိုက်ရိုက်
စိန်ခေါ် ဝံ့သူဖြစ်သည်မဟုတ်ပါလား။

"နင်က အရမ်းကြောက်စရာကောင်းတယ်လို့
ဝူရှွမ်က ပြောပြောနေတာ ကြားတယ်"
ကြာပွတ်ကိုင်ထားသော  အမျိုးသမီးက
ယန်ယဲ့ကို တစ်ချက်စေ့ကြည့်ပြီး

“ကြောက်စရာကောင်းတာလား။ ဒီလောက်
စိတ်ပျက်စရာခွန်အားနဲ့”
ထိုစကားပြောနေရင်းဖြင့် သူမ၏လက်ထဲက
ကြာပွတ်ကို ဝှေ့ယမ်းကာ
သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲ
ဆီသို့ ရိုက်ချလိုက်တော့သည်။

လီမိုကျန်းက ယန်ယဲ့ကို ကြည့်ကာ အသာ
ခေါင်းညိတ်ပြပြီး "အစ်ကိုယန်! ကျေးဇူးပြုပြီး
ချင်ကျင်းကိုဂရုစိုက်ပေးပါ"

စကားပြောပြီးသည်နှင့် လီမိုကျန်း၏ပုံရိပ်က ရှေ့ကိုပေါက်ကွဲလာပြီး နတ်ဆိုးသားရဲဆီသို့ ခုန်ဝင်သွားသည်။

ယန်ယဲ့သည် လူနှစ်ယောက် သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲအား တိုက်ခိုက်နေသည်ကိုကြည့်ရင်း အနည်းငယ်ခေါင်းညိတ်လိုက်သည်။ ပြောစရာမလိုအောင်ပါ၊ ထိုနှစ်ယောက်၏တိုက်ခိုက်ရေးစွမ်းအားကသိပ် မဆိုးလှပေ။ အခြား ပါဝင်သူများမလုပ်နိုင်သော်လည်း

သူတို့နှစ်ယောက်ကတော့

သူတော်စင်တစ်ပိုင်းအဆင့်နတ်ဆိုးသားရဲကို

တိုက်ခိုက်နိုင်သည်။

သူ လက်မငှားလိုက်သည့်

အကြောင်းရင်းမှာလည်း ထိုနှစ်ယောက်က

အဆက်မပြတ်တိုက်ခိုက်နေရင်း ခွန်အားများ

မြင့်တက်လာသည်ကို ခံစားမိသောကြောင့်ပါ။

ဤအခိုက်အတန့်လေးအတိုင်းပါပဲ။

ယန်ယဲ့၏အမြင်အရ မည်သည့်ဖက်မှ

အနိုင်ရသည်ဖြစ်စေ ရှုံးသည်ဖြစ်စေ

နှစ်ဖက်စလုံးက တိုက်ပွဲကနေ

အကျိုးအမြတ်များ သေချာပေါက်ရနိုင်ချေကို ယုံကြည်နေသည်။ ဤအကျိုးအမြတ်က ၎င်းတို့၏ ကျင့်ကြံမှုအတွက်သာ ကန့်သတ်ထားခြင်းမဟုတ်ဘဲ စိတ်အခြေအနေ၊ အတွေ့အကြုံနှင့် အခြားနားလည်မှု အမျိုးမျိုးတို့လည်း ပါဝင်ပါသည်။

၁၀၉၇

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယွဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၉၇ - အားလုံးပေါင်းသင့်တယ်

ဘုန်း!

ရုတ်တရက် လီမိုကျန်း၏ခန္ဓာကိုယ်က
လွင့်ပျံလာကာ မြေပြင်ပေါ်သို့
ပျက်ကျသွားသည်။ သို့သော် သူက ချက်ချင်း
ခုန်ထလိုက်သည့်တိုင် ပါးစပ်ကနေ
သွေးများစီးကျနေဆဲပင်။

"အစ်ကိုကြီး" လီချင်ကျင်း၏မျက်နှာပင်
သွေးဆုတ်ဖြူရော်သွားသည်။ သူမက
ရှေ့ခုန်ထွက်ပြီးတိုက်ခိုက်ဖို့ပြင်လိုက်သော်လ
ည်း ယန်ယဲ့က ချက်ချင်း တားလိုက်လေသည်။

"ငါ့ကိုသွားခွင့်ပြု" လီချင်ကျင်းက ယန်ယဲ့ကို ဒေါ်သတကြီး စိုက်ကြည့်နေသည်။

ယန်ယဲ့က "ဘေးမှာပဲ ငြိမ်ငြိမ်လေးရပ်ပြီးကြည့်နေ"

လီချင်ကျင်းက ဒေါသတကြီးနှင့် "နင့်လက်ကို ဘှားဖို့ ငြင်းနေရင်တောင်မှ နင်ငါ့ကို မကူညီဖို့ ဘယ်လိုစိတ်နဲ့ တားတာလဲ"

ယန်ယဲ့က  "မင်းတို့ တိုက်ပွဲထဲဝင်ပါရင် သူတို့ကို ဒုက္ခပေးသလိုပဲ ဖြစ်လိမ့်မယ်"

လီချင်ကျင်းက ယန်ယဲ့ကို အေးစက်စွာ ကြည့်ပြီး အေးစက်စက်လေသံနှင့် အော်ငေါက်လိုက်သည် "ဒါ နင့်ကိစ္စမဟုတ်ဘူး"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး သူမကို လွှတ်ပေးလိုက်ပါသည် "ဒါဆို သွားလိုက်ပါ"

လီချင်ကျင်းက ယန်ယဲ့ကို အေးစက်စွာ စိုက်ကြည့်ကာ ရှေ့သို့ ခုန်ထွက်ဖို့ပြင်၏။

သို့သော်လည်း ယူဝူရှမ်က သူမကို တားလိုက်သည်။

သူမက “သူပြောတာမှန်တယ်။ နင်ကသူတို့အတွက် ဒုက္ခပဲပေးလိမ့်မယ်"

“ဒါပေမဲ့….” လီချင်ကျင်းက တစ်ခုခုပြောဖို့ ရည်ရွယ်ထားပုံရ၏။

သို့သော်လည်း ယူဝူရှမ်က ခေါင်းကို ခါလိုက်ပြီး "တကယ်တော့ ငါတို့ စိတ်ပူစရာ မလိုပါဘူး။ ငါ့အစ်မနဲ့ နင့်အစ်ကိုကြီးက

အခုအရေးမသာဘူးဆိုပေမဲ့
အသက်အန္တရာယ်တော့ မစိုးရိမ်ရပါဘူး။
ဒါ့အပြင် နင်

သတိမထားမိဘူးလား။ သူတို့နှစ်ယောက်လုံး
အရင်ကထက် ပိုကောင်းတဲ့ အခြေအနေမှာ
ရှိနေတယ်။ အဲဒါက ဘာသက်သေလဲ။ သူတို့ရဲ့
တိုက်ခိုက်ရေးစွမ်းအားတွေသာ
တည်ငြိမ်လာရင် သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲကို
တိုက်ခိုက်နိုင်စွမ်းရှိတယ်ဆိုတာသက်သေပြလို
က်တာပဲ”

ယန်ယဲ့သည် ယူဝူရှမ်ကို စိုက်ကြည့်ကာ
သဘောကျစွာ ခေါင်းညိတ်သည်။ သူမသည်
လွန်ခဲ့သောအတိတ်ကာလနှစ်များက
တင်းရှောက်ယောင် ကဲ့သို့ပင်၊ အတော်လေး
ညဏ်ကောင်းသည်ဟု သူခံစားမိသည်။

လီချင်ကျင်းက တိုက်ပွဲကို
တစ်ချက်ကြည့်လိုက်ရာ
ယူဝူရှမ်ပြောသည့်အတိုင်း
အတိအကျဖြစ်ကြောင်း
သတိပြုမိသောကြောင့် သူမ၏အမူအရာသည်
ချက်ချင်းပင် ပြေလျော့သွားသည်။ သူမက

ယန်ယဲ့ကို ခိုးကြည့်လိုက်သော်လည်း
စကားပြောရန် မဝံ့မရဲ ဖြစ်နေသည်။

တိုက်ပွဲက တဖြည်းဖြည်း
ပြင်းထန်လာသောကြောင့်

ကျောင်းသားများ ပိုများလာကာ ဤနေရာတွင်
လူအုပ်အဖြစ်အအ စုစည်းလာခဲ့ကြသည်။
ရောက်လာသူတိုင်းက လီမိုကျန်း နှင့် ယုဝူကျား
တို့နှစ်ယောက် သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲတစ်ကောင်အား
တိုက်ခိုက်နေသည်ကို တွေ့လိုက်ရသောအခါ
အားလုံး တုန်လှုပ်သွားကြသည်။

"ဒါ လီမိုကျန်း ပဲ။ ဟုတ်တယ်.... လီမိုကျန်း "
ကျောင်းသားအချို့က လီမိုကျန်းကို
အသိအမှတ်ပြုပြီး အလိုအလျောက်
အော်ပြောကြသည်။

"ဘယ်လောက်တောင် သန်မာလဲ။ သူက
ချီးမြှောက်ခြင်းနယ်ပယ်နဲ့တင်
သူတော်စင်တစ်ပိုင်းအဆင့်ကို
တိုက်ခိုက်နိုင်နေပြီ"

"သူ အရင်လောက်တော့ မသန်မာနိုင်တော့ဘူး။
ကောလဟာလတွေအရတော့ သူက နံပါတ်တစ်
ပါရမီရှင်တစ်ယောက်ပါ။ ဒါ့အပြင်
အကယ်ဒမီက သူ့ကို
အပြင်စည်းခြံဝန်းရဲ့တပည့်အဖြစ်
တိုက်ရိုက်ခန့်အပ်ဖို့
ခြွင်းချက်တောင်ထားပေးခဲ့တယ်။ ကံဆိုးစွာနဲ့
သူက တစ်စုံတစ်ဦးရဲ့
အဆိပ်ခတ်လုပ်ကြံတာကို ခံရလို့
ကျင့်ကြံမှုအဆင့် ကျဆင်းသွားခဲ့တယ်။
သာမန်လူတစ်ယောက် ဖြစ်လာလုနီးပါးအထိပဲ။
သူပြန်ကောင်းလာတဲ့အခါ ဒီလောက်ထိ

ကြောက်ဖို့ကောင်းလိမ့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။”

“အဲဒါကို ငါလည်းကြားတယ်။ တကယ်လို့ သူသာ လွန်ခဲ့တဲ့နှစ်တွေမှာ အဆိပ်မမိရင် အခုအချိန်ဆို သိုင်းလောကအထွတ်အထိပ်အဆင့် ဖြစ်နေလောက်ပြီ။ သနားဖို့ကောင်းလိုက်တာ… "

“ဟုတ်တယ်၊ သူ့ဘေးနားက အမျိုးသမီးက ဘယ်သူလဲ။ သူမလည်း သာမာန်မဟုတ်ဘူး...."

"သူမက ယုဝူကျား လေ....၊ သူမက တိုက်ပွဲမဲ့မြို့သခင်ရဲ့သမီးတော် ၃ ပါးထဲက တစ်ပါးလေ"

"ယုကလန်ရဲ့သမီးပျို ၃ ယောက်ထဲမှာ အကြီးဆုံးသမီးပျိုက သူ့ရဲကောင်းဆန်တယ်၊ ဒုတိယသမီးပျိုက ရက်စက်တယ်။ အငယ်ဆုံးသမီးပျိုက သူမတူအောင် ဉာဏ်ရည်ထက်မြက်တယ်။ ... ယုဝူကျား ကတောင် အရမ်းကြောက်စရာကောင်းနေတာဆိုတော့

သူ့ရဲ့အကြီးဆုံးအစ်မက ဘယ်လောက်တောင်ကြောက်စရာကောင်းပါလိမ့်"

“ဟီးဟီး....၊ ယုကလန်ရဲ့သမီးပျို ၃ယောက်လုံးကို တစ်ပြိုင်နက် လက်ထပ်နိုင်ရင်တကယ်ဖြစ်မှာပါ…. ဟီးဟီး….”

…

"ဟေး တစ်ခုခုလုပ်ပေးလို့ရမလား" ယုဝူရှမ်ကရုတ်တရက် ယန်ယွဲ့ကို စေ့စေ့ရှေ့ကြည့်ကာသူ့လက်ကို လှမ်းဆွဲလိုက်သည်။

ယန်ယဲ့က ခေါင်းခါလိုက်၏

“ဆက်ကြည့်နေပါဦး”

ယုဝူရှမ်က  သူ့အစ်မကို

တစ်ချက်ကြည့်လိုက်ပြီး "ငါ့အစ်မ ၂ ယောက်ရဲ့

စိတ်သဘောထားက သိပ်မကောင်းဘူး။

နောင်မှာ နင့်ကိုစော်ကားမိရင် သူ့ကို

ခွင့်လွှတ်နိုင်မလား”

ယန်ယဲ့က ပြုံးကာ "ဒါဆို

မကောင်းတဲ့စိတ်ထားကို ပြင်ပေးရမယ်လေ"

ယုဝူရှမ်၏အမူအရာသည် အနည်းငယ်ပြောင်းလဲသွားပြီး "နင်....နင် သူ့ကို အနိုင်ကျင့်ဝံ့ရင် ငါ့အကြီးဆုံးအစ်မက နင့်ကိုခွင့်လွှတ်မှာမဟုတ်ဘူး"

ယန်ယဲ့က "ဒါဆို ငါ နှစ်ယောက်လုံးကို ပညာသင်ပေးလိုက်မယ်"

“နင်….” ယုဝူရှမ်က သိသိသာသာ ဒေါသထွက်နေသော်လည်း ခဏအကြာတွင် သူမ၏အမူအရာက တည်ငြိမ်လာပြီး

"ငါ့အကြီးဆုံးအစ်မက လှျို့ဝှက်ခြံဝန်းရဲ့ ကျောင်းသူတစ်ယောက်လေ"

ယန်ယဲ့က ရုတ်တရက်ပြောလိုက်သည် "လှျို့ဝှက်ခြံဝန်းက တာအိုလှျို့ဝှက်လမ်းနဲ့ တာအိုအမိန့်စီရင်သူ တွေလောက် အားကောင်းပါ့မလား"

ယုဝူရှမ်၏မျက်နှာသည် ချက်ချင်းပင် အေးခဲသွားသည်။ခဏအကြာတွင် သူမက ယန်ယဲ့၏လက်မောင်းကို ရုတ်တရက်ဆွဲကိုင်လိုက်ပြီး

ချစ်စဖွယ်အသံလေးဖြင့် “ဟေး...၊ နင်က ယောက်ျားလေ။  မိန်းမတွေကို အနိုင်ကျင့်လို့ မရဘူး မဟုတ်လား”

ယန်ယဲ့က "ဒါပေမဲ့ သူမက ငါ့ကို အနိုင်ကျင့်ချင်ရင် ဘယ်လိုလုပ်မလဲ"

ယူဝူရှမ်က သူမ၏အစ်မဖြစ်သူကို တစ်ချက်ကြည့်လိုက်ပြီးနောက် သက်ပြင်းချကာ “ကောင်းပြီ ငါ့ရဲ့ဒုတိယအစ်မက တကယ်ပညာတတ်ဖို့လိုတယ်။ မဟုတ်ရင်

သူ့ကန့်သတ်ချက်တွေကို ဘယ်တော့မှ

သိမှာမဟုတ်ဘူး”

ဒီစကားကို ကြားလိုက်ရာ ယန်ယဲ့က

တဟားဟားရယ်ပြီး သူမခေါင်းလေးကို

ပွတ်သပ်ပေးလိုက်ကာ

"ဘာလို့ စိတ်ပူနေရတာလဲ" သူ့ရှေ့တွင်

ရပ်နေသော ကလေးမလေးအပေါ်

အတော်အတန် သဘောကျမိလေသည်။

ထိုနေ့က ဒီကလေးမလေးသာ မကူညီပါက

သူ့အနေဖြင့် သိုင်းပညာနှလုံးသားမြို့တော်သို့

အချိန်တိုတိုအတွင်း
ပြန်ရောက်နိုင်မှာမဟုတ်ပါ။

ရုတ်တရက် တစ်စုံတစ်ယောက်က
အံ့အားသင့်စွာဖြင့် “ဒါက ဖုန်းဝူချောင်
မဟုတ်လား”

ယန်ယဲ့လည်း တစ်ချက်လှည့်ကြည့်လိုက်ရာ
နောက်မှ လူ ၅၀ ကျော်အုပ်စုနှင့် ဖုန်းဝူချောင်က
သူတို့ဖက်ဖြည်းညင်းစွာ
လျှောက်လာနေသည်ကို မြင်လိုက်ရသည်။

ရှပင်းဝေက ယန်ယဲ့ ကြည့်နေသည်ကို မြင်သောအခါ

မသိစိတ်မှ နောက်သို့ ခြေလှမ်း ၂လှမ်း အလိုလိုဆုတ်သွားမိသည်။ ထို့နောက် ဖုန်းဝူချောင်၏နောက်တွင်အမြန်ပြေးပုန်းနေလိုက်သည်။ ဒီအခြေအနေက ဖုန်းဝူချောင်ကို အတော်လေး မျက်နှာပျက်သွားစေသည်။

မိုရှင်းယု နှင့် ဖုန်းဝူချောင် နံဘေးတွင် ရပ်နေသော ရှေးဟောင်းဓားကျောင်းတော်၏အဖွဲ့ဝင်ကလည်း ယန်ယဲ့ကို စိုက်ကြည့်ကာ သူတို့၏

မျက်လုံးများတွင် လေးနက်ပြီး ကြောက်ရွံ့သော အမူအရာ ရှိနေသည်။

ယန်ယဲ့သည် ဖုန်းဝူချောင် တို့အဖွဲ့ကို တစ်ချက်ကြည့်လိုက်ပြီး သူ့အကြည့်ကို မရုပ်သိမ်းခင် တိုးတိုးလေးပြောလိုက်လေသည် “အဆုံးသတ်ချိန်ရောက်ပြီ”

အုန်း!

"သူ့ကိုသတ်" တစ်ယောက်ယောက်က ကျယ်လောင်စွာအော်ဟစ်လိုက်လေသည်။

“အဲဒီ သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲကောင်ကို သတ်။ အဲဒီ
သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်ပစ်လိုက်
....”

ပတ်ဝန်းကျင်ရှိ လူတိုင်းက
ပို၍ပင်ကျယ်လောင်စွာအော်ဟစ်လာကြသည်။
ဒီအချိန်မှာ လူအင်အား ၂၀၀ ကျော်
ရှိနေသည်ဖြစ်ရာ သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲတစ်ကောင်တည်းသာရှိနေသဖြင့်

လူတိုင်း မကြောက်သည့်အပြင် အလွန်
စိတ်လှုပ်ရှားနေခဲ့သည်။

လူတိုင်းက စိတ်အားတက်ကြွစွာ အော်ဟစ်ရင်း
ရှေ့တက်လာကာ သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲကို စတင်ဝိုင်းရံလိုက်ကြသည်။

"အကယ်ဒမီရဲ့
ကျောင်းသားသစ်စုဆောင်းမှုစမ်းသပ်ပွဲရဲ့
သမိုင်းတစ်လျှောက်မှာ လူ ၃ ယောက်ပဲ
သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲတစ်ကောင်ကို သတ်နိုင်ခဲ့တယ်။

အခု ငါ ၄ ယောက်မြောက်ဖြစ်မယ်"
ယုဝ္ဝူကျားက မျက်နှာကို စိတ်လှုပ်ရှားမှုများ
ဖုံးလွှမ်းသွားကာ သူမ၏ ကြာပွတ်ကို
ဆက်တိုက် ဝှေ့ယမ်းလိုက်သည်။

လီမိုကျန်းက သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲကို စူးစိုက်ကြည့်နေစဉ်တွင်
သူ့မျက်လုံးများက အနည်းငယ် လေးနက်ပြီး
အံ့သြသောအမူအရာများ ပြည့်လာနေသည်။

နတ်ဆိုးသားရဲက သူတို့ကို
တစ်ချက်ကြည့်လိုက်ပြီး ထူးဆန်းသော

အပြိုးကို ထုတ်ဖော်ကာ သူညာခြေနှင့်
မြေပြင်ကို အားကုန်ဆောင့်နင်းပစ်လိုက်သည်။
ထိုအချိန်မှာပဲ ၎င်း၏ခန္ဓာကိုယ်သည်
ချက်ချင်းပင်
အလင်းတန်းတစ်ခုအဖြစ်ပြောင်းလဲကာ
လူတိုင်း၏မြင်ကွင်းရှေ့ကနေ
ပျောက်ကွယ်သွားပါတော့သည်။

"သူထွက်ပြေးတာလား.."

အားလုံး အနည်းငယ် ထိတ်လန့်သွားပြီး နောက်
စတင်ကာ အားပေးကြသည်။

"လူတိုင်း" ရုတ်တရက်
ဖုန်းဝူချောင်၏နောက်ကနေ
အစိမ်းရောင်ဝတ်လူငယ်တစ်ယောက်
ထွက်လာပြီး စကားမစခင် လူအုပ်ကို
တစ်ချက်ကြည့်လိုက်သည် "ငါတို့
အခုလက်ရှိဖြစ်နေတဲ့ အခြေအနေကို
မင်းတို့အားလုံး သိကြမယ်ထင်တယ်။
အကယ်ဒမီကို
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက
တိုက်ခိုက်ခဲ့တယ်။ ပြီးတော့ ဒီတောင်တန်းကို
ရွှေနတ်ဆိုးဝံပုလွေဘုရင်က ပိတ်ဆို့ထားတယ်။

ငါတို့ရဲ့စိတ်အာရုံအသိက ပတ်ဝန်းကျင်မှာရှိတဲ့ ဘယ်အရာကိုမှ အာရုံမခံနိုင်တော့ဘူး။ ဒါ့အပြင် ငါတို့က ပြင်ပကမ္ဘာနဲ့လည်း ဆက်သွယ်လို့မရသေးဘူး။ အခုအချိန်မှာ ငါတို့တွေက အုပ်ချုပ်သူမရှိတဲ့ သီးခြားအင်အားစုတစ်ခုလို ဖြစ်နေတယ်။ ဒီတော့ ငါတို့က ကိုယ့်ကိုကိုယ်ပဲ အားကိုးလို့ရတယ်”

ပတ်ဝန်းကျင်က အခိုက်အတန့်တစ်ခုထိ တိတ်ဆိတ်သွားသော်လည်း တစ်စုံတစ်ယောက်မှ ရုတ်တရက်

ပြန်ပြောလာသည် “ညီအစ်ကို၊ မင်းပြောတာမှန်တယ်။အခုအချိန်မှာ ငါတို့က တိမ်ပင်လယ်မြို့ကို ပြန်နိုင်ဖို့ အတူတူပူးပေါင်းပြီး စည်းစည်းလုံးလုံး လုပ်မှရမယ်"

အခြားတစ်ယောက်ကလည်း “ဒီစကားအမှန်ပဲ။ ငါတို့ အသက်ရှင်ဖို့ တစ်ခုတည်းသောနည်းလမ်းက အချင်းချင်း စည်းလုံးညီညွတ်ရမယ်”

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၉၈ - အကြီးအကဲရှိ

ပြန်ရောက်လာခြင်း

အစိမ်းရောင်ဝတ်လူက ခေါင်းညိတ်ပြီး ပြောသည် " ငါတို့အားလုံး ပူးပေါင်းမှရမယ်လို့ မင်းတို့ပြောတယ်။ ဒါဆို  စည်းလုံးနေဖို့ ခေါင်းဆောင်တစ်ယောက်လိုတယ်ဆိုတာ အားလုံး သိကြမှာ သေချာပါတယ်။ အစ်ကိုဖုန်းက အဲဒီရာထူးကို တာဝန်ယူဖို့ အကြံပေးချင်တယ်"

ဤစကားပြောရင်း အစိမ်းရောင်ဝတ်လူက လက်ကိုအသာဝှေ့ယမ်းလိုက်ရာ သူ့ရှေ့တွင် “ဒါကို မြင်လား။ ဒါက သူတော်စင်တစ်ပိုင်းအဆင့်နတ်ဆိုးသားရဲရဲ့ အမြုတေလေ။ ငါတို့က ညီအစ်ကိုဖုန်းနောက်ကို လိုက်ပြီး သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲကို သတ်နိုင်ခဲ့တယ်"

"သူတော်စင်တစ်ပိုင်းအဆင့်ကို သတ်လိုက်ကြတယ်"

အနီးပတ်ဝန်းကျင်၌ ကျယ်လောင်လှသော ဆူညံသံများ ထွက်ပေါ်လာသည်။ အတော်များများက ဒီမတိုင်ခင်မှာ တော်တော်လေး ချီတုံချတုံ ဖြစ်ခဲ့ကြသော်လည်း "ငါ ညီအစ်ကိုဖုန်းရဲ့နောက်ကို လိုက်ဖို့ ဆန္ဒရှိပါတယ်….” ဟု သစ္စာခံကြောင်းကို ချက်ချင်း ကြေငြာလိုက်ပါတော့သည်။

"ငါလည်းပဲ"

"ငါက…"

အချိန်အနည်းငယ်အတွင်းမှာပင် ဖုန်းဝူချောင်၏ နောက်တွင် လူ ၁၀၀ ကျော် မတ်တပ်ရပ်နေခဲ့သည်။

ဖုန်းဝူချောင်၏ပါးစပ်ထောင့်မှာ အနည်းငယ် အပြုံးတစ်ခု ပေါ်လာပြီး လီမိုကျန်း နှင့် ယုဝူကျား တို့ကို စိုက်ကြည့်ရင်း "မင်းတို့ နှစ်ယောက် ငါနဲ့ ပူးပေါင်းပြီး ငါတို့ ညီအစ်ကိုတွေကို မြို့ကို ပြန်ပို့ဖို့ ဆန္ဒရှိလား ။ စိတ်မပူပါနဲ့၊ မင်းတို့နှစ်ယောက်လုံး ငါနဲ့ တန်းတူ အဆင့်အတန်း ရမှာပါ"

ယုဝူကျားက ထိုစကားကိုကြားသောအခါ
အလွန် ချီတုံချတုံ ဖြစ်နေသော်လည်း
လီမိုကျန်းက ယန်ယွဲ့ကို  စိုက်ကြည့်ကာ
"အစ်ကိုယန်! မင်းရဲ့အစီအစဉ်က ဘာလဲ"

ယန်ယွဲ့က "ငါလည်း မြို့ကိုပြန်တော့မယ်"

"ဒါဆို ချင်ကျင်းနဲ့ ငါ မင်းနဲ့လိုက်ခဲ့မယ်"
လီမိုကျန်းက   "ငါတို့မင်းကို
ဝန်ထုပ်ဝန်ပိုးဖြစ်စေတာကို
မင်းစိတ်မဝင်စားဘူးလို့ ငါမျှော်လင့်ပါတယ်"

ကျယ်လောင်လှသော ဆူညံသံများသည် ပတ်ဝန်းကျင်တစ်ခုလုံး ချက်ချင်းပင် ထွက်ပေါ်လာသည်။

"သူ့ကိုယ်သူ ဝန်ထုပ်ဝန်ပိုးလို့ ခေါ်လိုက်တာလား...

လီမိုကျန်းက သူ့ကိုယ်သူ ဝန်ထုပ်ဝန်ပိုးလို့ခေါ်လိုက်တာလား "

ဤနေရာရှိလူတိုင်း၏အကြည့်များသည် ယန်ယဲ့ ဆီသို့ ချက်ချင်းဆင်းသက်လာပြီး

သူ့ကိုမြင်သောအခါ
မျက်မှောင်ကြုတ်သွားကြသည်။ သူတို့က
ယန်ယဲ့၏ ကျင့်ကြံမှုနှင့် ခွန်အားကို
မမြင်နိုင်သောကြောင့် ဖြစ်သည်။

ယုဝူကျားက ရုတ်တရက်
အေးစက်စွာပြောလိုက်ပြီး "ဘာက သူ့ကို
ဦးဆောင်ဖို့ အရည်အချင်းရှိတာလဲ"

"ဒုတိယအစ်မ" ယုဝူကျားက "ဒီကိုလာ"

"နင်က ဒီကိုလာသင့်တဲ့သူပဲ" ယုဝူကျားက "နင်ဘာလို့ ဒီလူယုတ်မာနဲ့ နီးနေတာလဲ"

"နင် လာမှာလား မလာဘူးလား"
ယုဝူရှမ်၏မျက်နှာသည် တဖြည်းဖြည်းနှင့် ညိုမှိုင်းသွားသည်။ သူမ ငယ်စဉ်ကပင် သူ့ကိုယ်သူ ဆွဲဆောင်မှုရှိသော အသွင်အပြင်ရှိသည်။

ဒီမြင်ကွင်းကို သူမမြင်လိုက်ရချိန်မှာတော့ "ဦမလေး!

ဒီမှာ အစ်မက ဘယ်သူလဲဆိုတာ ပိုသိတာပေါ့။ အခုချက်ချင်း ဒီကိုလာ ဒါမှမဟုတ် နင့်တင်ပါးကောင်းကောင်းရိုက်ပေးမယ်”

ယုဝူရှမ်က အသက်ပြင်းပြင်းရှူလိုက်ပြီး ယန်ယဲ့ကို ပြန်စိုက် ကြည့်ကာ "နင် ကြိုက်သလိုလုပ်တော့..."

ယန်ယဲ့က ခေါင်းခါပြီး "အဲ့ဒါအတွက် ငါ့မှာ အချိန်မရှိဘူး"

စကားပြောနေစဉ် ယန်ယဲ့သည်
စာလိပ်တစ်လိပ်ကို ထုတ်ယူလိုက်သည်။
ထိုစာလိပ်က သူ့အား
နည်းပြရာထူးခန့်အပ်ထားသော
အမိန့်စာလွှာဖြစ်သည်။

ဒီလိုအခြေအနေမျိုးတွင် သူ့နောက်ကို
တလိုတလားလိုက်လာစေဖို့အတွက်
သူ့ကိုယ်ပိုင်အဆင့်အတန်းကို ထုတ်ဖော်ဖို့သာ
တတ်နိုင်တော့၏။ စကားအနည်းငယ်မျှဖြင့်
သူ့နောက်ကို
အားလုံးလိုက်ပါလာဖို့ဆွဲဆောင်နိုင်သည်ဟု
သူ့ကိုယ်သူထင်ရလောက်အောင် မမိုက်မဲခဲ့ပေ။

ယန်ယဲ့က
စာလိပ်ကိုမြှောက်ပြဖို့လုပ်နေချိန်မှာပဲ
အဘိုးအိုတစ်ယောက် ဤနေရာကို
ရုတ်တရက်ရောက်လာကြောင်း
မြင်လိုက်သဖြင့်
စာလိပ်ကိုပြန်သိမ်းလိုက်ပါသည်။

ယန်ယဲ့ လည်း ဒီအဘိုးအိုကို
ကောင်းကောင်းသိနေသည်။ ၎င်းက
အပြင်စည်းခြံဝန်း၏အကြီးအကဲ ရှို ဖြစ်သည်။

"အကြီးအကဲရှိ" အဘိုးအိုကို တွေ့လိုက်ရတော့
ကျောင်းသားအားလုံး
ဝမ်းသာသွားကြသည်။နောက်ဆုံးတွင်
အဘိုးအိုသည် သူတော်စင်တစ်ပိုင်းအဆင့်
ဖြစ်ရာ သူရောက်ရှိလာခြင်းသည်
၎င်းတို့ကယ်တင်ခြင်းခံရမည်ကို
ကိုယ်စားပြုသည်။

လီမိုကျန်း၊ လုံယုရန် နှင့်
အခြားအဖွဲ့ဝင်များလည်း အတူတူပင်။
နောက်ဆုံးတွင်
ဤအကန့်အသတ်မရှိသောတောင်တန်း၌

သူတော်စင်တစ်ပိုင်းအဆင့်
အကြီးအကဲတစ်ဦးရှိနေသဖြင့် သူတို့က
လုံခြုံသည်ဟု ခံစားရသည်။

အကြီးအကဲရှိက လူတိုင်းကို
တစ်ချက်ကြည့်လိုက်ပြီး ခေါင်းညိတ်လိုက်ပြီး
“မင်းတို့အားလုံး ဒီမှာ အတူတူရှိနေကြတာ
အရမ်းကောင်းတယ်။
ရွှေနတ်ဆိုးဝံပုလွေတောင်တန်းက
အကယ်ဒမီကို တိုက်ခိုက်နေတယ်။ ငါက
မင်းတို့အားလုံးကို ကယ်တင်ဖို့ အထူးသဖြင့်
ဒီကိုလာခဲ့တာဆိုတော့ အားလုံး ငါနဲ့လိုက်ခဲ့ကြ"

တစ်ယောက်မှ မေးခွန်းမထုတ်ဘဲ ခေါင်းညိတ်ပြလိုက်ကြသည်။

တစ်ချိန်တည်းမှာပဲ ယန်ယွဲ့က ရုတ်တရက် ပြောလိုက်သည် " ငါတကယ်ကို သိချင်နေတယ်။ ဒီတောင်တန်းတစ်ခုလုံးကို နတ်ဆိုးဘုရင်က ပိတ်ဆို့ထားတယ်။ ဒါကြောင့် မင်းက နတ်ဆိုးဘုရင်နဲ့ ဒီတောင်တန်းမှာရှိတဲ့ တခြား သိုင်းသူတော်စင်တွေကို ရှာမတွေ့အောင် ဒီနေရာရဲ့အာကာသကို ဘယ်လို ဖောက်ထွက်ခဲ့တာလဲ"

ဒီစကားကို ကြားသောအခါ

လူတော်တော်များများက အကြီးအကဲရှီ ကို

ချက်ချင်း စိုက်ကြည့်နေကြသည်။ အထူးသဖြင့်

လီမိုကျန်း၊ ယုဝူရှမ် နှင့် အခြားသူများ။ သူတို့၏

မျက်လုံးများထဲတွင်လည်း အံ့သြပြီး

မေးခွန်းထုတ်လိုသော အကြည့်များ ရှိနေသည်။

အကြီးအကဲရှီက မလှုပ်တော့ဘဲ

လှည့်ကြည့်ကာ ယန်ယွဲ့ကို စိုက်ကြည့်ရင်း

“မင်းက ဘယ်သူလို့ ထင်လဲ။

ငါမင်းကိုဘာလို့ရှင်းပြရမှာလဲ"

ယုဝူရှမ်က ရုတ်တရက် ပြောလိုက်သည် "ဒါဆို
အကြီးအကဲရှီက ငါတို့ကို
ရှင်းပြပေးနိုင်မလား။"

အကြီးအကဲရှီက ယုဝူရှမ်ကို အေးစက်စွာ
ကြည့်လိုက်ပြီး အေးစက်သောလေသံဖြင့်
"မင်းကိုယ်မင်းဘယ်သူလို့ထင်လဲ"

“ဝူရှမ်….” ယုဝူကျားက
တစ်ခုခုပြောချင်သော်လည်း ယုဝူရှမ်က

စကားဖြတ်ပြောလိုက်သည် "နံပါတ် ၂ အစ်မ! နင်က ငါ့ထက် ပိုထက်မြက်တယ်လို့ ထင်လား"

စိတ်ထဲကနေ ကျိန်ဆဲလိုက်ရင်း ယုဝူကျား၏မျက်နှာက မမြင်နိုင်လောက်အောင် ဖြစ်သွားခဲ့သည် "နင် ကိုယ့်အစ်မကို အများသူငှာရှေ့မှာ စော်ကားတာကို ရပ်လိုက်"

ယုဝူရွှမ်က “အစ်မ၊ ဒီအခြေအနေက တော်တော်ထူးဆန်းတယ်။ ဒီကိုလာပါ"

ယုဝူကျား‌က မလှုပ်မယှက်ဖြစ်ကာ ဘာစကားမှပြန်မပြောပေ။ ယုဝူရှမ်က မှုန်ကုပ်ကုပ်ဖြစ်သွားကာ "ငါတို့ရဲ့ အကြီးဆုံးအစ်မပြောတာကို နင်မေ့သွားပြီလား။

အရေးကြီးတဲ့ကိစ္စတွေကြုံလာတဲ့အခါ နင်ငါ့စကားကို နားထောင်ရမယ်”

အကြီးဆုံးအစ်မ ဟူသောစကားသံကိုကြားလိုက်သည့်အခါ ယုဝူကျား၏မျက်နှာသည် ပို၍ပင်ရှုံ့မဲ့လာပါသည်။ သို့သော်လည်း

အချိန်ခဏကြာပြီးနောက်
အသက်ပြင်းပြင်းရှူကာ ယုဝူရှမ် အနား
လျှောက်သွားလိုက်သည်။

ယုဝူရှမ့်က အကြီးအကဲရှီ ကို စိုက်ကြည့်ကာ "
ငါသာ ရွှေနတ်ဆိုးဝံပုလွေဘုရင် ဖြစ်ခဲ့ရင်
အကယ်ဒမီရဲ့ဘယ်သူ့ကိုမှ
တောင်တန်းထဲဝင်ခွင့်ပြုမှာမဟုတ်ဘူး။
အထူးသဖြင့် သူတော်စင်တစ်ပိုင်းအဆင့်နဲ့
အထက်ဆင့်ပညာရှင်တွေပေါ့။
အကြီးအကဲရှီက
အစောကတည်းကရှိနေရင်တော့

ရှင်းပြလို့ရသေးတယ်။ ဒါပေမဲ့ ပြဿနာက အကြီးအကဲရှီ! အကြီးအကဲက အာကာသဟင်းလင်းပြင်ကို ဆုတ်ဖြဲပြီးတော့ ဒီနေရာကိုရောက်လာတာလေ။ ဒါက အာကာသဟင်းလင်းပြင်ကို အားကောင်းတဲ့လှိုင်းတွေရိုက်ခတ်စေမှာပဲ။ ဒါဆို ရွှေနတ်ဆိုးဝံပုလွေတောင်တန်းရဲ ပညာရှင်တွေကို ဒီစွမ်းအင်လှုပ်ခတ်မှုကို သတိမပြုမိတာဖြစ်နိုင်လား"

လူများစွာသည် ယုဝူရှမ် ပြောလိုက်သည့် စကားကြောင့် အကြီးအကဲရှီ ကို

ချက်ချင်းကြည့်ကြသည်။ဤတစ်ကြိမ်မှာတော့
သူတို့၏အကြည့်တော်တော်များများဟာ
သတိထားနေသည့် အရိပ်အယောင်များ
သယ်ဆောင်လာကြပါသည်။

အကြီးအကဲရှိက ခဏမျှ တိတ်ဆိတ်သွားသည်။
ထို့နောက်တွင် သူက ရုတ်တရက် ရယ်မောကာ
"တိုက်ပွဲမဲ့မြို့ရဲ့တတိယသမီးပျိုက
ထူးခြားဆန်းကြယ်တဲ့
ပါရမီရှင်တစ်ယောက်ဆိုတာ ငါကြားဖူးတယ်။
မင်းဟာ တကယ်ပဲ
မင်းရဲ့ဂုဏ်သိက္ခာနဲ့ထိုက်တန်တယ်။

ဒီလိုဆိုမှတော့ အပိုစကားတွေ ပြောမနေတော့ဘူး။ မင်းတို့အားလုံးက ပါရမီရှင်တွေကြားထဲက ပါရမီရှင်တွေမို့ အားလုံး ဒီအတိုင်းသေသွားတာ ငါတကယ်ကို သည်းမခံနိုင်ဘူး။ ဒါကြောင့် မင်းတို့အသက်ကို ကယ်ချင်တယ်"

ဤစကား ပြောပြီးသည်နှင့် သူ့အပေါ်ဝတ်ရုံကို ရုတ်တရက် ချွတ်လိုက်ရာ အောက်၌ တိမ်ဖြူရောင်ဝတ်ရုံရှည်တစ်ထည် ရှိသေး၏။ ထို့အပြင် ဝတ်ရုံ၏ ဘယ်ဖက်ရင်အုံပေါ်တွင် တိမ်အနည်းငယ် ရှိနေသည်။

"ကောင်းကင်ဘုံနတ်ဘုရားခန်းမ"
တစ်စုံတစ်ဦးက ဤမြင်ကွင်းကိုမြင်ပြီး
အကြီးအကဲရှိကို လက်ညှိုးထိုးကာ "မင်း…
မင်းက ကောင်းကင်ဘုံနတ်ဘုရားခန်းမကနေ
လာတာပဲ"

အကြီးအကဲရှိက လူတိုင်းကို
တစ်ချက်ကြည့်လိုက်ပြီး "အသက်ရှူချိန်ကို
မဖြုန်းချင်ဘူး။ အားလုံးကို အသက်ရှင်ခွင့်
ပေးမယ်။ မင်းတို့ ငါ့ရဲ့
ကောင်းကင်ဘုံနတ်ဘုရားခန်းမထဲဝင်ဖို့

ဆန္ဒရှိနေသရွေ့ အသက်ရှင်နေမဲ့အပြင်
နတ်ဘုရားသခင်က မင်းတို့ကို
ကောင်းကောင်းကြီးပြုစုပျိုးထောင်ပေးလိမ့်မ
ယ်။ ပြင်းရင် ဟဲဟဲ…
။ဘယ်လိုအကျိုးဆက်တွေဖြစ်လာမလဲဆိုတာ
အားလုံးသိထားသင့်ပါတယ်…”

ယုဝူရှမ်က "ဒီတစ်ခါ အကယ်ဒမီကို
တိုက်ခိုက်တဲ့အထဲမှာ
ရွှေနတ်ဆိုးဝံပုလွေဘုရင်တောင်တန်း
တင်မဟုတ်ဘဲ ကောင်းကင်ဘုံနတ်ဘုရားခန်းမ
ပါ ပါနေတာကိုး"

အကြီးအကဲရှီ က သူ့လက်ကို ဝှေ့ယမ်းပြီး “ဒီလို အမိုက်ပွါယ်မဲ့ အရာတွေအကြောင်း မပြောနဲ့။ အခု ငါ့ရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမမှာ ပါဝင်ချင်တဲ့ သူတွေ ငါ့နောက်မှာ ရပ်တည်နိုင်တယ်”

အားလုံး တိတ်ဆိတ်နေပြီး မည်သူမျှ မလှုပ်ရဲကြပေ။

အကြီးအကဲရှီက အေးစက်စွာရယ်မောပြီး “အကယ်ဒမီက မင်းတို့အားလုံးကို

ကယ်တင်မယ်လို့ ထင်လား။
အဆင်အခြင်မဲ့မနေပါနဲ့။ အကယ်ဒမီက အခု
သူ့ကိုယ်သူတောင် မကာကွယ်နိုင်တာ၊
မင်းတို့ကိုဘယ်လိုကာကွယ်ပေးမလဲ။
မင်းတို့အားလုံးမှာ သဘာဝအတိုင်း
အရည်အချင်းနဲ့ အလားအလာတွေရှိတယ်။
အသက်ရှင်နိုင်ရင်
အားလုံးကကြီးကျယ်ခမ်းနားတဲ့ အရာတွေကို
ပြီးမြောက်လိမ့်မယ်။ ဒီတော့ မင်းတို့အားလုံး
စဉ်းစားသင့်တယ်”

ယန်ယဲ့က ငြိမ်ငြိမ်သာ ကြည့်နေလိုက်သည်။
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို ပါဝင်ဖို့
လူမည်မျှရွေးချယ်မည်ကိုသူကြည့်ချင်မိသည်။

ပတ်ဝန်းကျင်သည် ခဏတာ
တိတ်ဆိတ်သွားပြီးနောက်
တစ်စုံတစ်ယောက်က အကြီးအကဲရှီ၏
နံဘေးသို့ လျှောက်သွားသည်။
ပထမတစ်ယောက်ပြီးသည်နှင့်
ဒုတိယတစ်ခုရှိကာ သိပ်မကြာလိုက်ပေ၊
အကြီးအကဲရှီ၏နောက်တွင် လူ ၁၀၀
ကျော်လောက် ရပ်နေခဲ့သည်။

၁၀၉၉

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၀၉၉ - သတ်ဖြတ်ခြင်း

အကြီးအကဲရှိ၏အကြည့်များသည် ဖုန်းဝူချောင်၊ လီမိုကျန်း၊ မိုရှင်းယု၊ ယုဝူကျား၊ ယုဝူရွှမ် နှင့် ဤနေရာရှိလူအုပ်ထဲမှ အားအကောင်းဆုံးလူများကို ကြည့်ကာ

"မင်းတို့အားလုံးက ဒီနှစ်မှာ အထူးချွန်ဆုံး ကျောင်းသားတွေပါ။

တိမ်ပင်လယ်အကယ်ဒမီကို အသာထားဦး၊

မင်းတို့က

ငါ့ရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမမှာဆိုရင်

တောင် ရှားရှားပါးပါး

ပါရမီရှင်တွေပါဖြစ်နေတုန်းပဲ။မင်းတို့

ငါ့ရဲ့ကောင်းကင်ဘုံနတ်ဘုရားခန်းမထဲဝင်ဖို့

ဆန္ဒရှိနေသရွေ့နတ်ဘုရားခန်းမက

မင်းတို့အားလုံးကို ပြုစုပျိုးထောင်ပေးဖို့

အရင်းအမြစ်တွေ

အများကြီးထောက်ပံ့မယ်ဆိုတာ

ငါအာမခံတယ်"

လီမိုကျန်းက ခေါင်းယမ်းကာ စကားတစ်ခွန်းမှ မပြောပေ။ သူက ယန်ယွဲ့၏နံဘေးကို လျှောက်သွားပြီး မတ်တပ်ရပ်လိုက်သည်။ တစ်ဖက်တွင် ယုဝူကျား လည်း ရွေးချယ်စရာမရှိပေ။ အကြောင်းမှာ ယုဝူရှမ်က သူမကို စကားပြောခွင့်မပေးဘဲ ယန်ယွဲ့၏နံဘေးကို တရကြမ်းဆွဲခေါ်လာပြီး အေးစက်စက်စိုက်ကြည့်နေသောကြောင့်ပင်။ ဤတစ်ကြိမ်မှာတော့ ကလေးမလေးက အလွန်အလေးအနက်ထားနေသဖြင့် ယုဝူကျား သည်ပင် မဆန့်ကျင်ဝံ့တော့ပေ။

“ငါက ရှေးဟောင်းဓားကျောင်းတော်ရဲ့
တပည့်လေ။
တခြားဂိုဏ်းနဲ့ ဘယ်လိုပူးပေါင်းနိုင်မှာလဲ"
ရှေးဟောင်းဓားကျောင်းတော်မှ
အစိမ်းရောင်ဝတ်လူသည်လည်း
ခေါင်းယမ်းကာ ယန်ယွဲ့ ဖက်သို့
လျှောက်သွားသည်။

နေရာ၌ လူ ၁၀၀ ကျော် ကျန်ခဲ့သော်လည်း
မကြာခင်မှာပင် အများအပြားက ယန်ယွဲ့
ဖက်သို့ လျှောက်သွားခဲ့ကြသည်။ ယန်ယွဲ့က
အံ့သြသွားမိသည်။ အမှန်တော့

အကြီးအကဲရှိက သူတော်စင်တစ်ပိုင်းအဆင့်
မဟုတ်လား။ ထို့ကြောင့်
သူတို့၏ဆုံးဖြတ်ချက်က
သူတော်စင်တစ်ပိုင်းအဆင့် နှင့် ညီမျှပေသည်။

သို့သော် သူနားလည်သဘောပေါက်ရန်
အချိန်သိပ်မကြာလိုက်ပါ။ သူတို့ထဲက
အတော်များများဟာ
ရှေးဟောင်းဓားကျောင်းတော်၏တပည့်များ
ကဲ့သို့ပင်။ သူတို့၏အထောက်အထားကြောင့်
ကောင်းကင်ဘုံနတ်ဘုရားခန်းမက
အလေးအနက်ထားပါမည်လော။ ထို့အပြင်

အများအပြားက ကိုယ့်ကိုယ်ကို
ဂုဏ်ယူကြသည်။ အကယ်၍ ၎င်းတို့သည်
ဒီလိုအခြေအနေမျိုးတွင်
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ဝင်လိုက်ပါက လေးစားမှုနှင့်
အသိအမှတ်ပြုမှုကို မည်သို့ရရှိနိုင်မည်နည်း။

သူတို့ရှေ့မှ သူတော်စင်တစ်ပိုင်းအဆင့်
အတွက်တော့ ဘေးတွင် လီမိုကျန်း နှင့်
ယုဝူကျား တို့ရှိနေသည်ဖြစ်ရာ လူတိုင်း
သိပ်မကြောက်ကြပေ။

အကြီးအကဲရှီ၏မျက်နှာသည် အုံ့မှိုင်းလာပြီး ဖုန်းဝူချောင်တို့အဖွဲ့ကို စိုက်ကြည့်လိုက်သည်။ ရှပင်းဝေက အကြီးအကဲရှီကို တစ်ချက်ကြည့်လိုက်ပြီး "ဝမ်းကွဲအစ်ကို၊ ဘာလို့... ငါတို့က ကောင်းကင်ဘုံနတ်ဘုရားခန်းမကို မဝင်ကြတာလဲ"

ဖုန်းဝူချောင်က သူ့ခေါင်းကို ခါယမ်းလိုက်ပြီး “ငါ အခု အကယ်ဒမီရဲ့ ကျောင်းသားတစ်ယောက်အဖြစ် သတ်မှတ်ခံထားရပြီ။ အကယ်ဒမီကို

သစ္စာဖောက်ပြီး
ကောင်းကင်ဘုံနတ်ဘုရားခန်းမထဲ ဝင်လိုက်ရင်
ငါ့ကိုယ်ငါတောင် အထင်သေးမိမှာပဲ"

စကားပြောနေရင်းဖြင့် ယန်ယွဲ့အနားကို
လျှောက်သွားလိုက်သည်။
ရှပင်းဝေက အံ့ကြိတ်ကာ သူ့နောက်သို့
အမြန်လိုက်သွားသည်။

"ငါ ကောင်းကင်ဘုံနတ်ဘုရားခန်းမထဲဝင်ဖို့
ဆန္ဒရှိတယ်" နောက်ဆုံးရွေးချယ်သူ မိုရှင်းယုက
သူမ၏ ဆုံးဖြတ်ချက်ကို ကြေငြာပြီး

အကြီးအကဲရှိ၏ အနားသို့ ချက်ချင်း လျှောက်သွားသည်။

ယခုအချိန်တွင် ယန်ယဲ့၏ဘေးနား၌ လူပေါင်း ၁၅၀ ဝန်းကျင်ရှိပြီး အကြီးအကဲရှိ အနားမှာတော့ လူ ၁၆၀ လောက်ရှိနေသည်။

"မင်းတို့အားလုံး တကယ်သေချာရဲ့လား" အကြီးအကဲရှိက ယန်ယဲ့တို့အဖွဲ့ကို မှုန်ကုပ်ကုပ်ကြည့်ကာ "ဒါ မင်းရဲ့နောက်ဆုံးအခွင့်အရေးပဲ"

ထိုအခိုက် ယန်ယွဲ့သည် ရှေ့သို့
ခြေတစ်လှမ်းတိုးကာ အကြီးအကဲရှိ၏
နောက်ကွယ်မှ အဖွဲ့ကို စိုက်ကြည့်ကာ
“မင်းတို့အားလုံးကို တူညီတဲ့ မေးခွန်းတစ်ခုပဲ
မေးချင်တယ်။ အားလုံးသေချာရဲ့လား?
ဟုတ်တယ်၊ ဒါက မင်းတို့ရဲ့
နောက်ဆုံးအခွင့်အရေးပဲ။ ဒီအခွင့်အရေးကို
လွတ်သွားခဲ့ရင် နောင်မှာ
မင်းတို့ရဲ့ဆုံးဖြတ်ချက်ကို နောင်တရဖို့
အခွင့်အရေးရှိမှာ မဟုတ်ပါဘူး။ ငါ အခု
အလေးအနက် ပြောနေတယ်"

"ကလေး၊ ငါမင်းကိုသတ်ချင်နေတာကြာပြီ
မင်းသိလား" အကြီးအကဲရှိက ရုတ်တရက်
ပြင်းထန်စွာပြောခဲ့သည် “ကံမကောင်းစွာပဲ၊
စောစောက ငါ့မှာ သင့်တော်တဲ့ အခွင့်အရေး
မရခဲ့ဘူး။ အခု အကယ်ဒမီရဲ့
သိုင်းသူတော်စင်တွေက
ဒီမှာဘာတွေဖြစ်နေတယ်ဆိုတာကို
မတွေ့နိုင်တော့လို့ မင်းကို ဘယ်သူက
ကယ်တင်နိုင်မလဲဆိုတာ ကြည့်ပါရစေ”

စကားပြောနေစဉ်တွင် အကြီးအကဲရှိက
ယန်ယဲ့နောက်တွင်ရပ်နေသော အခြားသူများကို

တစ်ချက်ကြည့်လိုက်ပြီး "သတ်ပစ်လိုက်ပါ။ ငါ့ရဲ့ ကောင်းကင်ဘုံနတ်ဘုရားခန်းမမှာ မင်းတို့ရဲ့သစ္စာစောင့်သိမှုကို ကြေငြာဖို့ သူတို့အားလုံးရဲ့သွေးကိုသုံးဖို့ လိုတယ်"

အကြီးအကဲရှီ၏နောက်ကွယ်တွင် ရပ်နေသော မည်သူမျှ မလှုပ်ဝံ့ပေ။ နောက်ဆုံးတွင် တစ်ဖက်အဖွဲ့က လီမိုကျန်း၊ ယုဝူကျား နှင့် ဖုန်းဝူချောင် တို့ရှိနေသည်မဟုတ်လား။

အကြီးအကဲရှီက လီမိုကျန်း၊ ဖုန်းဝူချောင် နှင့် ယုဝူကျား တို့ကို လက်ညှိုးထိုးပြပြီး “သူတို့ကို

ငါ့အတွက်ထားခဲ့။ ကျန်တာအကုန်လုံး
သတ်ပစ်လိုက်ကြ"

ထိုစကားကို ကြားလိုက်ရာ
အကြီးအကဲရှီ၏နောက်မှ လူအုပ်က
ချက်ချင်းပင် ယုံကြည်မှုအပြည့်နှင့်
ယန်ယဲ့တို့အဖွဲ့ကို တိုက်ခိုက်လိုက်ကြသည်။

တစ်ချိန်တည်းတွင်
အကြီးအကဲရှီ၏အကြည့်များသည်
ယန်ယဲ့ပေါ်သို့ ဆင်းသက်လာပြီး

“မင်းရဲ့အကြည့်ကို ငါ မခံနိုင်တာကြာပြီ။ သေစမ်း…"

ထိုစကားပြောပြီးသည်နှင့် သူ့လက်နှစ်ဖက်ကို ယန်ယွဲ့ ထံဦးတည်ပြီး ဆုပ်ကိုင်လိုက်ရာ ယန်ယွဲ့၏ဘေးနှစ်ဖက်ရှိ အာကာသဟင်းလင်းပြင်က ချက်ချင်းပင် ကျုံ့လာခဲ့သည်။

ယန်ယွဲ့က အေးစက်စွာရယ်မောပြီးနောက် ဟာကျူလီယံနဂါးဓားကို ထုတ်ကာ တစ်ချက်ယမ်းလိုက်သည်။ ဓားအလင်းက ရှေ့

သို့ ပေါက်ကွဲလာပြီး အကြီးအကဲရှိ ထံသို့
ပြေးဝင်သွားသည်။ တစ်ချိန်တည်းမှာပင်
ယန်ယဲ့၏ခန္ဓာကိုယ်က တဖျပ်ဖျပ်ခပ်လာပြီး
အကြီးအကဲရှိ ရှေ့သို့
ချက်ခြင်းရောက်လာသည်။ အကြီးအကဲရှိက
ထိတ်လန့်သွားပြီး
ကမန်းကတန်းတုံ့ပြန်လိုက်၏။ သို့သော်လည်း
ဟာကျူလီယံနဂါးဓားက
အကြီးအကဲရှိ၏လည်ပင်းကို တိခနဲ
ဖြတ်တောက်သွားခဲ့လေသည်။

ဤမြင်ကွင်းကိုမြင်သောအခါ
ဤနေရာရှိလူတိုင်း
အံ့အားသင့်သွာကြတော့သည်။ ထိုအထဲတွင်
အကြီးအကဲရှီလည်း ပါသည်။
ဤအခိုက်အတန့်တွင် သူက လုံး၀
မှင်တက်သွားသည်။

“မင်း….” အကြီးအကဲ ရှီက
စကားစလုဆဲဆဲပါ။ သို့သော်
စကားပင်မဆုံးသေး၊ ယန်ယဲ့သည်
ဟာကျူလီယံနဂါးဓားကို

နောက်ပြန်ရုတ်လိုက်ရာအကြီးအကဲရှိ၏ခေါင်း
က လေထဲကို ပျံတက်သွားခဲ့သည်။

ဤနေရာရှိ လူတိုင်း၏စိတ်ထဲတွင်
နှလုံးသားများ ကွဲကြေသွားသကဲ့သို့ ပြင်းထန်စွာ
တုန်လှုပ်သွားကြလေသည်။

"သူတော်စင်တစ်ပိုင်းအဆင့်ကို
တစ်ချက်တည်းနဲ့ သတ်လိုက်တယ်..."

ယုဝူရွှမ် ပင်လျှင် အချိန်တော်တော်ကြာမှသာ
သတိပြန်ဝင်လာ၏။ သူမက

ယန်ယွဲ့အနားတိုးကပ်သွားကာ အစောပိုင်းက
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ရွေးချယ်ခဲ့သော လူအုပ်အား လှမ်းကြည့်ရင်းနှင့်
"သူတို့နဲ့ ငါတို့ ဘာလုပ်သင့်လဲ"
ဟုမေးလိုက်သည်။

"အားလုံးကိုသတ်ပစ်လိုက်"
ထိုစကားသာပြောလိုက်ပြီး
ယန်ယွဲ့ကိုယ်တိုင်လည်း
ဟာကျူလီယံနဂါးဓားကို ဝှေ့ယမ်းပြီး
လူအုပ်ထံသို့ခုန်ဝင်သွားတော့သည်။

တိမ်ပင်လယ်အကယ်ဒမီကို သစ္စာဖောက်ပြီး
ကောင်းကင်ဘုံနတ်ဘုရားခန်းမကို
ရွေးချယ်လိုက်ပြီးကတည်းက အားလုံး
ယန်ယဲ့၏ရန်သူများအဖြစ်
သတ်မှတ်ခံရပြီးဖြစ်သည်။

ယန်ယဲ့အတွက် သူ့ရန်သူများကို
မည်သည့်သနားညှာတာမှုမျှ မလိုအပ်ပါ။

ဟာကျူလီယံနဂါးဓားကို တစ်ချက်အဝှေ့
လူတစ်ဒါဇင်ကျော်သည် ချက်ချင်း
သေဆုံးသွားခဲ့လေသည်။

ဤမြင်ကွင်းကြောင့်
အကယ်ဒမီကိုသစ္စာဖောက်ပြီး
ထိတ်လန့်တုန်လှုပ်နေသော လူများသာမကဘဲ
ယန်ယဲ့၏နောက်မှ လူအုပ်ပင်လျှင်
အလွန်တုန်လှုပ်သွားခဲ့သည်။ အားလုံး
ယန်ယဲ့ကို အလွန်အမင်းကြောက်ရွံ့သွားကာ
သူတို့၏မျက်လုံးများတွင်
ကြောက်လန့်နေသော အမူအရာများအပြည့်နှင့်
စိုက်ကြည့်နေကြသည်။

အထူးသဖြင့် ရှုပင်းဝေ ပါ။
သူမ၏ဝမ်းကွဲအစ်ကို ဖုန်းဝူချောင်ကို
တင်းကျပ်စွာပွေ့ဖက်ထားသည်။ ဖုန်းဝူချောင်
ပင်လျှင် မျက်လုံးထဲ ကြောက်ရွံ့မှုနှင့်
လေးနက်မှုတို့ ပြည့်နှက်နေခဲ့သည်။

ယန်ယဲ့ကို နီးနီးကပ်ကပ်ပြောဆိုနေသော
ယုဝူရှမ် သည်လည်း ကြောက်ရွံ့မှုအပြည့်ဖြင့်
ငေးကြည့်နေမိသည် ။

သန်မာသောအခါ
ကြောက်စရာမဟုတ်သော်လည်း သန်မာပြီး

ရက်စက်ကြမ်းကြုတ်ပါက
အလွန်ပင်ကြောက်စရာကောင်း၏။
ထိုယန်ယဲ့က
လုံးဝကိုကြောက်စရာကောင်းသည်။

"အား.." အကယ်ဒမီကို သစ္စာဖောက်ခဲ့သော
အဖွဲ့ဝင်အချို့က နောက်ဆုံးတွင်
ထိတ်လန့်နေရာက သတိပြန်ဝင်လာကြသည်။
အားလုံး အထိတ်တလန့်အော်ဟစ်ကာ
ပတ်ဝန်းကျင် ဆီသို့ ရူးသွပ်စွာ
ထွက်ပြေးကြသည်။

လူတိုင်း တုန်လှုပ်ချောက်ချားနေရာမှ
သတိပြန်ဝင်လာချိန်တွင် အားလုံး
ခြွင်းချက်မရှိဘဲ ရှုံးသွပ်စွာ
လှည့်ထွက်ပြေးဖို့သာ ရွေးချယ်ခဲ့ကြသည်။

ယန်ယဲ့က သူတို့နောက်ကို လိုက်ဖို့
မရည်ရွယ်ခဲ့ပါ။ သူ့နောက်မှ လူအုပ်စုကို
လှည့်ကြည့်လိုက်ပြီး "အခုကစလို့ အားလုံး
ငါ့နောက်ကိုလိုက်ပြီး ငါ့အမိန့်ကို နာခံရမယ်။
ကန့်ကွက်ချင်တဲ့သူရှိလား"

“နှင်….” ယုဝူကျားက ယန်ယဲ့၏အမိန့်အာဏာသံကို ကြားလိုက်ရသောအခါတွင် ချက်ချင်း မကျေမနပ်ဖြစ်ကာ အော်ဟစ်လိုက်သည်။

သို့သော်လည်း ဟာကျူလီယံနဂါးဓားက သူမ၏ မျက်ခုံးလယ်တည့်တည့်သို့ ရောက်လာကာ စကားတစ်ပိုင်းတစ်စနှင့်ရပ်သွားရသည်။ ဟာကျူလီယံနဂါးဓားက အရေပြားထဲနစ်ဝင်သွားကာ ယုဝူကျား၏နဖူးမှ သွေးများ စီးကျလာပြီး

သူမ၏လှပသောမျက်နှာကို
ဖုံးအုပ်သွားစေသည်။

“ကန့်ကွက်တာ ရှိ၊ မရှိ ပြောတာပဲ ရှိတယ်”
ယန်ယဲ့က သူမကို ဘာမှမထူးခြားစွာ
စိုက်ကြည့်နေသည်။

လူတိုင်း အလိုလို
နောက်ပြန်ဆုတ်သွားမိကြသည်။
ဤတစ်ကြိမ်မှာတော့ ယန်ယဲ့ကို
ကြည့်နေသောသူတို့အကြည့်ထဲ၌
ကြောက်ရွံ့ရုံတင်မကဘဲ

ကြောက်လန့်တကြားအမူအရာများပါ
အပြည့်ပါဝင်နေသည်။

ယုဝူကျား လည်း အနည်းငယ်
ထိတ်လန့်သွားသည်။ သူမရှေ့တွင်
ရပ်နေသောလူက သူမကို
တိုက်ခိုက်လိမ့်မည်ဟု မမျှော်လင့်ထားဘဲ
ဤကဲ့သို့
ရက်စက်ကြမ်းကြုတ်စွာပြုမူလိမ့်မည်ဟုပင်
မထင်ထားပေ။

သူမက
အမြဲတမ်းမာနကြီးသူတစ်ယောက်ဖြစ်ရာ

ယန်ယဲ့၏စိတ်သဘောထားနှင့်

ကြီးစိုးသောလုပ်ရပ်များကို မြင်ပြီး

ဒေါသတကြီးဖြစ်လာသည်။ သူမက

ဒေါသတကြီးနဲ့ အော်လိုက်သည် "ငါ

ပြင်းပြင်းထန်ထန် ကန့်ကွက်တယ်"

၁၁၀၀

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၀၀ - နတ်ဆိုးသားရဲစစ်တပ်

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

ထိုအချိန်တွင် ယုဝ္ဂူရှမ်က ယန်ယဲ့ရှေ့၌

ရုတ်တရက် ရပ်လိုက်သည်။ သူမ

စကားမပြောဘဲ ယန်ယဲ့ကိုသာ

ငေးကြည့်နေမိသည်။

ယန်ယဲ့က သူ့ဓားကို မရုတ်သိမ်းခင် ယုဝ္ဂူရှမ်ကို

ခဏလောက် တစ်ချက်ကြည့်လိုက်ပြီး

ကျန်လူများကိုကြည့်လိုက်ကာ

"တိမ်ပင်လယ်မြို့ကို ပြန်သွားကြမယ်။ မင်းတို့

ငါ့နောက်ကို လိုက်ချင်ရင် အားလုံးကို

ငါပြန်ပို့ပေးနိုင်တယ်။ ဒါပေမဲ့ မင်းတို့ ငါ့အမိန့်ကို

နာခံရမယ်။ ကန့်ကွက်တာ ဒါမှမဟုတ် စိတ်မဝင်စားရင် အခုချက်ချင်းထွက်သွားကြ"

ဒီစကားကို ကြားသောအခါ လီမိုကျန်း၊ လီချင်ကျင်း၊ လုံယုရန် နှင့် အခြားလူများက ယန်ယဲ့ ထံသို့ ချက်ချင်း လျှောက်သွားကြသည်။ လီမိုကျန်း နှင့် လီချင်ကျင်းတို့က ယန်ယဲ့၏အစစ်အမှန်စွမ်းအားကို သဘာဝအတိုင်း ယုံကြည်ကြသည်။ နောက်ဆုံးတွင် သူတို့က ယန်ယဲ့၏ စစ်မှန်သောခွန်အားနှင့်

ကိုယ်ပိုင်အဆင့်အတန်းကို
သိထားကြသည်မဟုတ်ပါလား။

တစ်ဖက်တွင် လုံယုရန် နှင့် အခြားသူများက
လမ်းတစ်လျှောက်လုံး ယန်ယွဲ့
ထုတ်ဖော်ပြသခဲ့သောခွန်အားကြောင့်
ယန်ယွဲ့ကို ယုံကြည်ကြသည်။

အချိန်အတော်ကြာပြီးနောက်
လူအတော်များများက ယန်ယွဲ့၏နောက်တွင်
ရပ်နေလိုက်ကြသည်။

ယန်ယဲ့သည်

ရက်စက်ကြမ်းကြုတ်သည်ဟုထင်ရသော်လ

ည်း သူ၏ခွန်အားက သူတို့အတွက်

သံသယဝင်စရာမရှိ လုံခြုံသည်မှာ

သေချာသည်။ ထို့ကြောင့် သူတို့ဟာ

တိမ်ပင်လယ်အကယ်ဒမီကို ပြန်လိုပါက

ယန်ယဲ့၏နောက်ကနေ လိုက်ပါဖို့

ရွေးချယ်ခြင်းသည်သာ

အကောင်းဆုံးဖြစ်နိုင်ပေသည်။

သိပ်မကြာခင်မှာပဲ ယန်ယဲ့၏နောက်တွင် လူ

၁၀၀ ကျော် ရပ်နေပြီး သူ့ရှေ့မှာတော့

လူအနည်းငယ်သာ  ရပ်နေခဲ့သည်။
ထိုလူအနည်းငယ်က ယုဝ္ဝကျား၊ ယုဝ္ဝရွမ်၊
ဖုန်းဝူချောင်၊ ရှပင်းဝေ နှင့်
ရှေးဟောင်းဓားကျောင်းတော်မှ
အစိမ်းရောင်ဝတ်ဓားသမားတို့ဖြစ်ကြသည်။

"အားလုံးသေချာလား" ယန်ယဲ့က
သူတို့ပြောနေတာကို တစ်ချက်ကြည့်လိုက်၏။
သူ၏ ရည်ရွယ်ချက်မှာ သူတို့ကို ကယ်တင်ရန်
ဖြစ်သော်လည်း မလိုလားပါက သူနှင့်အတူ
လိုက်ပါဖို့လုံးဝ
အတင်းအကြပ်ဖိအားပေးလိုခြင်းမရှိပေ။

ဖုန်းဝူချောင်က အချိန်တော်တော်ကြာသည်ထိ
တိတ်ဆိတ်နေပြီးနောက် ရှပင်းဝေကို
တစ်ချက်ကြည့်လိုက်ပြီး "ငါတို့
မင်းနဲ့လိုက်ခဲ့မယ်"

စကားပြောနေစဉ် ရှပင်းဝေ၏လက်ကိုဆွဲကာ
ယန်ယဲ့နောက်သို့ လျှောက်သွားခဲ့ကြသည်၊
ဒီအချိန်မှာ ယန်ယဲ့ရှေ့၌
ယုညီအစ်မနှစ်ယောက်သာ ရပ်နေခဲ့သည်။

"ဟိုမှာ ငါနဲ့လိုက်ခဲ့" ယုဝူရှမ်က
ယန်ယဲ့၏လက်ကိုဆွဲလိုက်ပြီး ယန်ယဲ့ဆီသို့
လျှောက်လာဖို့ ရည်ရွယ်လိုက်သည်။
သို့သော်လည်း ယုဝူကျားက ယုဝူရှမ်း
ကိုင်ထားသောလက်ကို ဆွဲဖြုတ်လိုက်ပြီး
"နင့်ခေါင်းပြတ်ချင်ရင် အဲဒီကို သွားလိုက်ပါ။
ငါသူမရှိရင်တောင် အေးအေးဆေးဆေး
ပြန်သွားနိုင်သေးတယ်"

ယန်ယဲ့သည် ယုဝူကျား ထံ ရုတ်တရက်
လျှောက်လာပြီး "မင်း အရိုက်ခံချင်တာလား"

ယုဝူကျားက လက်ဖဝါးကို လှန်လိုက်ရာ သူမ၏လက်နှစ်ဖက်တွင် လက်အိတ်တစ်စုံ ပေါ်လာသည်။ သူမက ယန်ယဲ့ကို အေးစက်စွာကြည့်ကာ "နင့်ကို ငါရှုံးမယ်လို့တောင် မထင်နဲ့။ အလစ်အငိုက်ဖမ်းပြီး မတိုက်ခိုက်ရင် စောစောကလို အောင်မြင်မယ်လို့ ထင်လား"

ယုဝူရှမ်က အသက်ပြင်းပြင်းရှူလိုက်ပြီး ယန်ယဲ့ကို  စိုက်ကြည့်ကာ "မှတ်လောက်သားလောက်အောင် ရိုက်ပေးပါ၊ ဟုတ်ပြီလား"

"နင်က ဘယ်လိုလုပ်ပြီး
အပြင်လူနဲ့ပေါင်းနေတာလဲ" ယုဝူကျားက
ဒေါသထွက်သွားသည်။

"ဟမ့်...၊ နင်သာ သေလမ်းရှာနေတာလေ"
ယုဝူရှမ်က အေးစက်စက် ပြောပြီးသည့်နောက်
ယုဝူကျားကို ဂရုမစိုက်တော့ဘဲ
တစ်ဖက်လှောက်သွားကာ ယန်ယွဲ့၏
နောက်တွင် ရပ်လိုက်သည်။

ယန်ယဲ့က ယုဝူကျားကို ကြည့်ပြီး " ယုဝူရှမ်သာ မဟုတ်ရင် ငါ မင်းကို တကယ် ဂရုမစိုက်ဘူး " ဟုပြောလိုက်သည်။

သူစကားပြောနေစဉ် ရှေ့ကိုတစ်လှမ်းတိုးကာ ယုဝူကျား ရှေ့သို့ ချက်ချင်းရောက်လာသည်။ ယုဝူကျားက အံ့သြသွားသော်လည်း ချက်ချင်းပင် တုံ့ပြန်လိုက်ပြီး သူမ၏ကြာပွတ်ရှည်က ရှေ့ကို ရိုက်ချလာသည်။

ကြာပွတ်ရှည်က အာကာသပြင်ကို ထိုးခွဲကာ
လေထုသည်ပင် တဝုန်းဝုန်း
ပေါက်ကွဲသွားသည်။

သို့သော် ရုတ်တရက်ဆိုသလို
သူမ၏မျက်လုံးများက
ပေါက်ထွက်မတတ်ပြူးကျယ်သွားရသည်။
ယုဝူကျား သာမကပေ၊ ပတ်ဝန်းကျင်မှ
လူတိုင်းပင်လျှင် မျက်လုံးများ
ပြူးကျယ်သွားကြသည်။

သူတို့၏ မျက်လုံးများသည်
တုန်လှုပ်ချောက်ချားမှုနှင့်
မယုံကြည်နိုင်မှုတို့ဖြင့် ပြည့်နှက်နေသည်။

အဘယ်ကြောင့်ဆိုသော်
ယုဝူကျား၏ကြာပွတ်က ယန်ယွဲ့လက်ထဲ
ဖမ်းဆုပ်ခံထားရသောကြောင့်ပါ။

ဒီအချိန်မှာပဲ ယန်ယွဲ့က
အေးစက်စက်ပြောလိုက်၏

"မင်းကို တိုက်ခိုက်တာဟာ တကယ်တော့
လုံးဝကို အဓိပ္ပါယ်မဲ့တယ်။ ဒါ့အပြင်

အဲလိုလုပ်တာက
ငါ့ကိုယ်ငါအရှက်ခွဲသလိုခံစားမိစေတယ်။
ဘာလို့လဲဆိုတော့ မင်းက အားနည်းလွန်းလို့ပဲ"

သူစကားပြောပြီးသည်နှင့် ယန်ယွဲ့၏လက်က
ရိပ်ခနဲလှုပ်ရှားသွားပြီး
ယုဝူကျား၏လည်ပင်းကိုဖမ်းချုပ်ထားလိုက်သ
ည်။

ယုဝူကျား၏မျက်နှာသည် ချက်ချင်း
ခရမ်းရောင်ပြောင်းသွားသော်လည်း
ယန်ယွဲ့သည် သူမကို

ချက်ချင်းလွှတ်ပေးလိုက်ကာ
သူရပ်နေသည့်နေရာကို ပြန်သွားခဲ့သည်။

ယန်ယဲ့က "တွေ့လား။ ငါလိမ်တာမဟုတ်ဘူး...
ဟုတ်တယ်မလား"

"ဘယ်သူလဲ...နင်က အတိအကျ ဘယ်သူလဲ"
ယုဝူကျားက ယန်ယဲ့ကို စိုက်ကြည့်နေသည်။
ဒီအချိန်မှာတော့ သူမ
တိုက်ခိုက်ချင်စိတ်မရှိတော့ပေ။
အကြောင်းအရင်းမှာ

သူမရှေ့တွင်ရပ်နေသောလူ၏ခွန်အားက သူမ
တတ်နိုင်သောအရာမဟုတ်လို့ပါ။

"မင်းဘယ်သူလဲဆိုတာ ငါလည်း သိချင်တယ်"
ရုတ်တရက် အဝေးမှ အသံတစ်သံ
ထွက်ပေါ်လာသည်။

ဤနေရာရှိ လူတိုင်း၏အမူအရာများ
ပြောင်းလဲသွားပြီး အသံလာရာဆီသို့
လှမ်းကြည့်လိုက်ကြသည်။

ထိုအခါ တစ္ဆေမျက်နှာဖုံးဝတ်ဆင်ထားသည့် အမျိုးသားတစ်ဦးက ၎င်းတို့နှင့် မီတာ ၃၀၀ အကွာ၌ ရုတ်တရက် ပေါ်လာသည်ကို တွေ့လိုက်ရသည်။ ထို့အပြင် ၎င်း၏နောက်တွင်လည်း ထောင်ချီသောမျက်လုံးများက နက်ပြာရောင်အလင်းတန်းများ တောက်ပနေသည်ကို မြင်တွေ့ရသည်။

ထိုမျက်လုံးပိုင်ရှင်များက ဝံပုလွေတစ်အုပ်ဖြစ်ပြီး အားလုံးကလည်း သိုင်းကောရာဇ်အဆင့် နတ်ဆိုးဝံပုလွေများပင်။

ဒီမြင်ကွင်းကို မြင်လိုက်ရသောအခါ
လူတိုင်း၏အမူအရာသည်
တစ်ဖန်ပြောင်းသွားသည်။

ယန်ယဲ့သည်
တစ္ဆေမျက်နှာဖုံးစွပ်ထားသည့်လူကို
ဂရုမစိုက်ဘဲ လုံယုရန်ကို ကြည့်ကာ
"လုံကလေး! ငါတို့က
မြို့နဲ့ ဘယ်လောက်ဝေးသေးလဲ"

လုံယုရန်က မပြောခင် လေးလေးနက်နက် စဉ်းစားပြီး "ငါတို့ အရှိန်နဲ့ သွားရင်တော့ အနည်းဆုံး ၃ ရက်လောက်ပဲ ကြာမယ်"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး "ဒါဆို သူတို့ကို မြို့ဆီ ပို့ပေးပါ"

လုံယုရန်က တိုးညှင်းစွာ ပြောလိုက်သည် "နင်ကော

ဘယ်လိုလဲ"

ယန်ယဲ့က "ငါ မကြာခင် လိုက်လာမယ်"

လုံယုရန်က ယန်ယဲ့ကို
တစ်ချက်စိုက်ကြည့်ပြီးနောက် သူမ၏ပုံရိပ်ဟာ
အဝေးဆီသို့ တောက်ပသွားသည်
။ယန်ယဲ့၏နောက်ကွယ်မှ
အခြားလူများကလည်း ခဏကြာ
တုံ့ဆိုင်းနေပြီးမှ သူမနောက်သို့
အမြန်လိုက်သွားကြသည်။

သူတို့ ဆက်နေလျှင်ပင် ယန်ယဲ့ကို
ဝန်ထုပ်ဝန်ပိုးဖြစ်ရုံအပြင်

လုံးဝအထောက်အကူမဖြစ်နိုင်ကြောင်း
အားလုံး သူတို့ကောင်းကောင်းသိထားသည်။

"မင်းတို့ထဲက တစ်ယောက်မှ မထွက်နိုင်ဘူး"
မျက်နှာဖုံးစွပ်လူ ပြောပြီးသည်နှင့်
တောအုပ်ထဲမှ ခြေသံများ
တဝုန်းဝုန်းမြည်ဟီးလာကာ အတွင်းပိုင်းကနေ
မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများ
ခုန်ထွက်လာပြီး လုံယူရန် နှင့် အခြားလူများကို
ဝိုင်းရံလိုက်ကြသည်။

အရေအတွက် (၁၀၀၀) ကျော်ရှိပြီး အားလုံးက သိုင်းကေရာဇ်အဆင့်တွင် ရှိနေကြသည်။ ထို့အပြင်၊ အဖွဲ့ကို ဦးဆောင်လာသူက လီမိုကျန်း၊ ယုဝူကျန်း တို့နှင့်တိုက်ခိုက်ခဲ့သော သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲဖြစ်နေလေသည်။

“မင်းတို့အားလုံးကို တစ်ယောက်ပြီးတစ်ယောက် လိုက်ရှာဖို့က အချိန်ဖြုန်းနေတာ အမှန်ပဲ။ အခု မင်းတို့အားလုံး ပေါင်းစည်းပြီးပြီ၊ ငါ နည်းနည်းပဲ အားထုတ်စရာလိုတယ်" ထို

သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲက အေးစက်စွာ ရယ်မောလိုက်သည်။

"ဟုတ်လား" ယန်ယွဲ့၏အသံသည် ရုတ်တရက် ထွက်လာကာ ထို သူတော်စင်တစ်ပိုင်းအဆင့်ရှေ့တွင် ပေါ်လာခဲ့သည်။ တစ်ချိန်တည်းမှာပင် ဟာကျူလီယံနဂါးဓားက တောင်ကြီးတစ်လုံးအလား ၎င်းဆီသို့ ခုတ်ပိုင်းချသွားသည်။

ဟာကျူလီယံနဂါးခေါင်းအတွင်းပါရှိသော
ကြောက်မက်ဖွယ်စွမ်းအားကို
သတိပြုမိသောအခါ ထိုလူ၏မျက်နှာသည်
ချက်ချင်းပင် တုန်လှုပ်သွားသည်။

သို့သော်လည်း ယန်ယွဲ့၏အရှိန်သည်
အမှန်တကယ်ပင် လျင်မြန်လွန်းသောကြောင့်
ရှောင်တိမ်းနိုင်စွမ်းမရှိတော့ပေ။ ထို့ကြောင့်
သူ၏လက်သီးများကို
တင်းတင်းကြပ်ကြပ်ဆုပ်ကာ
ဟာကျူလီယံနဂါးခေါင်းနှင့်
ဆိုင်ထိုးချလိုက်သည်။

အုန်း!

သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲ၏လက်များ
အပိုင်းပိုင်းကွဲထွက်သွားကာ
ကြီးမားသောပေါက်ကွဲသံတစ်ခု
ထွက်ပေါ်လာခဲ့သည်။

နတ်ဆိုးသားရဲက ထိတ်လန့်သွားပြီး ၎င်းက ၁
ကီလိုမီတာအကွာသို့
နောက်ပြန်လွင့်ထွက်လာခဲ့သည်။

“သတ်” ထိုအချိန်တွင်
မျက်နှာဖုံးစွပ်လူ၏အသံသည် ရုတ်တရက်
ထွက်ပေါ်လာသည်။

အားဝူး!

မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများ
တညီတညွတ်တည်း အူလိုက်ကာ
ယန်ယဲ့နှင့်အဖွဲ့ကို
ရူးသွပ်စွာ ပြေးဝင်တိုက်ခိုက်လိုက်ကြသည်။

သိုင်းကောရာဇ်အဆင့် နတ်ဆိုးဝံပုလွေ ထောင်ချီ ဝိုင်းရံတိုက်ခိုက်လာသည်ဖြစ်ရာ မည်မျှ ကြောက်စရာကောင်းသနည်း။

ဤနေရာ၌ ရှိနေသူတိုင်းက ထိပ်တန်းပါရမီရှင်များဖြစ်ကြသည်။ လက်တွေ့အားဖြင့် အားလုံးက အဆင့်ကျော်တိုက်ခိုက်နိုင်သော ပါရမီရှင်များပင်။ သို့သော် လည်း ဤအခိုက်အတန့်တွင် ၎င်းတို့၏ အားသာချက်များကြားမှ ကွာဟချက်က ကြီးမားသောကြောင့် သူတို့၏ နှလုံးသားထဲတွင်

စွမ်းအားမဲ့သောခံစားချက်များ
ပေါ်လာကြသည်။

ရုတ်တရက် ယန်ယွဲ့က သူတို့ရှေ့တွင်ပေါ်လာပြီး
"ငါ့နောက်လိုက်ပြီး
ငါတို့လမ်းရှေ့ပိတ်ရပ်နေတဲ့သူတွေကို သတ်
လိုက်"

စကားပြောပြီးသည်နှင့်
ဟာကျူလီယံနဂါးဓားက
စူးရှသောအလင်းရောင်များ တောက်ပလာပြီး
ရှေ့ကိုပိုင်းချသွားသည်။

ဖောင်း!

ချက်ချင်းပင် ဒါဇင်ချီသော နတ်ဆိုးသားရဲများ အသားတစ်ပုံအဖြစ် ပြောင်းလဲသွားသည်။

ဤမြင်ကွင်းကို မြင်လိုက်ရသောအခါ လူတိုင်း ရင်ထဲကနေ တိုက်ပွဲဝင်လိုစိတ်များ ချက်ချင်း ပေါက်ကွဲထွက်လာတော့သည်။

“သတ်” အားလုံး ယန်ယဲ့နောက်ကနေ လိုက်ပါလာကာ

အပြင်းထန်ဆုံးတိုက်ခိုက်မှုများကို
ထုတ်ဖော်လိုက်ကြသည်။

ဤသို့ဖြင့် လူတိုင်း
ယန်ယဲ့၏ဦးဆောင်မှုအောက်ကနေ
တိမ်ပင်လယ်မြို့
သွားရာလမ်းတစ်လျှောက်သတ်ဖြတ်လိုက်ကြ
သည်။

၁၁၀၁

Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး

# အပိုင်း ၁၁၀၁ - ပြင်းထန်သောတိုက်ပွဲ

လူတိုင်း သူတို့ရှေ့က အတားအဆီးအားလုံးကို ဖြတ်ကျော်ပြီးသည့်တိုင် သူတို့ရောက်နေသည့်နေရာဟာ ထူထပ်သော နတ်ဆိုးဝံပုလွေများသာ ရှိနေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် နတ်ဆိုးဝံပုလွေများပတ်ဝန်းကျင်၌ ပိုများလာသောကြောင့် ဖြစ်သည်။ ထို့အပြင် သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲများလည်း တစ်စတစ်စ ထွက်ပေါ်လာခဲ့၏။ ယန်ယွဲ့သည်

သူတော်စင်တစ်ပိုင်းအဆင့်
နတ်ဆိုးသားရဲများကို
ဒိုင်ခံသတ်ဖြတ်နေသော်လည်း
လူအနည်းငယ်က သေဆုံးသွားရဆဲပင်။

"အားလုံး နီးနီးကပ်ကပ်နေပါ။ လူမကွဲစေနဲ့။
အတူတူပေါင်းတိုက်ခိုက်....၊
ယန်ယွဲ့နောက်ကနေ ကပ်လိုက်ကြ" ယူဝူရှမ်က
ရုတ်တရက် အော်ဟစ်လိုက်သည်။

အားလုံး လျင်မြန်စွာ တညီတညွတ်တည်း
လှုပ်ရှားသွားကြပြီး လူ ၁၀၀ ကျော်က

ချက်ချင်းပင် ထုလုံးရှည်ပုံသဏ္ဍာန်အဖြစ်
ဖြစ်ပေါ်လာကြသည်။

သိပ်မကြာလိုက်ပေ၊ လူအုပ်ကြီးက
တောထဲမှထွက်လာပြီးနောက်
လွင်ပြင်ကျယ်သို့ရောက်လာကြသည်။
သို့သော်လည်း
လွင်ပြင်ကျယ်သို့ရောက်လာသောအခါ
သူတို့၏ခြေလှမ်းများသည်
ချက်ချင်းနှေးကွေးသွားပြီး လူတိုင်း
မျက်လုံးထဲတွင် တိုက်ပွဲဝင်လိုစိတ်နှင့်
မျှော်လင့်ချက်တို့ နှစ်ခုလုံး

ပျောက်ကွယ်သွားခဲ့သည်။
သူတို့၏မျက်လုံးထဲ၌
စိတ်ပျက်အားငယ်မှုတို့သာ မြင်နိုင်သည်။

အဘယ်ကြောင့်ဆိုသော် ၎င်းတို့နှင့် ၁
ကီလိုမီတာအကွာတွင် အဆုံးအစမဲ့သော
နတ်ဆိုးသားရဲပင်လယ်ကြီး
ရှိနေသောကြောင့်ပင်။

သောင်းနှင့်ချီရှိနေပြီး အများစုမှာ
ချီးမြှောက်ခြင်းနယ်ပယ် နှင့်

သိုင်းကျောင်အဆင့် နတ်ဆိုးသားရဲများ ဖြစ်ကြသည်။

ဤမြင်ကွင်းကို မြင်လိုက်သောအခါ ယန်ယဲ့၏ မျက်လုံးများတွင် ရက်စက်ကြမ်းကြုတ်မှုများ တဖျပ်ဖျပ် တောက်ပလာခဲ့သည်။ "အားလုံး သတ်ကြ..."

စကားပြောပြီးသည်နှင့် ယန်ယဲ့သည် ညာခြေကို မြေပြင်တစ်ချက်နင်းကာ တန်ပြန်အားယူပြီး ခုန်ထွက်လိုက်သည်။ တစ်ချိန်တည်းမှာပင်

သူ့ခန္ဓာကိုယ်ထဲမှ အလင်းတန်း ၁၀၀ ကျော် ထွက်ပေါ်လာသည်။

ဓားစွမ်းအင်အလင်းတန်း ၁၀၀ ကျော်က ကောင်းကင်သို့ ပစ်လွှတ်လိုက်ပြီးနောက် ကောင်းကင်တစ်ခုလုံး ပြိုကျလုနီးပါးပင်ဖြစ်သွားခဲ့သည်။

ပတ်ဝန်းကျင်သည် ခဏတာတိတ်ဆိတ်နေပြီးနောက် ဓား ၁၀၀ ကျော်က နတ်ဆိုးဝံပုလွေပင်လယ် ထဲသို့ တိုက်ရိုက်ကျဆင်းသွားခဲ့သည်။

ဘောင်း!

ဓားအလင်းတန်း ၁၀၀
ကျော်ဆင်းလာသည်နှင့်တစ်ပြိုင်နက်
ကြောက်မက်ဖွယ်ရာ ဓားစွမ်းအင်များ
ဖြာထွက်လာပြီး နတ်ဆိုးဝံပုလွေ ၁၀၀၀
ကျော်ကို အသားတုံးများအဖြစ်
ချက်ချင်းပြောင်းလဲပစ်လိုက်သည်။

ယန်ယဲ့၏ထိန်းချုပ်မှုဖြင့် ဓားများက
အသက်ရှင်နေသည့်အလား

အဆက်မပြတ်ရွှေ့လျားနေလေသည်။
နာကျင်သော အောင်ပြီးသံများ
ပွဲတင်ထပ်နေချိန်တွင် အလင်းတန်းများက
ပုံစံမျိုးစုံဖြင့် ထွက်ပေါ်လာသည်။

"အဲဒါက ဓားသမားလား၊ ဓားပညာရှင်လား"
ယုဝူကျား၏ မျက်လုံးများသည်
ထိတ်လန့်မှုအပြည့်နှင့်ပါ။ သူမတင်မကပါ၊
ပတ်ဝန်းကျင်မှ လူတိုင်းလည်း အတူတူပင်။
အထူးသဖြင့် ရှေးဟောင်းဓားကျောင်းတော်မှ
အစိမ်းရောင်ဝတ်ဓားသမား ပါ။
ဤအခိုက်အတန့်တွင် ယန်ယဲ့သည်

သူ၏ခံစားစိတ်ဆန္ဒ နှင့်ပတ်သက်၍
ချဲ့ကားပြောဆိုခြင်းမဟုတ်ကြောင်း
နောက်ဆုံးတွင် သဘောပေါက်လိုက်သည်။
အမှန်တကယ်ပင် သူ၏ခံစားစိတ်ဆန္ဒက
မလုံလောက်ပါ။ သို့မဟုတ်၊ လုံးဝကို
အားနည်းသည်ဟု ဆိုရပေမည်။

"သတ်" နောက်ကွယ်ကနေ
ယုဝူရှမ်၏အသံသည် ရုတ်တရက်
ထွက်ပေါ်လာသည်။

ထိုစကားကိုကြားလိုက်သောအခါတွင် အဖွဲ့ထဲမှ
တိုက်ပွဲဝင်လိုက်စိတ်များဟယာ တဖန်
တောက်လောင်လာကာ မြေပြင်ပေါ်သို့
ပြန်ဆင်းလာမည့် ယန်ယဲ့၏နောက်မှ
အရှိန်ပြင်းပြင်းနှင့် လိုက်ပါသွားကြသည်။

အာဝူး....!

နတ်ဆိုးသားရဲပင်လယ်ကြီးမှ ဝံပုလွေအုသံများ
ထွက်ပေါ်လာပြီးနောက်
နတ်ဆိုးဝံပုလွေများအားလုံး

တစ်ညီတစ်ညွတ်တည်း အူလိုက်ကာ
ယန်ယဲ့ဆီသို့ပြေးဝင်လာကြသည်။

တညီတညွတ်တည်း ရှူးသွပ်စွာ
ပြေးတက်လာနေသော နတ်ဆိုးဝံပုလွေ
ထောင်ချီ၏ အော်ရာက
အလွန်ပင်ကြောက်စရာကောင်းလှသည်။

သို့သော်လည်း ယန်ယဲ့တစ်ယောက်တည်း
ထိုကြောက်မက်ဖွယ်ရာ
အော်ရာများကိုလုံးလုံးလျားလျား
ပိတ်ဆို့ထားသောကြောင့် အားလုံး
အတန်အသင့် စိတ်သက်သာရာရသွားကြသည်။

ယန်ယဲ့ဟာ နတ်ဆိုးဝံပုလွေပင်လယ်ကြီးရှေ့
ရပ်နေပြီး သူတို့၏အရှိန်အဝါနှင့်ဖိအားကို
တစ်ကိုယ်တည်းခုခံပေးထားကြောင်း
မြင်လိုက်ချိန်တွင် လူတိုင်း၏မျက်လုံးထဲ၌
လေးစားမှု အရိပ်အယောင်များ တဖြည်းဖြည်း
ပေါ်လာခဲ့သည်။

သိပ်မကြာပေ၊ လူတိုင်းက
မာန်သွင်းကြုံးဝါးကာ နတ်ဆိုးဝံပုလွေအုပ်ထဲသို့
တရကြမ်းတိုက်ခိုက်လိုက်ကြတော့သည်။

သူတို့လှုပ်ရှားလိုက်သည်နှင့် သမုဒ္ဒရာထဲမှ
အနက်ရောင်အစက်ပြောက်လေးများအဖြစ်
ချက်ချင်းပြောင်းသွားကြသည်။
ပတ်ဝန်းကျင်တွင် နတ်ဆိုးဝံပုလွေများ
များပြားနေပြီး
တစ်စတစ်စတိုးလာသောကြောင့်ပါ။ ထို့ကြောင့်
လူတိုင်းဟာ တောအုပ်ထဲမှ
မြက်ပင်များကဲ့သို့ပင်။

လူတိုင်းသည် နတ်ဆိုးဝံပုလွေပင်လယ်အတွင်း
နစ်မြုပ်သွားသော်လည်း ယန်ယဲ့၏ဓားများဆီမှ
အကာအကွယ်ဖြင့် ရှေ့တိုးလာကာ လမ်းကို

ဖွင့်ပေးနေကြသည်။ ဒီအချိန်မှာ
နတ်ဆိုးသားရဲထောင်ချီရှိနေသည့်တိုင်
မည်သူမျှ ယန်ယဲ့ကို မတားဆီးနိုင်ပါ။

"ဘယ်လိုလူသားလဲ! မင်းတို့က
ငါ့ကိုအတင်းဖိအားပေးနေတာပဲ" ရုတ်တရက်
အေးစက်စက်အသံတစ်သံ
ထွက်ပေါ်လာပြီးနောက် ၎င်းတို့ပတ်ဝန်းကျင်ရှိ
နတ်ဆိုးဝံပုလွေများသည် တိုက်ခိုက်နေသည်ကို
ချက်ချင်းရပ်တန့်ကာ
နောက်ပြန်ဆုတ်သွားခဲ့သည်။ ထို့နောက်
ယန်ယဲ့ရှေ့တွင် ပိတ်ဆို့နေသော

နတ်ဆိုးဝံပုလွေများက ဘေးဖယ်ကာ
လမ်းကြောင်းတစ်ခုကို ဖန်တီးလိုက်ကြသည်။

ဒီအချိန်မှာ သူတို့ရှေ့တွင်
လူလတ်ပိုင်းအမျိုးသားတစ်ဦးသည်
ပေါ်လာခဲ့သည်။

"အဆင့်မြင့် သူတော်စင်တစ်ပိုင်းအဆင့်..."

လူလတ်ပိုင်းအမျိုးသားကို မြင်သောအခါ
ယန်ယဲ့၏ မျက်လုံးများသည် အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ ယန်ယဲ့၏နောက်တွင်

ရပ်နေသော လူတိုင်းသည်လည်း ခြေလှမ်းများ
အနည်းငယ် နှေးကွေးသွားကာ
မျက်နှာအမူအရာသိသိသာသာ
ပြောင်းလဲသွားသည်။

"မရပ်နဲ့! အရှိန်မြှင့်” ဒီအချိန်မှာပဲ
ယန်ယွဲ့၏အသံသည် လူတိုင်း၏နားထဲ
ပဲ့တင်ထပ်လာခဲ့သည်။

အားလုံးသည် ထိုစကားကိုကြားသောအခါ
ယန်ယွဲ့ဖက်သို့ လှမ်းကြည့်ကြပြီး
သူတို့၏မျက်လုံးများအတွင်းမှ

တိုက်ပွဲဝင်လိုစိတ်များ တဖန်
တောက်လောင်လာသည်။

"အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်က
ဘာမှမဟုတ်ဘူး။ ရှေ့ဆက်သတ်ကြ"
သတ်ဖြတ်ခြင်းတွင် နစ်မြုပ်သွားသည့်အလား
ဟောင်ရှူအိုင်က ရှေ့ကိုပြေးတက်လာရင်း
ဒေါသတကြီး အော်ဟစ်လိုက်သည်။

"အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်က
ဘာမှကြောက်စရာမကောင်းဘူး။ သတ်ပစ်!
သတ်!!!"

“သတ်….”

ဒီအချိန်မှာ သူတို့၏တိုက်ပွဲက အထွတ်အထိပ်ကို ရောက်နေပါပြီ။ သူတို့ဟာ အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် နှင့် မယှဉ်ကြောင်း သိသော်လည်း ယန်ယွဲ့က ဂရုမစိုက်ကြောင်း မြင်လိုက်ရာ ခန္ဓာကိုယ်ထဲမှ သွေးများပင် ဆူပွက်လာခဲ့သည်။ အားလုံးက အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် ကိုပင် အာရုံမထားတော့ဘဲ တရကြမ်းတိုက်ခိုက်လိုက်ကြသည်။

"အရာမထင်တဲ့ကြိုးစားမှုပဲ"
လူလတ်ပိုင်းအမျိုးသား၏ ပါးစပ်ထောင့်တွင်
လှောင်ပြောင်သံတစ်ခု ထွက်ပေါ်လာသည်။
သူက ရှေ့ကို ခြေတစ်လှမ်းတိုးကာ
ညာလက်ကိုဆန့်ထုတ်ပြီး အဝေးမှ ယန်ယဲ့
ဆီသို့ ဆုပ်ကိုင်လိုက်သည်။

ဘုန်း!

၁ ကီလိုမီတာကျော်ရှည်လျားသော
ရောမနတ်ဆိုးဝံပုလွေလက်သည်းကြီးက

အာကာသဟင်းလင်းပြင်ကို ဖြတ်၍
ယန်ယဲ့နှင့်လူတိုင်း အပေါ် ရိုက်ချလာခဲ့သည်။

နတ်ဆိုးဝံပုလွေလက်သည်းကြီးကနေ
ထွက်ပေါ်နေသော စွမ်းအင်သည်
အလွန်ကြောက်စရာကောင်းသည်။
သူတို့အထက် လေထဲ၌ ပေါ်လာသည့်အခါ
သူတို့ပတ်ဝန်းကျင်က ချက်ချင်းတုန်ခါလာပြီး
အောက်မြေပြင်သည် ကွဲအက်စပြုလာကြောင်း
သတိထားမိကြသည်။

ရောမနတ်ဆိုးဝံပုလွေလက်သည်းကြီး ကျဆင်းလာသည်ကို မြင်လိုက်ရာ ယန်ယဲ့နောက်မှ လူတိုင်း၏မျက်လုံးများတွင် စိတ်ပျက်လက်ပျက် အမူအရာများပေါ်လာပြန် သည်။

နောက်ဆုံးတွင် ထိုတိုက်ခိုက်မှုက သူတို့ခံနိုင်စွမ်းသောအရာမဟုတ်ခဲ့ပေ။

"မရပ်နဲ့.... အရှိန်မြှင့်စမ်း" ထိုအချိန်တွင် ယန်ယဲ့၏အသံသည် တဖန်

ကျယ်လောင်လာပြီး
စူးရှသောဓားအူသံကြီးထွက်ပေါ်လာခဲ့သည်။

အားလုံး ခေါင်းမော့ကြည့်လိုက်ရာ
ယန်ယွဲ့၏လက်က လှုပ်သွားပြီး
ကောင်းကင်အထက် အလင်းတန်းကြီးတစ်ခု
ပြေးတက်သွားကာ ဟာကျူလီယံနဂါးဓားက
ရောမနတ်ဆိုးဝံပုလွေလက်သည်းကြီးအား
ခုတ်ပိုင်းချလိုက်ကြောင်း တွေ့လိုက်ရသည်။
တစ်ချိန်တည်းမှာပင်
ရောမနတ်ဆိုးဝံပုလွေလက်သည်းကြီးမှ
ထွက်လာသော ဖိအားကလည်း ထူးဆန်းစွာပင်

ပျောက်ကွယ်သွားလေ၏။ ထို့အပြင် အဆင့်နိမ့်
နတ်ဆိုးသားရဲများအားလုံး မြေပြင်ပေါ်
ပြားပြားဝပ်လျက် လဲကျသွားကြသည်။

"ဓား... ဓားစိတ်ဆန္ဒ။ ကောင်းကင်အဆင့် ၃
ဓားစိတ်ဆန္ဒ "

ယန်ယွဲ့၏ဓားစိတ်ဆန္ဒကို
မြင်တွေ့လိုက်သောအခါ ဤနေရာမှ လူတိုင်း
ထိတ်လန့်သွားပြီး
ဝမ်းသာမဆုံးခင်တုန်လှုပ်သွားကြသည်။

ဘောင်း!

ဟာကျူလီယံနဂါးဓားက
ရောမနတ်ဆိုးဝံပုလွေလက်သည်းကြီးကို
ပိုင်းချသွားကာ ကောင်းကင်ယံတစ်ခုလုံး
ပြင်းထန်စွာ တုန်လှုပ်သွားပြီး
အပိုင်းပိုင်းပေါက်ကွဲထွက်သွားခဲ့သည်။

“အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်က
ဘာမှလည်းမဟုတ်ပါလား။ သတ်..."
တစ်စုံတစ်ဦးက
ဤမြင်ကွင်းကိုတွေ့မြင်သောအခါ
ကျယ်လောင်စွာအော်ဟစ်လိုက်လေသည်။

လူတိုင်း တိုက်ပွဲဝင်လိုစိတ်များ
မြင့်တက်လာကာ ခန္ဓာကိုယ်တစ်ခုလုံးမှ
သွေးများဆူပွက်လာသည်ကို ခံစားခဲ့ရသည်။

လူလတ်ပိုင်းအမျိုးသားက သူ့တိုက်ခိုက်မှု
ဖျက်ဆီးခံလိုက်ရသည်ကို မြင်သောအခါ
သူ့မျက်လုံးထဲ ရက်စက်ကြမ်းကြုတ်သော
အမူအရာ ပေါ်လာသည်။

ထိုအချိန်တွင် ယန်ယွဲ့သည်
၎င်း၏အထက်လေထဲသို့

ရောက်ရှိလာပြီး

အလင်းတန်းတစ်ခုလင်းလက်သွားကာ

ဟာကျူလီယံနဂါးဓားက

လူလတ်ပိုင်းအမျိုးသားအပေါ် တိုက်ရိုက်

ပိုင်းချသွားသည်။

"မင်းက သေလမ်းရှာလိုက်တာပဲ"

လူလတ်ပိုင်းအမျိုးသားက

ဒေါသတကြီးအော်ဟစ်ကာသူ၏လက်သီးကို

ရှေ့သို့ ထုရိုက်လိုက်သည်။

ဆားနှင့်လက်သီးတို့
ပြင်းထန်စွာရင်ဆိုင်တွေ့သွားသည်။

အုန်း!

လူလတ်ပိုင်းမျိုးသား၏
ခြေထောက်အောက်မြေပြင် က ပြိုကျသွားကာ
ရောမပေါက်ကွဲသံကြီးပင် ထွက်ပေါ်လာသည်။
သို့သော်လည်း လူလတ်ပိုင်းအမျိုးသားက
မြေအောက်နစ်မြုပ်မသွားဘဲ လေထဲ၌
ရပ်နေခဲ့သည်။ အပြန်အလှန်အားဖြင့်
ဟာကျူလီယံနဂါးဆားက ပြင်းထန်စွာ

တုန်လှုပ်နေပြီး
ပြန်ကန်ထွက်လာတော့မည့်အလားပင်
ထင်ရ၏။

ဒီအချိန်မှာ လူလတ်ပိုင်းအမျိုးသားက
မျက်လုံးထဲတွင် လေးနက်သော
အရိပ်အယောင်များရှိနေသည်ကို မြင်နိုင်သည်။

# အပိုင်း ၁၁၀၂ - တိမ်ပင်လယ်မြို့

တိုက်ပွဲက ခဏတာငြိမ်သက်သွားပြီးနောက် ယန်ယွဲ့သည် ဓားကို ရုတ်တရက် မြှောက်ကာ အောက်သို့ဖိချလိုက်သည်။

ဤတစ်ကြိမ်တွင် သူက လုံး၀ နောက်မဆုတ်တော့ပေ။ သူ၏ချီစွမ်းအင်နှင့် ရုပ်ခန္ဓာခွန်အားကိုပါ အပြည့်အ၀ထုတ်ဖော်ထားသည်။

ဓား ပိုင်းချလာသည်နှင့် တပြိုင်နက် အာကာသဟင်းလင်းပြင်က ချက်ချင်း ကွဲအက်သွားသည် ။

လူလတ်ပိုင်း၏မျက်လုံးများသည် ကျဉ်းမြောင်းလာသည်။ သူသည် လုံးဝ ပေါ့ပေါ့ဆဆ ပြုမူဝံ့ခြင်းမရှိဘဲ သူ၏လက်နှစ်ဖက်ကိုမြှောက်ကာ တိုက်ခိုက်မှုကိုကာလိုက်သည်။

အုန်း!

လူလတ်ပိုင်းအမျိုးသား၏ခန္ဓာကိုယ်က မြေပြင်ပေါ်သို့ ရိုက်ချခံလိုက်သည်ကို အားလုံး မြင်လိုက်ကြသည်။

ထောင်ချီသော နတ်ဆိုးသားရဲများလည်း အံ့အားသင့်သွားကာ ရှေ့ကို ဆက်မတိုးနိုင်တော့ပေ။ တစ်ဖက်တွင် လုံယုရန် နှင့် အခြားသူများ၏ တိုက်ပွဲသည်လည်း ပိုပြင်းထန်လာသည်။

ဒီအချိန်မှာ

ရာထောင်ချီသောနတ်ဆိုးသားရဲများက

သူတို့အတွက် ဘာမှမဟုတ်ပေ။

"လူသား!

မင်းငါ့ကိုဒေါသထွက်အောင်လုပ်တာအောင်မြင်

သွားပြီ" ရုတ်တရက် အောက်မြေပြင်ဆီမှ

ဒေါသတကြီး အော်သံ ပဲ့တင်ထပ်ကာ

လေထဲသို့ ကျယ်လောင်စွာ ပေါက်ကွဲသံ

ထွက်ပေါ်လာသည်။

ထို့နောက်တွင် အလွန်တရာကြီးမားပြီး
ကြောက်မက်ဖွယ်ရာအရှိန်အဝါများ
ထုတ်လွှတ်နေသော
ရောမဝံပုလွေနက်ကြီးတစ်ကောင်
လူတိုင်းရှေ့တွင်ပေါ်လာသည်။ရောမဝံပုလွေန
က်ကြီးက ၅၀ မီတာခန့်မြင့်မားပြီး ၃၀
မီတာကျော်ရှည်လျားကာ
၎င်း၏လက်တစ်ဖက်သည်ပင်
လက်ရှိလူအုပ်စုထက် ပိုကြီးသည်။

ရောမဝံပုလွေနက်ကြီးက
သူတို့လမ်းကြောင်းကို

ပိတ်ဆို့ထားသည့်အလား ဖြစ်နေသဖြင့်
လူတိုင်း ရှေ့ဆက်မတိုးနိုင်ကြတော့ပေ။

"မင်းရဲ့မူလပုံစံကို ပြန်သွားတာလား"
ယန်ယဲ့၏ပါးစပ်ထောင့်တွင် အေးစက်သော
အပြုံးတစ်ခု ပေါ်လာသည်။ သူက ရှေ့မှ
ရောမဝံပုလွေနက်ကြီးကို စိုက်ကြည့်ရင်း
ဘယ်လက်ကိုဆန့်ပြီး ဟာကျူလီယံနဂါးဓားကို
တစ်ချက်ပုတ်ကာ "နိုးထစမ်း...၊ မင်း
တိုက်ပွဲဝင်ဖို့ အချိန်တန်ပြီ"

ဝေါင်း!

သူစကားပြောပြီးသည်နှင့်
နဂါးဟိန်းသံတစ်ချက် ကျယ်လောင်စွာ
ထွက်ပေါ်လာပြီးနောက် ဟာကျူလီယံနဂါးဓား
ထဲကနေ ဝံပုလွေနက်ထက် မနိမ့်ကျသော
ရောမရွှေနဂါးကြီးတစ်ကောင် ထွက်လာသည်။

နဂါး!

ဒီမြင်ကွင်းကြောင့်
ကျောင်းသားအုပ်တင်မကဘဲ ပတ်ဝန်းကျင်မှ
ထောင်ချီသောနတ်ဆိုးသားရဲများနှင့်
ဧရာမဝံပုလွေနက်ကြီးပင်လျှင်
အံ့အားသင့်သွားခဲ့သည်။

ထင်းရှူးစီရင်စုတွင် နဂါးများတစ်ခါမျှမရှိခဲ့ဘဲ
ဗဟိုနတ်ဘုရားစီရင်စုတွင်သာရှိခဲ့သည်။
ထို့ကြောင့် သူတို့ရှေ့တွင် နဂါးတစ်ကောင်
ပေါ်လာသောအခါ အားလုံးတအမှန်တကယ်
ထိတ်လန့်သွားကြသည်။

ဂါး!

ရွှေနဂါးကြီးက ရောမနဂါးခေါင်းကို ကောင်းကင်ဆီသို့ မြှောက်လိုက်ကာ ဟိန်းဟောက်လိုက်လေသည်။ ကြောက်မက်ဖွယ်ရာနဂါးဖိအားလှိုင်းများ ဖြာထွက်လာပြီး အဆင့်နိမ့်နတ်ဆိုးများစွာဟာ ချက်ချင်းပင် အဆက်မပြတ် တုန်ခါလာပြီး မြေပြင်ပေါ် ပြားပြားဝပ်သွားစေသည်။

“နဂါး…... လူသား! မင်းကဘယ်သူလဲ"

ဝံပုလွေနက်ကြီးက ယန်ယွဲ့ကို

စူးစူးစိုက်စိုက်စိုက်ကြည့်နေပြီး သူ့မျက်လုံးထဲ၌

လေးနက်သောအမူအရာများအပြင်

ကြောက်ရွံ့မှုအရိပ်အယောင်လည်း ရှိနေသည်။

အမှန်တော့ နတ်ဆိုးဝံပုလွေမျိုးနွယ်၏

သွေးဖိအားအပြင်

အခြားမည်သည့်မျိုးနွယ်စုကမှ သူ့လိုအဆင့်ကို

မထိခိုက်စေနိုင်ပါ။ ထို့ကြောင့် နဂါးဖိအား

သူ့အပေါ် လုံးဝအသုံးမဝင်ပေ။

“သတ်” ယန်ယဲ့သည် သူ၏ရန်သူများကို အသက်ရှုချိန်ဖြုန်းဖို့ အလေ့အထမရှိသဖြင့် ချက်ချင်း တိုက်ခိုက်ဖို့အမိန့်ပေးလိုက်သည်။

ယန်ယဲ့၏အမိန့်သံ ဆုံးသည်နှင့် ရွှေနဂါးကြီးက ဒေါသတကြီးဟိန်းဟောက်လိုက်ကာ ဝံပုလွေနက်ကြီး ဆီသို့ ပျံသန်းသွားလေသည်။

တစ်ချိန်တည်းမှာပင် ယန်ယဲ့သည်လည်း ချက်ချင်း တိုက်ခိုက်လိုက်သည်။

ဂျုန်း!

အထက်ကောင်းကင်ယံ၌
ရောမပေါက်ကွဲသံများ အဆက်မပြတ်
ထွက်ပေါ်လာခဲ့သည်။

ရွှေနဂါးက
အဆင့်နိမ့်သူတော်စင်တစ်ပိုင်းအဆင့်သာဖြစ်
ရာ ဝံပုလွေနက်ကြီးထက် များစွာ
အားနည်းသည်။တိုက်ပွဲပြင်းထန်လာသည်နှင့်အ

မှ ရွှေနဂါးကြီး၏ကိုယ်ပေါ်၌ ဒဏ်ရာများ ရရလာခဲ့သည်။

သို့သော်လည်း ဝံပုလွေနက်ကြီးက ပိုဆိုးသော အခြေအနေတွင် ရှိနေ၏။ အကြောင်းအရင်းမှာ ယန်ယဲ့၏ဟာကျူလီယံဓားက သူ့အပေါ် ပိုင်းချလိုက်တိုင်း ခန္ဓာကိုယ်အနှံ့ ကွဲကြေသွားစေသောကြောင့်ပင်။

ယန်ယဲ့နှင့် ရွှေနဂါးကြီး၏ ပူးပေါင်းတိုက်ခိုက်မှုက

ရောမဝံပုလွေနက်ကြီးကို
လုံးလုံးလျားလျားဖိနှိပ်ထားခဲ့သည်။ သို့မဟုတ်
ဝံပုလွေနက်ကြီးက
ပြန်တိုက်ရန်အခွင့်အရေးမရဘဲ
ရိုက်နှက်ခြင်းကိုသာခံနေရ၏။

အစပိုင်းတွင် ဝံပုလွေနက်ကြီးက
ရွှေနဂါးကိုသာ ပစ်မှတ်ထားခဲ့သည်။
သို့သော်လည်း ယန်ယွဲ့၏တိုက်ခိုက်မှုတိုင်းက
အမှန်ပင်ကြောက်စရာကောင်းပြီး နဂါးထက်ပင်
သူ့အား ပို၍ဖိနှိပ်နေသဖြင့် ယန်ယွဲ့ကိုသာ
ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။

ထို့အပြင်

သူ၏အပြင်းထန်ဆုံးတိုက်ခိုက်မှုတစ်ခုဖြင့်ပင်

ထိုလူသားအား

သေလုမျောပါးဖြစ်သွားစေမည်ဟု

ယုံကြည်နေသည်။

သို့သော်လည်း သူ့အထင်အမြင်က

လက်တွေ့တွင် မှားယွင်းခဲ့ကြောင်း

သိလိုက်ရတော့သည်။

ယန်ယဲ့သည် သူ၏တိုက်ခိုက်မှုများကို
မရှောင်တိမ်းသည့်အပြင်
ထိပ်တိုက်ရင်ဆိုင်ခဲ့သည်။

ထို့အပြင် သူထင်ထားသလိုမဟုတ်ဘဲ
အနည်းငယ်မျှသော အားသာချက်ကိုပင်
မရရှိခဲ့ပေ။

ဒါဆို….

"နောက်ဆုတ်" ဝံပုလွေနက်ကြီး၏အသံသည်
ပတ်ဝန်းကျင်တွင် ပဲ့တင်ထပ်ကာ ချက်ချင်း
လှည့်ထွက်ပြေးသွားသည် ။

ထို့နောက်တွင် အောက်မြေပြင်ရှိ
နတ်ဆိုးဝံပုလွေအုပ်ကြီးသည်လည်း
ထွက်ပြေးရန် မတွန့်ဆုတ်ခဲ့ပေ။

“သတ်” ယန်ယွဲ့သည် လက်ထဲက
ဓားကိုတစ်ချက်ယမ်းကာ သူ့ရှေ့မှ
နတ်ဆိုးဝံပုလွေအကောင် ၁၀၀ ကျော်အုပ်ကို

သတ်ဖြတ်လိုက်ရင်း ထွက်ပြေးသွားသော နတ်ဆိုးဝံပုလွေများနောက်ကို လိုက်လာခဲ့သည်။

...

ဤသို့ဖြင့်.။

နောက်ထပ် (၂) ရက်ခန့်အကြာတွင် သူတို့၏အမြင်အာရုံထဲ၌ ရောမမြို့ကြီးတစ်ခုပေါ်လာသည်။

"ညီအစ်ကိုတို့! ငါတို့ တိမ်ပင်လယ်မြို့ကို ရောက်နေပြီ။ သတ်.....

ဒီနတ်ဆိုးသားရဲတွေကို အပြတ်ချေမှုန်းရအောင် " ဟောင်ရှုအိုင်က ယန်ယွဲ့ဖက်ကို ပြေးလာပြီး ကျယ်လောင်စွာ အော်လိုက်ကာ သူ့လက်ကို ဝှေ့ယမ်းလိုက်သည်။ ဒီစကားကြားလိုက်ရာ သူ့နောက်မှလူအုပ်စုက မျက်နှာထက် စိတ်လှုပ်ရှားမှုများနှင့် ပြည့်နေသည်။

သို့သော် ယန်ယွဲ့သည် ရှေ့သို့ ဆက်မတိုးတော့ဘဲ  အချိန်အတော်ကြာထိ နေရာတွင် ရပ်နေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် မြို့အောက်တွင်
ထူထပ်သော နတ်ဆိုးပင်လယ်ကြီး ရှိနေပြီး
၎င်းတို့အရေအတွက်ဟာ အနည်းဆုံး
သန်းချီရှိသောကြောင့်ပင်။

ထို့အပြင် သူတို့ထဲတွင် အားအနည်းဆုံးက
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်တွင်ရှိပြီး
အစွမ်းထက်ဆုံးက
သူတော်စင်တစ်ပိုင်းအဆင့်များ ဖြစ်သည်။

နတ်ဆိုးသားရဲများကြားတွင် သူတော်စင်တစ်ပိုင်းအဆင့် အနည်းဆုံး ထောင်ချီရှိနေသည်။ ထို့အပြင် အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်များ ရှိနေသလို ၎င်းတို့အရေအတွက်ကလည်း ၁၀၀ ကျော်လေသည်။

ကံကောင်းစွာဖြင့် နတ်ဆိုးပင်လယ်ထဲတွင် သိုင်းသူတော်စင်အဆင့် နတ်ဆိုးသားရဲများ မရှိခဲ့ပေ။

ယန်ယဲ့သည် ဤမြင်ကွင်းကို အံ့သြသွားပြီး အတော်လေး အံ့အားသင့်သွားသည်။ သို့သော်လည်း မည်းမှောင်နေဆဲ အထက်ကောင်းကင်ကြီးကို မော့ကြည့်ပြီးနောက် သိပ်မကြာလိုက်ပေ။ တစ်စုံတစ်ခုကိုနားလည်လိုက်၏။

"အစ်ကိုကြီး မင်းဘာလို့ရပ်နေတာလဲ။ ရှေ့ထွက်ပြီးသတ်ရအောင်" ဟောင်ရှုအိုင်က ယန်ယဲ့၏ပုခုံးကိုပုတ်ကာ စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

ယန်ယဲ့သည်

နတ်ဆိုးသားရဲများထူထပ်နေသောပင်လယ်ကြီး

ကို ညွှန်ပြလိုက်သည်။ ဟောင်ရှူအိုင်က

သူ့ရှေ့ကို တစ်ချက်ကြည့်လိုက်ပြီး အကြည့်ကို

ဆုတ်ကာ "ဒါက နတ်ဆိုးသားရဲအနည်းငယ်ပဲ

မဟုတ်လား။ ငါတို့မှာ ကြောက်စရာမရှိဘူး!

ညီအစ်ကိုတို့! သတ်ရအောင်။ အားလုံးကို

သတ်ပစ်" စကားပြောနေစဉ်တွင် သူ့ပုံရိပ်က

တောက်ပလာပြီး နတ်ဆိုးသားရဲများအုပ်ထဲသို့

ဦးတည်ပြေးသွားလေတော့သည်။ သူ့နောက်မှ

အခြား ကျောင်းသားများကလည်း

စိတ်လှုပ်ရှားစွာ အော်ဟစ်လိုက်ကြလေသည်။

ယန်ယဲ့သည် ဒီမြင်ကွင်းကြောင့်
စကားမပြောနိုင်လောက်အောင် ဖြစ်သွားသည်။

ယုဝူရှမ်က ယန်ယဲ့အနား ရောက်လာသောအခါ
ရပ်လိုက်ပြီး "သူတို့ အဆင်ပြေမှာလား"

ယန်ယဲ့က ဒီအမေးစကားကြောင့်
ဘာပြောရမှန်းမသိတော့ပေ။

"မင်းဘယ်လိုထင်လဲ" ယန်ယဲ့သည်
သူ့မျက်နှာပေါ်တွင်
အကူအညီမဲ့သောအမူအရာဖြင့်
မျက်လုံးပြူးသွားသည်။

နောက်ဆုံးတွင် သူတို့ရှေ့၌ ရှိနေသည်က
ထောင်နှင့်ချီသော သိုင်းသူတော်စင်များနှင့်
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် ၁၀၀
ကျော် ရှိနေသော
ရောမနတ်ဆိုးစစ်တပ်ကြီးဖြစ်သည်။
သူ့ကိုယ်သူအသာထား၊ သူလိုလူ အယောက်

၁၀၀ ရှိနေလျှင်ပင် ဒီနတ်ဆိုးစစ်တပ်ကြီးကို ရင်ဆိုင်နိုင်မှာမဟုတ်ပါ။

ဟောင်ရှုအိုင် နှင့် အခြားသူများ၏ ယုံကြည်မှုသည် အစောပိုင်းက သူဦးဆောင်မှုအောက်တွင် မကြုံစဖူးအဆင့်သို့ မြင့်တက်လာခဲ့သည်။ သူတို့၏ယုံကြည်မှုသည် အဆင့်တစ်ခုသို့ ရောက်သွားသဖြင့် လုံးဝကြောက်လန့်ခြင်းမရှိတော့ပေ။ ထို့ကြောင့် သန်းချီသော နတ်ဆိုးသားရဲများကို မပြောဘဲ သိုင်းသူတော်စင်နှင့် ရင်ဆိုင်ရလျှင်ပင် နောက်ပြန်ဆုတ်ကြမည်မဟုတ်ပေ။

အကြောင်းအရင်းမှာ
သူတို့၏ယုံကြည်မှုလွန်ကဲစိတ်က
ကြောက်ရွံ့စိတ်ကိုအနိုင်ယူဖုံးကွယ်သွားခဲ့သည်။

သို့သော်လည်း မရေမတွက်နိုင်သော
နတ်ဆိုးသားရဲများက ရုတ်တရက် ၎င်းတို့ဖက်
လှည့်ကြည့်လာသောကြောင့် ဟောင်ရှုအိုင် နှင့်
ရှေ့ပြေးတက်သွားသော
ကျောင်းသားများအားလုံး နေရာတွင်
တုံ့ခနဲရပ်တန့်သွားကြတော့သည်။

နတ်ဆိုးသားရဲ ၁

သန်းကျော်၏အကြည့်အောက်တွင်

သူတို့၏စိတ်များသည်

ချက်ချင်းရှင်းလင်းသွားပြီး ခြေလှမ်းများ

တဖြည်းဖြည်း နှေးကွေးလာခဲ့သည်။

အဆုံးမှာတော့ အားလုံး နေရာမှာပင် လုံးဝ

ရပ်သွားသည်။ ထို့နောက် သူတို့က

တဖြည်းဖြည်းနှင့် ယန်ယဲ့ဆီသို့ ဖြည်းညှင်းစွာ

ပြန်လျှောက်လာခဲ့ကြသည်၊ သို့မဟုတ်ပေ၊

ယန်ယဲ့နောက်ကို ပြန်ဆုတ်သွားကြသည်ဟုပင်

ဆိုရပေမည်။ ဒီအချိန်မှာ သူတို့မျက်နှာမှာ က

ကြောက်စိတ်မရှိ

ရှက်ရွံ့နေသောအမူအရာများသာရှိနေလေသည်
။

ယန်ယွဲ့သည် သူ့ရှေ့က မြို့ကြီးကို
စူးစူးစိုက်စိုက် ကြည့်လိုက်သည်။
တိမ်ပင်လယ်မြို့က အလွန်ကြီးမားပြီး
၎င်းသည် ယခုအချိန်အထိ
သူမြင်တွေ့ခဲ့ဖူးသောမြို့များအနက်
အကြီးဆုံးမြို့ဖြစ်သည်။ သန်းချီသော
နတ်ဆိုးသားရဲစစ်တပ်သည်ပင် မြို့ရှေ့၌
အလွန်သေးငယ်ပုံရသည်။

မြို့ရိုးများပေါ်တွင် လျှပ်စီးကြောင်းများကဲ့သို့ ထင်ရသည့် အစိမ်းရောင်ကြိုးများ အများအပြားရှိနေပါသည်။

အစိမ်းရောင်ကြိုးများက လျှပ်စီးကြောင်းထက်မနည်း ကြောက်မက်ဖွယ်ကောင်းသောအရှိန်အဝါများကို ထုတ်လွှတ်နေသည်။ အချို့သော ချိုးမြှောက်ခြင်းနယ်ပယ်အဆင့် နတ်ဆိုးသားရဲများ အများအပြားဆိုလျှင် အလင်းကြိုးများအနီးသို့ပင် မရောက်မီ ချက်ချင်းပင် လောင်ကျွမ်းသွားကြသည်။

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၀၃ - ညှိနှိုင်းခြင်း

ယန်ယဲ့၏အကြည့်သည် မြို့အထက်ကောင်းကင်ဆီသို့ ရွေ့လျားသွားသည်။ ထိုနေရာတွင် အဖြူရောင်ဝတ်ရုံ ၁၀၀ ဝန်းကျင်ခန့် ရပ်နေသည်။ ထိုအထဲတွင် အမျိုးသား၊ အမျိုးသမီး ပါပြီး အားလုံး အသက် ၂၀ ဝန်းကျင်ခန့် ရှိသည်။ သို့သော်လည်း

သူတို့အားလုံးက
သိုင်းကေရာဇ်အထွတ်အထိပ်များပင်ရှိနေကာ
လုံး၀ အားမနည်းကြပေ။

ဒီအချိန်မှာ အားလုံးက လက်ထဲ၌
စာလိပ်များကိုင်ထားကာ ပါးစပ်ကနေလည်း
အဆက်မပြတ် ရွတ်ဆိုနေကြသည်။

ရွတ်ဆိုသံများ ကျယ်လောင်လာသည်နှင့်အမျှ
မတူညီသော စာလိပ်များကနေ
ဒြပ်စင်အလင်းတန်းပေါင်းမြောက်များစွာ
အဆက်မပြတ်ထွက်ပေါ်ပြီး

နတ်ဆိုးဝံပုလွေစစ်တပ်ထဲကို
ဆင်းသက်လာကြသည်။

ဒြပ်စင်အလင်းတန်းပေါင်း မြောက်များစွာ၏
တိုက်ခိုက်မှုများထဲ၌ နတ်လျှပ်စီးကြောင်းများ၊
မီးလုံးများ၊ လေဓားသွားများ၊ ရေနဂါးများနှင့်
ယန်ယဲ့ ပင်လျှင် တစ်ခါမျှ မမြင်ဖူးသော
အခြားတိုက်ခိုက်မှုများစွာပါဝင်နေခဲ့သည်။

ဤတိုက်ခိုက်မှုများသည် မြို့ရိုးအထက်ရှိ
အလင်းကြိုးများနှင့်

အလင်းအမြောက်များထက် နိမ့်ကျသော်လည်း ၎င်းတို့သည် အားနည်းခြင်းမရှိပေ။

တိုက်ခိုက်မှုကို ခုခံနိုင်သည့် သူတော်စင်တစ်ပိုင်းအဆင့်များကလွဲ၍ အခြား နတ်ဆိုးသားရဲများက ထိမှန်သည်နှင့် ချက်ချင်း သေဆုံးသွားကြသည်။

"သူတို့က အတွင်းစည်းခြံဝန်းရဲ့ ကျောင်းသားတွေပဲ" လုံယုရန်က ယန်ယွဲ့၏အနားသို့ ရုတ်တရက် လျှောက်လာပြီး ပြောလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး "မဆိုးပါဘူး"

"ကဲ ငါတို့ ဘာလုပ်သင့်လဲ
စဉ်းစားကြည့်ရအောင်" ယုဝူရှမ်က
ပတ်ဝန်းကျင်ရှိ နတ်ဆိုးသားရဲများသည်
တိုက်ခိုက်ဖို့ စိတ်အားထက်သန်နေသောကြောင့်
ရုတ်တရက် ပြောလာခဲ့သည်။ သန်းချီသော
နတ်ဆိုးစစ်တပ်က ၎င်းတို့အဖွဲ့ဆီသို့
အချိန်မရွေး
တိုးဝင်လာတော့မည့်အလားဖြစ်နေပါသည်။

ယန်ယဲ့သည်သာ အဖွဲ့၏ကျောရိုးဖြစ်နေသဖြင့် အားလုံးက သူ့ကို ကြည့်နေကြသည်။

ယန်ယဲ့သည် ကောင်းကင်အထက်သို့ ပျံတက်သွားပြီး မြို့ရိုးကို ဦးတည်ကာ “ငါ သူတို့ကို ဒီပြန်ခေါ်လာပြီ။ ထွက်လာပြီး ခေါ် လိုက်”

ယန်ယဲ့၏စိတ်ထဲ၌ အသံထွက်ပေါ်လာသည် "သူတို့ကို မြို့တံခါးဆီ ခေါ်သွားလိုက်"

"ဘာလဲ" ယန်ယွဲ့က သူ နားကြားမှားသွားသလားဟုပင် ထင်လိုက်၏။

“သူတို့ကို မြို့တံခါးဆီ ခေါ်သွားပါ” အသံက ထပ်ပြောပြန်သည်။

"လူအိုကြီး! ငါ့ကိုလှည့်စားနေတာလား" ယန်ယွဲ့၏မျက်နှာသည် အတော်လေး ဆိုးရွားလာခဲ့သည်။ "ဟာသပဲ! မြို့တံခါးအထိ ခေါ်သွားရမှာလား" တစ်နည်းဆိုရသော် သူသည် သန်းချီသော နတ်ဆိုးသားရဲများကို ဖြတ်ကျော်ပြီး ပို့ဆောင်ရပါမည်လား။ ထို့ပြင်

နတ်ဆိုးစစ်တပ်ထဲ၌ ထောင်နှင့်ချီသော
သူတော်စင်တစ်ပိုင်းအဆင့်နှင့်
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် ၁၀၀
ကျော်ရှိနေသည်။

အကယ်၍ သူ့နောက်တွင် အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့်များ ရှိနေပါက
ဖြစ်ကောင်းဖြစ်နိုင်ပေသည်။
ကံမကောင်းစွာဖြင့်
လက်ရှိသူ့ဘေးနားရှိနေသူများက
ချီးမြှောက်ခြင်းနယ်ပယ်အဆင့်များသာ။

ဤ၂တစ်ကြိမ်တွင် အသံက
"ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ ကို
မလိုချင်ဘူးလား"

ယန်ယဲ့၏ပါးစပ်ထောင့်များ
လှုပ်ယမ်းသွားသည်။ သူဆုံးဖြတ်ရ
ချီတုံချတုံဖြစ်နေချိန်တွင် ထူထပ်များပြားသော
နတ်ဆိုးသားရဲစစ်တပ်ကို
ကြည့်လိုက်သည်။အဆုံးတွင် ယန်ယဲ့က
"အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁ သန်း၊
သူတော်စင်အဆင့် နည်းစနစ် ၁၀ ခုနဲ့
ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ "

အသံက ဒေါသအရိပ်အယောင်ကို သယ်ဆောင်လာသည်။ "ဘောပဲ....၊ မင်း ငါ့ကိုတောင်းနေမဲ့အစား ဘာလို့ တစ်စုံတစ်ယောက်ကို မလုယက်တာလဲ"

"ဟုတ်လား ဒါမှမဟုတ် မဟုတ်ဘူးလား" ယန်ယဲ့က ဆက်ပြောလိုက်သည် "လူအိုကြီး! မင်းငြင်းနေရင် သူတို့ကို အခုချက်ချင်း ရှေးဟောင်းဓားကျောင်းတော်ကို ပြန်ခေါ်သွားမယ်။ ငါ့ဓားကျောင်းတော်က သူတို့ကို လက်ခံရတာ အရမ်းပျော်မယ်လို့

ထင်တယ်။ ဒါ့အပြင် ဒီနေ့ကစပြီး

မင်းရဲ့အကယ်ဒမီက

ဘယ်လောက်အေးစက်နေတယ်ဆိုတဲ့

စကားလုံးက စီရင်စုတစ်ခုလုံးကို

ပျံ့နှံ့သွားလိမ့်မယ်။ နောက်ဆုံးတော့

ကိုယ့်တပည့်တွေကို ကယ်တင်ဖို့

ငြင်းဆန်တာဟာ

ဘယ်လောက်ဆိုးရွားလိုက်သလဲ။ ဟီးဟီး...၊

ဒါကို တွေးကြည့်ပါ၊ အကယ်ဒမီမှာ

ကျောင်းသား

ဘယ်နှစ်ယောက်များစိတ်ပျက်သွားမလဲ”

အချိန်အတော်ကြာ တိတ်ဆိတ်သွားပြီးနောက်
အသံက “အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁
သန်းနဲ့ အဆင့်မြင့်တာအိုအဆင့်နည်းစနစ် ၁၀ ခု
” ဟု ထပ်မံပြောပြန်သည်။

"ငါ သူတော်စင်နည်းစနစ်ပဲ လိုချင်တယ်"
ယန်ယဲ့က ခပ်ပြတ်ပြတ် ပြောလိုက်၏။

အသံက ဒေါသတကြီးနဲ့
"သူတော်စင်နည်းစနစ်တွေက
ဘယ်နေရာမှာမဆို ရနိုင်တဲ့
ဂေါ် ဖီထုပ်နဲ့တူတယ်လို့ မင်းထင်နေတာလား"

"အဖိုးကြီး၊ ဒီခရီးတစ်ခုလုံး ဘယ်လောက်ကြမ်းတမ်းလဲဆိုတာ သိသင့်တယ်" ယန်ယွဲ့က အေးစက်စက်ပြန်ပြောလိုက်လေသည်

"သူတို့ကို ဒီကိုလာပို့ဖို့ ငါဘယ်လောက်ကြိုးစားအားထုတ်ခဲ့ရတယ်ဆိုတာ မင်းသိလား။ မင်းဒါကိုသိလား။ မင်းဘာမှမသိဘူး! ငါတို့က နတ်ဆိုးသားရဲ ထောင်ချီကို ရင်ဆိုင်ခဲ့ရသေးတယ်။ မင်းမလုပ်ဘူး၊ မင်းမလုပ်ဘူး။ ငါ….”

"မင်းပါးစပ်ကိုပိတ်ထား" အသံက
"အဆင့်လွန်စွမ်းအင်ကျောက်တုံး ၁ သန်းနဲ့
သူတော်စင်နည်းစနစ် ၁ ခု"

ယန်ယဲ့က ပြောခါနီးမှာ အသံက
"ငါ့အကယ်ဒမီမှာ သူတော်စင်အဆင့်နည်းစနစ်
အနည်းငယ်ရှိတယ်။ မင်းတကယ်လိုချင်ရင်
မင်းရဲ့ကိုယ်ပိုင်အရည်အချင်းကို အားကိုးပါ"

ယန်ယဲ့က "ဟင်းလင်းပြင်အဆင့် ဓားစိတ်ဆန္ဒ
ရရမယ်လို့ မင်း ကတိပေးခဲ့တာက

တကယ်ဟုတ်ရဲ့လား" ဟု မမေးခင်
လေးလေးနက်နက် စဉ်းစားနေခဲ့သည်။

အသံက “ကောင်းပြီ၊ ငါ့အကယ်ဒမီ နာမည်နဲ့
အာမခံတယ်” ဟု ပြန်ဖြေသည်။

ယန်ယဲ့က ခေါင်းညိတ်ပြီး "ပြောပါ"

အသံက နောက်တစ်ကြိမ် ထပ်ပြောလိုက်သည်
“အကယ်ဒမီရဲ့သိုင်းသူတော်စင်တွေနဲ့ ငါက
တစ်ဖက်အဖွဲ့ကပညာရှင်တွေနဲ့
တိုက်ခိုက်နေတယ်။ ဒီတော့ တစ်ဖက်

သိုင်းသူတော်စင်တွေက မင်းကို တိုက်ခိုက်မှာမဟုတ်ဘူး။ ဒါပေမဲ့ မင်း သိုင်းသူတော်စင်အဆင့်အောက်က တခြားသူတွေနဲ့ ရင်ဆိုင်ရမယ်"

ယန်ယဲ့သည် သန်းချီသော နတ်ဆိုးစစ်တပ်ကို စိုက်ကြည့်ကာ အသက်ပြင်းပြင်းရှူရင်း သူ့နောက်မှ လူအုပ်စုကို လှည့်ကြည့်လိုက်သည်။ သူက နတ်ဆိုးစစ်တပ်ကို ညွှန်ပြပြီး “ငါ့ကိုပြောပါ.... မင်းတို့အားလုံး ကြောက်နေကြပြီလား”

လူတိုင်း နတ်ဆိုးစစ်တပ်ကို ငုံ့ကြည့်ကာ နှုတ်ဆိတ်နေခဲ့သည်။

သူတို့ မကြောက်ဟုပြောပါက လိမ်ညာပြောရာသာကျလိမ့်မည်။ သို့သော်လည်း ဒီအခြေအနေကို ဝန်ခံပါက သူတို့ကိုယ်သူတို့ အရှက်ခွဲလိုက်ခြင်းနှင့် အတူတူပင်မဟုတ်ပါလား။ မည်သူမျှ ဝန်ခံမည်မဟုတ်ပေ။

ယန်ယဲ့က ဆက်ပြောလိုက်သည် "မင်းတို့ကြောက်နေတာ ငါသိပါတယ်၊

ငါလည်းကြောက်တယ်။
မတူတဲ့မေးခွန်းတစ်ခုမေးရင် ဘယ်လိုလုပ်မလဲ။
မင်းတို့အားလုံး သေချင်ကြလား"

လူတိုင်းက အလျင်အမြန် ခေါင်းယမ်းကာ
တုံ့ပြန်ကြသည်။

ဟောင်ရှုအိုင်က “သူဌေး၊ ငါတို့ကို
ဘာလုပ်ရမယ်ဆိုတာ ပြောပြပါ။ ငါတို့ မင်းရဲ့
အမိန့်ကို နာခံမယ်” အားလုံးလည်း
ခေါင်းညိတ်ကြသည်။

ယန်ယဲ့သည် မြို့တံခါးရှေ့ရေိယာကို
စိုက်ကြည့်ကာ “ဒါကို တွေ့လား။
ငါတို့အဲဒီကိုရောက်ရင် အကယ်ဒမီက
တံခါးတွေဖွင့်ပြီး ငါတို့ကိုခေါ် ဖို့ ပညာရှင်တွေ
စေလွှတ်လိမ့်မယ်။ ဒါပေမဲ့ ငါတို့က
နတ်ဆိုးစစ်တပ်ကို အရင်ဆုံးကျော်ဖြတ်ရမယ်။
မြို့တံခါးရှေ့မရောက်ခင်အထိပဲ...၊ ပြီးတော့
နတ်ဆိုးစစ်တပ်ထဲမှာ
သူတော်စင်တစ်ပိုင်းအဆင့် နဲ့
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်တွေ
တောင် ပါတယ်"

"ဘာလို့...ဘာလို့မဖြစ်ရမှာလဲ... ငါတို့
အမြန်ပြေးလို့ရတာပဲ" အနည်းငယ်
ရှက်ရွံ့နေသော အသံသည် အဖွဲ့ထဲမှ
ထွက်ပေါ်လာသည်။

ယန်ယဲ့က နောက်ကိုပြန်လှည့်ကြည့်လိုက်ရာ
ရှပင်းဝေ ဖြစ်နေကြောင်း မြင်လိုက်၏။

သူ့အကြည့်ကို သတိပြုမိသောအခါ
ရှပင်းဝေ၏နူးညံ့သောခန္ဓာကိုယ်လေးက
အနည်းငယ် တုန်လှုပ်သွားသည်။သို့သော်လည်း
သူမသည် ယခင်ကလောက် မကြောက်ခဲ့ပေ။
ယန်ယဲ့နှင့် အဖွဲ့တစ်ဖွဲ့တည်း

အချိန်တော်တော်ကြာသည်ထိ ရှိနေပြီးနောက်တွင် သူက အရမ်းကြောက်စရာကောင်းသည်မဟုတ်ကြောင်း သူမ သတိပြုမိခဲ့ပါသည်။

ယန်ယဲ့က "ပြေးမလား။ ငါတို့ ဘယ်ကို ပြေးမလဲ။ ဒါမှမဟုတ် မင်းတို့အားလုံး ထွက်ပြေးဖို့ ခွန်အားတွေ ရှိနေသေးလို့လား”

အားလုံးနှုတ်ဆိတ်နေကြ၏။

အမှန်တော့ သူတို့က ဤနေရာကို
ရောက်လာပြီးနောက် တိုက်ပွဲများ ဆက်တိုက်
ဖြစ်ပွားနေသည့်အတွက်
သူတို့၏အကန့်အသတ်ထိ ရောက်သွားပါပြီ။

ယခုအချိန်တွင် အားလုံးက
သူတို့၏စိတ်ခံစားချက်အတိုင်းသာ
ပြင်းပြသောတိုက်ခိုက်လိုစိတ်များကို
အတင်းအကျပ် ဆုပ်ကိုင်ထားကြသည်။

အာဝူး!

ရုတ်တရက် အဝေးမှ ဝံပုလွေအူသံများ ထွက်ပေါ်လာပြီး မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများက ၎င်းတို့ဆီသို့ လှမ်းတက်လာခဲ့သည်။

အနည်းဆုံး ရာနှင့်ချီသော နတ်ဝံပုလွေအုပ်ကြီး ချီတက်လာခြင်းပင်တည်း။

မြေပြင်သည်ပင် လျှောင်လှုပ်ခတ်သကဲ့သို့ ပြင်းထန်စွာ
လှုပ်ခါသွားသည်။

ယန်ယဲ့က "ဒါကိုတွေ့လား။ ငါတို့ကို
သတ်ဖြတ်ခွင့်ပြုရင်
သူတို့ရဲ့အစာတွေဖြစ်သွားလိမ့်မယ်”

"နင်ဘယ်သူလည်းလဲဆိုတာ
ငါတို့ကိုပြောပြနိုင်မလား" ရုတ်တရက်
လုံယုရန်က "စီရင်စုရဲ့မဟာထိပ်သီးပါရမီရှင် ၅
ယောက်ထဲမှာ လော့ချန်းရှောင်နဲ့
ဟင်းလင်းပြင်သခင်လေးက
မြောက်ပိုင်းဒေသမှာရှိနေတယ်။ ဒါကြောင့်
နင်သူတို့ဖြစ်ဖို့ မဖြစ်နိုင်ဘူး။ ငါ ချင်ဒေါင်ဖူကို
အရင်တုန်းက မြင်ဖူးတယ်ဆိုတော့ နင်က

သူလည်းမဟုတ်ဘူး။ အထူးသဖြင့်တော့ နင့်ရဲ့ ဓားတာအိုက

အရမ်းကြောက်စရာကောင်းလွန်းတယ်။

ကံမကောင်းစွာပဲ၊ နင်က

ယောက်ျားလေးဖြစ်နေတော့ လုဝမ်အာ

မဟုတ်ဘူး။ နင်ဘယ်သူလဲဆိုတာ

ငါတကယ်သိချင်နေတယ်"

ဒီစကားကို ကြားလိုက်ရာ

လူတိုင်း၏အကြည့်များသည် ယန်ယွဲ့အပေါ်ကို

ကျဆင်းသွားခဲ့သည်။

ယန်ယဲ့သည် ကြောက်မက်ဖွယ်ကောင်းသော ခွန်အားကို ပိုင်ဆိုင်ရုံသာမကဘဲ အလွန်တရာပင်လျှို့ဝှက်ဆန်းကြယ်သူဖြစ်သည်။ အနည်းဆုံးတော့ သူသည် သူတို့အတွက် အလွန်လျှို့ဝှက်ဆန်းကြယ်နေခဲ့သည်။ထို့ကြောင့် ဤ သေခြင်း၊ရှင်ခြင်း အခြေအနေ၌ ယန်ယဲ့ မည်သူဖြစ်သည်ကို သူတို့သိချင်ကြသည်။

မှန်ပါသည်။ ထိုအထဲ၌ လီမိုကျန်း၊ လီချင်ကျင်းနှင့် ယုဝူရှမ် တို့မပါပေ။

လုံယုရန်၏စကားကိုကြားသောအခါ

ယန်ယဲ့သည် ပါးစပ်ထောင့်တွင် အနည်းငယ်

အပြိုးတစ်ခု ပေါ်လာပြီး "မကြာခင်
မင်းတို့အားလုံးသိလိမ့်မယ်"

သူစကားပြောပြီးသည်နှင့်
ယန်ယဲ့၏အကြည့်သည် သူ့ပုခုံးပေါ် ရှိ
ခရမ်းရောင်မင့်ခ်ကလေးပေါ်သို့
ကျဆင်းသွားသည် ။ သူက လက်နှစ်ဖက်ကို
ဆန့်ကာ သူ့ပုခုံးပေါ်မှ
ခရမ်းရောင်မင့်ခ်ကလေးကို ပွေ့ချီလိုက်ပြီး
"ဒီတစ်ခါ မင်းငါ့ကို ကူညီရမယ်"

အဆုံးမဲ့ခါးကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၀၄ - ငါ တစ်ခုခုကိုသိတယ်

ဤာနမှူး၏တောင်းဆိုချက်ကို

သူသဘောတူလိုက်သည့် အကြောင်းအရင်းက

ခရမ်းရောင်မင့်ခ်ကလေးကြောင့်ပါပဲ။

ထိုသို့မဟုတ်လျှင် လက်ရှိ သူက

အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်

ဖြစ်နေလျှင်ပင်

ထောင်သောင်းချီသောနတ်ဆိုးသားရဲစစ်တပ်ကို

ဖြတ်ကျော်ဖို့ မဖြစ်နိုင်ပေ။

သူတစ်ယောက်တည်းရှိနေလျှင်
အဆင်ပြေကြောင်းပြေနိုင်သော်လည်း
ယခုသူ့အနားတွင် လူအများအပြားရှိနေသဖြင့်
၎င်းတို့ကိုပါ ထည့်တွက်နေရ၏။

ခရမ်းရောင်မင့်ခ်ကလေးက
ဆက်ပြီးအိပ်စက်ချင်နေပုံပါ။ သူမလေးက
ယန်ယဲ့၏မေးစေ့ကို ခေါင်းလေးနှင့်
ပွတ်သပ်ကာ မျက်လုံးမဖွင့်ချင်သလို
ဖြစ်နေသည်။

ဤမြင်ကွင်းကြောင့် ဤနေရာမှ
အမျိုးသမီးများဟာ ခရမ်းရောင်မင့်ခ်ကလေးကို
သနားပြီးချစ်မြတ်နိုးစိတ်များ
အနည်းငယ်ပေါ်လာကြသည်။

ယန်ယဲ့သည် အကူအညီမဲ့စွာ ရယ်မောလိုက်ပြီး
သူမခေါင်းလေးကို ပွတ်သပ်ကာ “အငယ်လေး!
အိပ်မနေနဲ့။ မင်းမနိုးရင် ငါတို့
အရိုက်ခံရလိမ့်မယ်"

ဒီစကားကိုကြားလိုက်သည့်အခါ
ခရမ်းရောင်မင့်ခ်ကလေးက မျက်လုံးများကို

ဖြည်းညှင်းစွာဖွင့်လိုက်သည်။ ထို့နောက်
သူမ၏မျက်လုံးများကို
လက်သည်းများဖြင့်ပွတ်ကာ ယန်ယဲ့အား
မကျေမနပ် စိုက်ကြည့်နေသည်။ ထို့အပြင်
သူမသည် မကျေမနပ်ဖြစ်နေပုံရပြီး
ယန်ယဲ့၏မျက်နှာကို လက်သည်းများဖြင့်
အဆက်မပြတ်ကုတ်ခြစ်နေလေသည်။

တစ်ချိန်တည်းတွင် နတ်ဆိုးဝံပုလွေစစ်တပ်၏
ကြောက်မက်ဖွယ်ကောင်းသော
အငွေ့အသက်ကြောင့်

အခြားလူအများအပြားဟာ
မတ်တပ်ပင်မရပ်နိုင်အောင် ဖြစ်ခဲ့ရသည်။

ယန်ယဲ့သည် ခဏတာတုံ့ဆိုင်းသွားပြီး မြို့ကို
လက်ညှိုးထိုးပြကာ "အဲဒီနေရာထိ
မင်းခေါ်သွားပေးလို့ရမလား"

ခရမ်းရောင်မင့်ခ်ကလေးက မြို့ကို
မော့ကြည့်လိုက်ပြီးနောက်
သူမ၏ခေါင်းလေးကို ချက်ချင်း
ခေါင်းညိတ်လိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး မြို့တံခါးကို ညွှန်ပြသည် "ငါတို့ကို အဲဒီနေရာထိ ခေါ်သွားပေး"

ခရမ်းရောင်မင့်ခ်ကလေးက ခေါင်းညိတ်ပြပြီး လက်သည်းသေးသေးလေးနှစ်ဖက်ကို ဝှေ့ယမ်းလိုက်သည်။ ခရမ်းရောင်အလင်းတန်းတစ်ခုက ချက်ချင်းပင် လူအုပ်ကို လွှမ်းခြုံသွားပြီး အားလုံးဟာ အမြင်အာရုံများတွေဝေဝါးမသွားခင် မှုန်ဝါးဝါးမြင်ကွင်းကို ခံစားလိုက်ရသည်။ သူတို့၏ အမြင်အာရုံများရှင်းသွားချိန်မှာတော့

အားလုံး.မြို့တံခါးရှေ့မှာ ရပ်နေကြောင်း
တွေ့လိုက်ကြရသည်။

ဤမြင်ကွင်းသည် ဤနေရာရှိ လူတိုင်း၏
မျှော်လင့်ချက်များကိုပင်
ကျော်လွန်သွားခဲ့သည်။

အကယ်ဒမီ၏ကျောင်းသားများ
မျှော်လင့်ထားသည်ထက်ပင်
ကျော်လွန်ရုံသာကဘဲ
နတ်ဆိုးသားရဲစစ်တပ်သည်ပင် လုံး၀ကို
မှိန်းနေခဲ့သည်။

သို့သော်

အချိန်တော်တော်ကြာသည့်နောက်တွင်

နတ်ဆိုးသားရဲများကြားမှ ဟိန်းဟောက်သံများ

ထွက်ပေါ်လာခဲ့သည်။ ထို့နောက်

မရေမတွက်နိုင်သော နတ်ဆိုးဝံပုလွေများသည်

ယန်ယွဲ့နှင့် ကျောင်းသားအုပ်စုဆီသို့

ဦးတည်လာခဲ့သည်။

ယန်ယွဲ့သည် မြို့အထက် ကောင်းကင်ယံသို့

ပျံတက်လာပြီး "တံခါးဖွင့်ပါ"

တစ်ခဏမျှ တိတ်ဆိတ်သွားပြီးနောက်

တဖျပ်ဖျပ်လက်နေသော

အပြာရောင်အလင်းတန်းများသည်

မြို့တံခါးများမှ ရုတ်တရက်

ထွက်ပေါ်လာသည်။သို့သော်လည်း

မြို့တံခါးများဖွင့်ခါနီးအချိန်တွင် မြို့ရိုးအထက်မှ

အေးစက်သောအသံတစ်ခု

ရုတ်တရက်ထွက်ပေါ်လာသည်။

“ငါ့အမိန့်မပါဘဲ မြို့တံခါးကို

ဘယ်သူမှဖွင့်ခွင့်မပေးဘူး”

ထိုအသံသည် လေထဲတွင်
ပဲ့တင်ထပ်ပြီးသည်နှင့် တခဏအတွင်း
မြို့တံခါးများသည် မူလအခြေအနေသို့
ပြန်လည်ရောက်ရှိသွားခဲ့သည်။

ထိုအချိန်တွင် လုံယုရန်၏အထက်၌
နတ်ဆိုးဝံပုလွေတစ်ကောင် ရောက်လာပြီး
၎င်း၏လက်သည်းသည် လုံယုရန်နှင့်
သူ့ပတ်ဝန်းကျင်ရှိ ကျောင်းသားများဆီသို့
ရိုက်ချခဲ့သည်။

ထို့အပြင် ထိုနတ်ဆိုးဝံပုလွေနောက်ကွယ်တွင်
မရေမတွက်နိုင်သော
အခြားနတ်ဆိုးဝံပုလွေများလည်း
ရောက်ရှိလာခဲ့သည်။

ထိုအချိန်မှာ မြို့တံခါးများသည်
ယခင်အခြေအနေသို့ ပြန်ပိတ်သွားသည်ကို
တွေ့လိုက်သောအခါ လုံယုရန်နှင့်
အခြားလူများ၏ မျက်နှာများ
အေးခဲသွားသည်။စိတ်ပျက်အားငယ်ခြင်းအပြင်
သူတို့၏မျက်လုံးများတွင်
အကန့်အသတ်မဲ့ဒေါသများရှိနေသည်။

အကယ်ဒမီက သူတို့၏မျှော်လင့်ချက်ကို ဖျက်ဆီးပစ်လိုက်သည်မဟုတ်လား။

မြို့ထဲသို့ဝင်ရန် အကောင်းဆုံးအခွင့်အရေးကို လွတ်သွားသောကြောင့်
ယန်ယွဲ့၏မျက်နှာသည်လည်း မထင်မှတ်ဘဲ မှုန်မှိုင်းလာသည်။

ယန်ယွဲ့သည် စကားသံလာရာဆီသို့ လှမ်းကြည့်လိုက်ရာ
အဖြူရောင်ဝတ်ရုံဝတ်လူတစ်ယောက် သူ့ကို လှမ်းကြည့်နေသည်ကို တွေ့လိုက်ရသည်။

အမျိုးသား၏ဘေးနားတွင်
ဘာမှမထူးခြားသည့်အမူအရာနှင့်ရပ်နေသော
အမျိုးသမီးတစ်ယောက်ရှိနေသည်။
ယန်ယဲ့သည် ထိုအမျိုးသမီးကို မှတ်မိလိုက်၏။
ထိုအမျိုးသမီးက သူနှင့်
ပြဿနာတက်ခဲ့ဖူးသော ချန်းကျောင် ဖြစ်သည်။

ဤအခိုက်အတန့်တွင် ချန်းကျောင်၏
ပါးစပ်ထောင့်က ယန်ယဲ့ကို
လှောင်ပြောင်ရိပ်များ မုန်းတီးမှုများ
ပြည့်နှက်နေသည်။

ယန်ယဲ့သည် သူ့အကြည့်ကို ဆုတ်လိုက်ပြီး
ညာခြေကို မြေပြင်တစ်ချက်ဆောင့်ကာ
အမြောက်ဆံတစ်ခုအလား
သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးဝံပုလွေ
ဆီသို့ ခုန်ဝင်လိုက်သည်။ ထိုခဏလေးမှာပဲ
နတ်ဆိုးဝံပုလွေက နာကျင်စွာအော်ဟစ်ပြီး
အခြားဝံပုလွေအုပ်နှင့်အတူ ၃
ကီလိုမီတာအကွာမြေပြင်သို့
ပြုတ်ကျသွားတော့သည်။

ဤမြင်ကွင်းကို မြင်သောအခါ
ချန်းကျောင်း၏အမူအရာသည် အနည်းငယ်

ပြောင်းလဲသွားသည်။ မမျှော်လင့်ဘဲ
ယန်ယဲ့၏ခွန်အားကြောင့် သူတို့
ထိတ်လန့်သွားကြခြင်းပင်။

သူတော်စင်တစ်ပိုင်းအဆင့်ကို
သတ်ဖြတ်ပြီးနောက် ယန်ယဲ့သည်
စောစောကရပ်နေသည့်နေရာသို့ ပြန်သွားကာ
အဖြူရောင်ဝတ်ရုံဝတ်အမျိုးသားကို ကြည့်ရင်း
"တံခါးမဖွင့်ခိုင်းတာက ဌာနမှူးပဲလား"

ထိုလူက "ဟုတ်တယ်... မဟုတ်ဘူး!"

“ဒါဆို တံခါးပိတ်ဖို့ အမိန့်ကို ဘယ်သူပေးတာလဲ ” ယန်ယဲ့၏အသံသည် ငရဲနတ်ဆိုးအလား အေးစက်စက်အငွေ့အသက်များပင် ပျံ့လွင့်လာသည်။

ထိုလူက မျက်နှာပျက်သွားပြီး “မင်းဘယ်သူနဲ့ပြောနေတာလဲဆိုတာ မင်းသိလား” ဟုမေးလေသည်။

"ရဲယန်၊ ရိုင်းရိုင်းစိုင်းစိုင်းမလုပ်နဲ့!" ထိုအတောအတွင်း ချန်းကျောင်က ရုတ်တရက် ပြောလိုက်၏။ "သူက ငါတို့

အတွင်းစည်းခြံဝန်းရဲ့
ကျောင်းသားများခေါင်းဆောင် လဲ့နန် နော်။
ဗှာနမ့်မူးနဲ့ အကြီးအကဲတွေ ဒီမှာ မရှိတဲ့အတွက်
ဒီမှာ အားလုံးကို သူပဲ အမိန့်ပေးတယ်”

ယန်ယွဲ့သည် ထိုစကားများကို ဂရုမစိုက်ပေ။
ထိုအစား ကောင်းကင်အထက်တစ်နေရာကို
မော့ကြည့်လိုက်သည်။ သို့သော်လည်း
ကောင်းကင်ကြီးသည် လုံးဝမည်းမှောင်နေပြီး
ကီလိုမီတာ တစ်ဒါဇင်ကျော်
အကွာအဝေးထိပင်
အရာအားလုံးပိတ်ဆို့နေသည်။

သူ့အမြင်အာရုံဖြင့်ပင် ဘာကိုမှမမြင်ရပေ။
သို့သော် လေထဲတွင် ပြင်းထန်သော
တိုက်ပွဲတစ်ခု ဆင်နွှဲနေသည်ကို သူ
သဘောပေါက်နိုင်သည် ။

ဥာနမှူးက မဆက်သွယ်နိုင်သောအခါ
ယန်ယဲ့၏မျက်နှာသည် ပို၍ပင်
မှုန်ကုပ်ကုပ်ဖြစ်လာပါသည်။

ထိုအချိန်တွင် နတ်ဆိုးဝံပုလွေများသည်
သူတို့ရှေ့သို့ ရောက်လာသည်။

လီမိုကျန်း၊ ဖုန်းဝူချောင် နှင့် နိုင်းယှဉ်လျှင်
ပိုအားကောင်းသော အခြား
ကျောင်းသားများဟာ ၎င်းတို့အပေါ်
အဖက်ဖက်မှ ကျရောက်လာသည့်
ဖိအားများကို ခုခံနိုင်စွမ်း မရှိခဲ့ကြပေ။

ယန်ယဲ့သည်
ခရမ်းရောင်မင့်ခ်ကလေး၏ခေါင်းကို
အသာလေးတစ်ချက် ပုတ်လိုက်သည်။
ခရမ်းရောင်မင့်ခ်ကလေးက သူ့ရည်ရွယ်ချက်ကို
နားလည်သည့်အလား
သူမ၏ခန္ဓာကိုယ်ထဲကနေ

ခရမ်းရောင်အလင်းတန်းများ
ပေါက်ကွဲလာပြီးနောက် လီမိုကျန်းနှင့်
ကျောင်းသားအုပ်ကို ဖုံးအုပ်လိုက်လေသည်။

ယန်ယွဲ့သည် လေထဲ၌ ရပ်နေရင်း
သူ့လက်ဝါးကို တစ်ချက်ယမ်းလိုက်ရာ
စာလိပ်တစ်ခုပေါ်လာသည်။ သူက စာလိပ်ကို
ဝှေ့ယမ်းပြပြီး "ဒါကိုမြင်လား…။ ငါက
အကယ်ဒမီရဲ့အပြင်စည်းခြံဝန်းနည်းပြဆရာပဲ။
အခု မင်းကို မြို့တံခါးဖွင့်ဖို့ ငါအမိန့်ပေးတယ်"

စာလိပ်ကိုမြင်သောအခါ

ထိုလူ၏အမူအရာသည်

အနည်းငယ်ပြောင်းလဲသွားကာ

ချန်းကျောင်သည်လည်း အလားတူပင်။

သူတို့ပိုင်ဆိုင်ထားသည့် အဆင့်အတန်းအရ

ယန်ယဲ့၏လက်ထဲမှ

စာလိပ်ကအစစ်အမှန်ဖြစ်ကြောင်း

သဘာဝကျကျ သိလိုက်ကြသည်။

"လဲ့နန်... ဘာဖြစ်လို့... တံခါးမဖွင့်တာလဲ"

ချန်းကျောင်က ညင်သာစွာပြောလိုက်သည်။

အမှန်တော့ ဒီပြဿနာအားလုံးက

သူမ၏အကြံအစည်ပင်ဖြစ်သည်။ သူမ

ယန်ယဲ့ကို မြင်သည့်နောက်

ချက်ချင်းမှတ်မိခဲ့သည်။

ထိုနေ့ကအဖြစ်အပျက်ကြောင့် ယန်ယဲ့အပေါ်

မကျေမနပ်ဖြစ်နေသဖြင့် မြို့တံခါးဖွင့်ဖို့

တောင်းဆိုလာသောအခါ

မြို့တံခါးများပိတ်ထားဖို့ လဲ့နန်ကို

အမိန့်ပေးခဲ့၏။

လဲ့နန်က

သူမ၏အဖိုးဖြစ်သူ၏တပည့်ဖြစ်သောကြောင့်

ချန်းကျောင်၏တောင်းဆိုမှုကို သဘာဝအတိုင်း

မငြင်းဝံ့ပေ။ သို့တည်းမဟုတ် သူက
ချန်းကျောင် နှင့် လိုက်လျောညီထွေဖြစ်စေရန်
နည်းလမ်းများကို အမြဲတွေးနေခဲ့သည်ဟု
ဆိုရပေမည်။ထို့ကြောင့် ချန်းကျောင် ထံမှ
တောင်းဆိုလာသော အခါ လဲ့နန်က
မတွန့်ဆုတ်ဘဲ မြို့တံခါးများကို ချက်ခြင်းပိတ်ဖို့
အမိန့်ပေးခဲ့သည်။

ချန်းကျောင်၏စကားကို ကြားသောအခါ
လဲ့နန်က မျက်နှာပျက်သွားသည်။
သို့သော်လည်း သိပ်မကြာလိုက်ပေ၊

သူ့မျက်လုံးထဲ၌ ပြင်းထန်သောအမူအရာတစ်ခု လင်းလက်သွားကာ ယန်ယဲ့ကို ငုံ့ကြည့်ရင်း

"ဌာနမှူးက ဒီဂိတ်တွေကို ငါတို့အတွင်းစည်းခြံဝန်းရဲ့

အကာအကွယ်အောက်မှာထားခဲ့တယ်၊ ဒါကြောင့် ငါတို့မြို့ရဲ့လုံခြုံရေးကို သဘာဝအတိုင်း တာဝန်ယူရမှာ။ ငါတို့ အခု တံခါးတွေ ဖွင့်လိုက်ရင် နတ်ဆိုးတွေ မြို့ထဲကို ခိုးဝင်လာခဲ့ရင်ကော....? ဒါဆို မြို့ထဲမှာ ရှိတဲ့ သက်ရှိသတ္တဝါပေါင်း မြောက်မြားစွာကို သတ်ပစ်မှာ မဟုတ်ဘူးလား"

သူက ခဏတာ တုံ့ဆိုင်းသွားသော်လည်း နောက်ဆုံးတွင် တံခါးမဖွင့်ဖို့သာ ဆုံးဖြတ်လိုက်သည်။ သူသာ ယခုအချိန်တွင် မြို့တံခါးကိုဖွင့်လိုက်ပါ မြို့ပြင်မှာရှိနေသူတိုင်း သူ့ကိုရန်သူအဖြစ်သဘောထားတော့မည်မဟုတ်ပါလား။ ထို့အပြင် သူပြောသည့်အတိုင်းပါ၊ နတ်ဆိုးသားရဲများလည်း မြို့ထဲသို့ ခိုးဝင်လာနိုင်သည် ။

တော်တော်များများက ခေါင်းမော့ကာ လှဲ့နန်ကို ကြည့်လိုက်ရင်း မျက်လုံးထဲ၌ သတ်ဖြတ်လိုစိတ်များကို မဖုံးကွယ်ထားကြပါ။

လဲ့နန်၏မျက်နှာသည် ပို၍ပင်
မည်းမှောင်လာပြီး ဤမြင်ကွင်းကို
မြင်လိုက်ရသောအခါတွင် သူ့မျက်လုံးထဲတွင်
သတ်ဖြတ်လိုစိတ်များ ပိုမို ပြင်းထန်လာသည်။

ယန်ယဲ့က သူ့နောက်မှ ကျောင်းသားအုပ်ကို
ပြန်ကြည့်ကာ "စိတ်မပူပါနဲ့၊ ငါတို့သေမလား
မသေဘူးဆိုတာ ငါမသိဘူး။ ဒါပေမဲ့ ငါ
တစ်ခုခုတော့ သိပါတယ်"

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၀၅ - သတ်ဖြတ်ခြင်း

ထိုအချိန်တွင် ဟောင်ရှုအိုင်က ရုတ်တရက်မေးခဲ့သည်။ "မင်းက တကယ်ပဲအပြင်စည်းခြံဝန်းရဲ့နည်းပြဆရာလား"

အခြားသူများ၏အကြည့်များသည်လည်း ယန်ယဲ့ အပေါ် ချက်ချင်းရောက်သွားသည်။

လီမိုကျန်း၊ လီချင်ကျင်းနှင့် ယူဝူရှမ် တို့ပင်လျှင် ခြွင်းချက်မရှိပေ။

သူတို့က ယန်ယဲ့၏ကိုယ်ပိုင်အဆင့်အတန်းကို သိသော် လည်း တိမ်ပင်လယ်အကယ်ဒမီ၏ အပြင်စည်းခြံဝန်းနည်းပြဆရာ ဟုတော့ မထင်ထားခဲ့ပါ။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည်။

သူခေါင်းညိတ်လိုက်သည်ကို တွေ့သောအခါ လူတိုင်း၏အမူအရာများသည် အရောင်အသွေးစုံသွားသည်။ အထူးသဖြင့်

ဖုန်းဝူချောင် နှင့် ရှပင်းဝေ တို့ဖြစ်သည်။
နောက်ဆုံးတွင် သူတို့ဟာ ယန်ယွဲ့ကို
လက်စားချေလိုသည်မဟုတ်ပါလား။

ဟောင်ရှုအိုင်က အကူအညီမဲ့စွာရယ်မောရင်း
“ဒီအချိန်တွေ အားလုံးပြီးရင်တော့ မင်းက
ငါတို့ရဲ့နည်းပြဆရာပဲ…။ ဒါပေမဲ့ မင်းက
အသက်ငယ်လွန်းသေးတယ်မဟုတ်လား ”

ယန်ယွဲ့က အရွှန်းဖောက်ပြီး "ဘာလဲ။ ငါ
မင်းကိုသင်ပြဖို့ မထိုက်တန်ဘူးလား"

ပေါက်ရှုအိုင်က "မင်း ၊ မင်း လုံးဝ ဘဲ"

ကျန်လူများကလည်း မြန်မြန်
ခေါင်းညိတ်ကြသည်။ ဒီအချိန်မှာပင်
ယန်ယဲ့၏ခွန်အားသည် လုံးဝ
ကြောက်မက်ဖွယ်ကောင်းပြီး အထူးသဖြင့်
ကြမ်းတမ်းသည်မဟုတ်ပါလား...။

ယန်ယဲ့ မည်မျှ ရက်စက်ကြမ်းကြုတ်သည်ကို
တွေးမိသောအခါ လူတိုင်း၏
နှလုံးသားများသည် ခါးသီးမှုများနှင့်
ပြည့်နေပါသည်။ အမှန်အတိုင်းဆိုလျှင်

ယနေ့အသက်ရှင်နိုင်လျှင် နောင်အနာဂတ်၌ သေချာပေါက် ဒုက္ခရောက်ကြရပေလိမ့်မည်။

ရုတ်တရက် လုံယုရန်က "ဟမ့်....၊ ဒီနတ်ဆိုးစစ်တပ်က ညမိုးချုပ်တာကို စောင့်နေကြတာ"

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ "ညနေပိုင်းလား"

လုံယုရန်၏မျက်နှာသည် ဖြူဖျော့နေပြီး "ရွှေနတ်ဆိုးဝံပုလွေဘုရင်က ကောင်းကင်ကို

ဘာကြောင့်ပိတ်လှောင်ခဲ့တာလဲ သိလား။
ဘာကြောင့်လဲဆိုတော့ ဝံပုလွေတစ်ကောင်က
ညဖက်မှာ ပိုပြီးအားကြီးလို့ပဲ။
အထူးသဖြင့်တော့ ကောင်းကင်ယံမှာ
လထွက်လာတာနဲ့ပိုပြီး သန်မာလာတယ်"

စကားပြောပြီးရုံပင်ရှိသေး၊ သူတို့အထက်
ကောင်းကင်ယံတွင် လရောင်ခြည်များ
ဖြာထွက်လာပြီး ကောင်းကင်အထက်ရှိ
အကန့်အသတ်မဲ့ အမှောင်ထုသည်
တဖြည်းဖြည်း
ပျောက်ကွယ်သွားလေတော့သည်။

လရောင် ဖြာကျလာသောအခါ
နတ်ဆိုးဝံပုလွေစစ်တပ်သည် ချက်ချင်းပင်
တညီတညွတ်တည်း အူလိုက်ကြတော့သည်။

“တိုက်ခိုက်ကြ”
နတ်ဆိုးဝံပုလွေစစ်တပ်အတွင်းမှ အသံတစ်သံ
ထွက်ပေါ်လာပြီးနောက် သန်းချီသော
နတ်ဆိုးဝံပုလွေများ မြို့တော်ဆီသို့
ဦးတည်သွားကြသည်။

မြေပြင်သည် တဝုန်းဝုန်း တုန်ခါနေနေသည်။
မြေပြင်သာမကပေ၊
တိမ်ပင်လယ်မြို့တစ်မြို့လုံးသည်ပင်
တုန်လှုပ်သွားသည် ။

သန်းချီသော နတ်ဆိုးဝံပုလွေများထံမှ
ပေါင်းစုပြီးထွက်ပေါ်လာသော အရှိန်အဝါကပင်
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်ကို
သတ်ဖြတ်ဖို့လုံလောက်ပေသည်။

ဟောင်ရှုအိုင်က စိတ်ပျက်လက်ပျက်ဖြင့် သူ့မျက်လုံးထဲတွင် "တစ်စုံတစ်ယောက်က ငါ့ကို ကယ်တင်နိုင်မလား"

ဟောင်ရှုအိုင် တစ်ယောက်တည်းတင်မဟုတ်ပဲ အခြားကျောင်းသားများလည်း အတူတူပင်။

ယန်ယွဲ့သည် အသက်ပြင်းပြင်းရှူရင်း မျက်လုံးထဲပြင်းထန်သောအမူအရာတစ်ခု မှိတ်တုတ်မှိတ်တုတ် တောက်ပလာသည်။ သူ့လက်ထဲ ကိုင်ထားသည့် ဟာကျူလီယံဓားကို ဖယ်လိုက်သည်။ သူ၏ညာလက်သီးကို

တင်းတင်းကျပ်ကျပ်ဆုပ်ကာ
ဆန်းကြယ်ချီစွမ်းအင်
အပြည့်ပို့လွှတ်ပြီးလိုက်လေသည်။

နောက်ဆုံးတွင်တော့ ယန်ယွဲ့သည်
နတ်ဆိုးဝံပုလွေစစ်တပ်ဆီ လျှောက်မသွားဘဲ
မြို့တံခါးဆီကိုသာ လျှောက်သွားခဲ့သည်။
ထို့နောက် သူက လက်သီးကို ရှေ့သို့
ဖြည်းညင်းစွာ ဆန့်တန်းကာ "တံခါးဖွင့်ဖို့
ငြင်းတဲ့အတွက် ငါကိုယ်တိုင်လုပ်မယ်"

“ဖျက်ဆီးခြင်းနတ်လက်သီး….”

သူသည် သန်းချီသော

နတ်ဆိုးဝံပုလွေစစ်တပ်ကို တစ်ကိုယ်တည်း

ရင်ဆိုင်ရလောက်အောင် အရူးမဟုတ်ပေ။

ထိုသို့လုပ်ခဲ့လျှင် သူ့ကိုယ်သူ

သေလမ်းရှာခြင်းနှင့်အတူတူပင်မဟုတ်ပါလား။

အကယ်၍ သူက

ကောင်းကင်ဘုံဖျက်ဆီးခြင်းဓားကို

ထုတ်သုံးလိုက်လျှင်ပင် ဤမျှများပြားသော

နတ်ဆိုးဝံပုလွေစစ်တပ်နှင့်

တိုက်ခိုက်နိုင်စွမ်းမရှိပေ။

တစ်ခုတည်းသောနည်းလမ်းမှာ
မြို့တံခါးများကိုဖွင့်ပြီး
လူတိုင်းကိုဝင်ခွင့်ပြုနိုင်ဖို့သာဖြစ်သည်။

တိမ်ပင်လယ်မြို့တော်ကို ပျက်စီးစေမည့်
အန္တရာယ်ရှိသော်လည်း ယခုအချိန်တွင်
သူလည်း ရွေးချယ်စရာမရှိတော့ပေ။

ယန်ယဲ့၏ညာလက်သီးက မြို့တံခါးဆီသို့
ဖြည်းညှင်းစွာ ရိုက်ချိုးလိုက်သည် ။
သူ့လက်သီးက မြို့တံခါးနှင့်
နီးကပ်လာသည်နှင့်အမျှ

ကြောက်မက်ဖွယ်ကောင်းသော
အငွေ့အသက်များလွင့်ထွက်သွားပြီး
မြို့တံခါးအရှေ့လေထုပင်လျှင် ပြင်းထန်စွာ
တုန်လှုပ်သွားခဲ့သည်။

လဲ့နန် နှင့် အခြားသူများသည်လည်း
ဤမြင်ကွင်းကိုမြင်ရသောအခါ
အံ့အားသင့်သွားကြသည်။

"မင်းက သေလမ်းရှာတာဘဲ" လဲ့နန်က
သူ့လက်ကို ဝှေ့ယမ်းရင်း ဒေါသတကြီး
အော်ဟစ်လိုက်သည်။ တစ်ချိန်တည်းမှာပင်

သူ့နောက်ကွယ်ရှိ အတွင်းစည်းခြံဝန်း၏ တပည့်များက တိုက်ခိုက်မှုအများအပြားနှင့် ယန်ယဲ့ကို တိုက်ခိုက်လိုက်ကြသည်။

တစ်ချိန်တည်းမှာပင် မြို့ရိုးအထက်မှ အစိမ်းရောင် လျှပ်စီးကြောင်းများက ရုန်းကြွလာပြီး ယန်ယဲ့နှင့် အခြားလူများဆီသို့ လွင့်ထွက်လာသည်။

"ပူးပေါင်းတိုက်ခိုက်မှု" လဲ့နန် က အေးစက်စက်အော်ဟစ်လိုက်သည်။ ထို့နောက် သူ့ဆီကနေ စူးရှတောက်ပသော

အဖြူရောင်အလင်းတန်းများ ထွက်လာပြီး သူ့ပတ်ပတ်လည်ရှိ ကျောင်းသားများအားလုံးလည်း လှုပ်ရှားလိုက်ကြသည်။

အဖြူရောင်အလင်းသည် ရောမအဖြူရောင်ဓားကြီးအဖြစ် ပြောင်းလဲကာ ယန်ယဲ့ကို ပိုင်းချသွား၏။ ဓားအရှိန်က အလွန်လျင်မြန်လွန်းသဖြင့် ယန်ယဲ့သည်ပင် မရှောင်နိုင်ခဲ့ပေ။

ထို့နောက်တွင် ယန်ယဲ့၏ခန္ဓာကိုယ်သည် ၃ ကီလိုမီတာအကွာသို့ လွင့်ပျံသွားကာ

အဆောက်အဦးတစ်ဒါဇင်ကျော်ကို ဖြိုချပြီး အပျက်အစီးများအောက်မှာ နစ်မြုပ်သွားခဲ့သည်။

လဲ့နန်သည် သူ့ပါးစပ်ထောင့်တွင် လှောင်ပြောင်သံတစ်ခု ထွက်ပေါ်လာပြီး "အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာက ဒါပဲလား။ ဘယ်လောက်တောင် အားနည်းလဲ...."

“သူက တကယ်ကို အားနည်းတယ်။ တိုက်ခိုက်မှုတစ်ခုတည်းနဲ့တင် တကယ် သေသွားပြီ”

“အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာကို သတ်လို့
ငါတို့ အပြစ်ပေးမှာ မဟုတ်ဘူး
ဟုတ်တယ်မလား”

"ဒီလောက် ပျော့ညံ့နေတာ သူ့အပြစ်ပဲ..."

လဲ့နန် အနောက်မှာ ရပ်နေသည့်
အတွင်းစည်းကျောင်းသားများ အားလုံးလည်း
ချက်ချင်းသဘောတူကြသည်။

“အခုတော့ အဲဒီလူအုပ်စုက ပြီးသွားပြီ….”
ယူဝူရှမ်က ထိုစကားကို
ကြားလိုက်သောအခါတွင် ခေါင်းယမ်းကာ
သူမ၏ မျက်လုံးများက စိုးရိမ်မှု
အရိပ်အယောင်များ ပေါ်လာသည်။ ဤကိစ္စက
ပိုပိုပြီး
ပြဿနာကြီးလာမှန်းသိလိုက်သည်မဟုတ်ပါ
လား။

ဘေးမှာရပ်နေသော လီမိုကျန်း နှင့် လီချင်ကျင်း
တို့ပင်လျှင် သဘောတူဟန်ဖြင့်
ခေါင်းညိတ်ကြသည်။

သူတို့က ယန်ယဲ့၏စရိုက်ကို ရှင်းရှင်းလင်းလင်း သိထားကြသည်။

အထူးသဖြင့် လီချင်ကျင်း ပင်။ သူမဟာ ယန်ယဲ့၏အနားတွင် အချိန်အတော်ကြာနေလာခဲ့သည်ဖြစ်ရာ ၎င်းဒေါသထွက်ပါက လုံးဝကိုအရူးဖြစ်ကြောင်း ကောင်းကောင်းသိနေခဲ့သည်။

တာအိုအမိန့်တော်ကို တိုက်ရိုက်စိန်ခေါ် ခဲ့သည့်လုပ်ရပ်ဟာ အကောင်းဆုံးသက်သေပင် မဟုတ်ပေလား။

အခြားတစ်ဖက်တွင်မူ လုံယုရန် နှင့်
ကျောင်းသားအုပ်စု၏ အမူအရာများသည်
သိသိသာသာ ပြောင်းလဲသွားခဲ့သည်။ သူတို့က
လီချင်ကျင်း နှင့် ယုဝူရှမ် တို့လိုမဟုတ်ဘဲ
ယန်ယဲ့၏စစ်မှန်သောခွန်အားကို မသိခဲ့ကြပေ။

ထို့ကြောင့် ယန်ယဲ့
ရိုက်ချခံလိုက်ရသည့်မြင်ကွင်းကို
မြင်တွေ့လိုက်ရာ ယန်ယဲ့
ပြုတ်ကျသည့်နေရာဆီသို့
အလျင်အမြန်ပြေးထွက်သွားကြသည်။

သို့သော်လည်း အဖြူရောင်ဝတ်လူတစ်ဦးက သူတို့ရှေ့ကို ပိတ်ဆို့ထားခဲ့သည်။

အဖြူရောင်ဝတ်လူက သူတို့ကို တစ်ချက်ကြည့်လိုက်ပြီး "အပြင်စည်းခြံဝန်းရဲ့အမှုက်တွေ! ငါတို့က မင်းတို့ အားလုံးကို အနိုင်ကျင့်တယ်လို့ မပြောနဲ့။ အကယ်ဒမီမှာ ကိုယ့်ကိုယ်ကိုနှိမ့်ချနေသင့်တယ်ဆိုတာ အားလုံးသိစေချင်တယ်။ မဟုတ်ရင် ဟီးဟီး။ မင်းတို့ရဲ့အမှုက်ဆရာက အကောင်းဆုံး ဥပမာပါပဲ။ နားလည်း ငါ...."

ယန်ယဲ့က သူ့ရှေ့တွင် ရုတ်တရက်ပေါ်လာပြီး
သူ့လည်ပင်းကို ဖမ်းဆုပ်ထားလိုက်သဖြင့်
အဖြူရောင်ဝတ်လူက
စကားဆက်မပြောနိုင်တော့ပေ။

ဤရုတ်တရက်မြင်ကွင်းက လဲ့နန် နှင့်
အခြားအတွင်းစည်းကျောင်းသားများကို
အံ့သြတုန်လှုပ်သွားစေသည်။

"မင်း... မင်း အသက်ရှင်နေတုန်းလား"
အဖြူရောင်ဝတ်ရုံလူက ယန်ယဲ့ကို
မယုံကြည်နိုင်စွာ စိုက်ကြည့်နေသည်။

ယန်ယဲ့က "မင်းအရမ်းစိတ်ပျက်နေလား"

“မင်း….” ထိုလူက တစ်ခုခုပြောဖို့
ရည်ရွယ်ထားသော်လည်း ယန်ယဲ့က
ဓင်းကိုလည်ပင်းလိမ်ချိုးကာ
မြေပေါ်ပစ်ချလိုက်၏။

ဖောင်း!

ပေါက်ကွဲသံတစ်ချက် ထွက်ပေါ်လာပြီး ထိုလူ၏ဦးခေါင်းက မြေပြင်နှင့် ရိုက်ခွဲမိလျက်သားဖြစ်သည်။ သွေးများ လေထဲပန်းထွက်လာရုံသာမကဘဲ မြေပြင်သည်ပင်ကွဲသွားခဲ့သည်။

"သူ့ကို သတ်လိုက်တာလား"

ဤနေရာရှိလူတိုင်းသည် ယန်ယဲ့က အတွင်းစည်းကျောင်းသားကို

အမှန်တကယ်သတ်ပစ်မည်ဟု
မမျှော်လင့်ထားခဲ့ကြပေ။

"မင်းဘယ်လိုလုပ်ဝံ့လဲ! မင်း... မင်း ငါ့ရဲ့
အကယ်ဒမီ ကျောင်းသားတစ်ယောက်ကို
တကယ်သတ်ခဲ့တာလား။ အပြစ်ပေးမဲ့ ပေး ငါ့ရဲ့
စည်းကမ်းထိန်းသိမ်းရေးခန်းမကပဲ
အပြစ်ပေးမယ်"
စည်းကမ်းထိန်းသိမ်းရေးအကြီးအကဲဟုဆိုသူ
က ယန်ယွဲ့ကို ဒေါသတကြီးစိုက်ကြည့်နေသည်။
သူ့မျက်လုံးထဲမှာလည်း ထိတ်လန့်ခြင်းအပြင်
အကန့်အသတ်မဲ့ဒေါသများ ရှိနေသည်။

ဖြောင်း!

ဟောင်ရှုအိုင်က ထိုအဘိုးအိုကို ပါးဖြတ်ရိုက်လိုက်သည်။ "ပါးစပ်ပိတ်ထား၊ ဒါမှမဟုတ် မင်းကို သတ်ပစ်မယ်"

ထိုစကားပြောပြီးနောက် သူ့နောက်ကလူတိုင်းကို လှည့်ကြည့်ပြီး "ကြောက်တဲ့သူရှိလား" ဟု မေးလိုက်လေသည်။

အားလုံးက ခေါင်းယမ်းကြသည်။

ဟောင်ရှုအိုင်က ဒေါသတကြီး
အော်ဟစ်လိုက်သည် "ကောင်းပြီ၊ ဒါဆို ငါတို့
သူ့နောက်ကို အဆုံးထိ လိုက်မယ်”

"လုပ်လိုက်ကြရအောင်"

“သတ်”

"မင်းတို့အားလုံး ဟိုမှာနေပြီး
အနှောင့်အယှက်မပေးနဲ့" ယန်ယွဲ့က

ပြေးတက်လာသော ကျောင်းသားအုပ်ကို တစ်ချက်ကြည့်လိုက်ပြီး လဲ့နန် နှင့် အတွင်းစည်းကျောင်းသားများဆီ လျှောက်သွားရင်း “ဒီပူးပေါင်း တိုက်ခိုက်မှုက တကယ်မဆိုးပါဘူး။ နောက်တစ်ခါ စမ်းကြည့်ချင်လား"

လဲ့နန်က "မင်း.... မင်း အတွင်းစည်းကျောင်းသားတစ်ယောက်ကို သတ်ပစ်ရဲတယ်လား"

"မင်းတို့အားလုံး ငါ့ကို သတ်ချင်နေကြတာပဲ
မဟုတ်လား"  ယန်ယဲ့က ဆက်ပြောလိုက်သည်
“မင်းတို့ ငါ့ကို သတ်ချင်တယ်ဆိုတော့
သေဖို့လည်း အသင့်ပြင်ထားရမယ်။
ငါ့စကားကို နောက်တစ်ကြိမ်ထပ်ပြောပါရစေ၊
မင်းခေါင်းက ငါ့လက်ချက်နဲ့ပဲ...."

သူစကားပြောပြီးသည်နှင့် ယန်ယဲ့၏ပုံရိပ်သည်
ရှေ့သို့ တိုးလာသည်။

၁၁၀၆

Almighty Sword Domain

အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၀၆ - သေမင်းနတ်ဘုရား အလား

"သူ ရှုးသွားပြီ။ သူက အကြီးအကဲတစ်ဦးကို ဒဏ်ရာရစေတဲ့အပြင် ငါတို့ရဲ့ အတွင်းစည်းကျောင်းသားတစ်ယောက်ကိုပါ သတ်ပစ်လိုက်တယ်။ ကျောင်းသားတို့၊ ငါ့အမိန့်ကို နားထောင်ကြလော့။ မင်းတို့အစွမ်းရှိသမျှ သတ်ပစ်။ ပူးပေါင်းတိုက်ခိုက်ကြ"

လဲ့နန်၏အေးစက်စက်အသံ ထွက်ပေါ်လာသည်။ တစ်ချိန်တည်းမှာပင်

လူတိုင်း၏ ဆန်းကြယ်ချီစွမ်းအင်များ

ပေါက်ကွဲထွက်လာပြီး အထက်လေထုထဲတွင်

ရောမစွမ်းအင်ဓားကြီးတစ်ချောင်း

တဖန်ပေါ်လာသည်။

၎င်းတို့၏ဆန်းကြယ်ချီစွမ်းအင်များ

အဆက်မပြတ်တိုးဝင်လာသည်နှင့်အမျှ

ရောမစွမ်းအင်ဓားကြီးက

တဖြည်းဖြည်းကြီးမားလာကာ

ကြောက်မက်ဖွယ်ရာဖိအားများ

ဖြာထွက်လာခဲ့သည်။

“သတ်” လဲ့နန် အမိန့်ပေးလိုက်သည်နှင့်
တပြိုင်နက် ဧရာမစွမ်းအင်ဓားကြီးက
ပြင်းထန်စွာတုန်ခါသွားပြီး
လျှပ်စီးတန်းတစ်ခုအလား ရှေ့သို့
ပိုင်းချသွားသည်။

ယန်ယွဲ့၏ပါးစပ်ထောင့်တွင်
ရက်စက်ကြမ်းကြုတ်သော အမူအရာတစ်ခု
ပေါ်လာသည်။ သူညာလက်ကိုဝှေ့ယမ်းပြီး
ဟာကျူလီယံဓားကို ထုတ်ယူလိုက်သည်။
ထို့နောက် ဟာကျူလီယံဓားကို

လက်နှစ်ဖက်ဆုပ်ကိုင်ကာ
အားကုန်ပိုင်းချလိုက်၏။

ဘန်း...

လေထဲ၌ ကျယ်လောင်သော ပေါက်ကွဲသံကြီး
ပဲ့တင်ထပ်ကာ စွမ်းအင်ဓားကြီးက
အပိုင်းပိုင်းမပေါက်ကွဲမီ တုန်လှုပ်သွားသည်ကို
လူတိုင်းမြင်လိုက်ကြရသည်။ ထိုခဏလေးမှာပဲ
စွမ်းအင်ဓားကြီးက ကောင်းကင်မှ
မိုးရွာချလာသကဲ့သို့ မရေမတွက်နိုင်သော
စွမ်းအင်များအဖြစ် ပြောင်းလဲသွားသည်။

"သေ" ယန်ယဲ့၏ပုံရိပ်သည် အလင်းတန်းတစ်ခုအဖြစ်ပြောင်းကာ လဲ့နန် ဆီသို့ ခုန်ဝင်လိုက်သည်။

လဲ့နန်၏မျက်နှာသည် မည်းမှောင်လာပြီး "ဝင်္ကပါအကာအကွယ်ကိုအသက်သွင်းလိုက်ကြ"

ယန်ယဲ့၏ကြောက်မက်ဖွယ်ရာစွမ်းအားကြောင့် သူတို့ ထိတ်လန့်သွားသော်လည်း တုံ့ပြန်မှုသည် နှေးကွေးခြင်းမရှိပေ။ အားလုံး လဲ့နန်၏စကားကို ကြားသောအခါ ကိုယ်စီ

လက်နှစ်ဖက်ကိုဆန့်ကာ
ချိတ်ပိတ်ပုံစံပြုလုပ်ပြီး
ရှေ့တည့်တည့်ဖိချလိုက်ကြည်။
တစ်ချိန်တည်းမှာပဲ
အဖြူရောင်အလင်းတန်းတစ်ခု
ချက်ချင်းပေါ်လာပြီး ၎င်းတို့ကို
ဖုံးအုပ်ထားသည်။

ထိုအချိန်တွင် ယန်ယဲ့သည်
အဖြူရောင်အလင်းတန်းအတားအဆီးရှေ့သို့
ရောက်လာခဲ့သည်။

သို့သော်လည်း သူက တုံ့ဆိုင်းမနေပေ။ သူ့လက်နှစ်ဖက်ကို မြှောက်ကာ ဟာကျူလီယံများဖြင့် အလင်းအတားအဆီးကို ပိုင်းချလိုက်၏။

ဘုန်း!

အဖြူရောင်အလင်းတန်းအတားအဆီးသည် ပြင်းထန်စွာ တုန်ခါသော်လည်း မပြိုကွဲဘဲ ကျယ်လောင်သော ပေါက်ကွဲသံတစ်ခုသာ ထွက်ပေါ်လာ၏။ ထိုအရာက လဲ့နန်နှင့်သူ့နောက်မှကျောင်းသားအုပ်ကို ချက်ချင်း

သက်ပြင်းချနိုင်စေသည်။ သို့သော်လည်း ယန်ယဲ့သည် ဟာကျူလီယံဓားကို ထပ်မံမြှောက်လိုက်ပြီး နောက်တစ်ကြိမ် ခုတ်ပိုင်းချလိုက်သည်...။

ဘုန်း! ဘုန်း! ခွမ်း!

အကြိမ်အနည်းငယ် ပိုင်းချပြီးနောက် အဖြူရောင်အလင်းတန်းအတားအဆီးတွင် အက်ကြောင်းများ စတင်ပေါ်လာသည်။

လဲ့နန် အပါအဝင် လူတိုင်း
အံ့သြသွားကြသည်။အထူးသဖြင့် ဒီအချိန်မှာ
လဲ့နန်က
အတော်လေးကိုကြောက်ရွံ့နေခဲ့ပြီဖြစ်သည်။

အမှန်တော့ ယန်ယဲ့သည် အဆင့်မြင့်
သူတော်စင်တစ်ပိုင်းအဆင့်ကို
အနိုင်ယူပြီးကတည်းက
သူကြောက်ရွံ့နေပြီဖြစ်သည်။ သူသည်
လူမိုက်မဟုတ်သောကြောင့် သံပြားကို ကန်မိပြီ
ဖြစ်ကြောင်း သိလိုက်သည်။ သို့သော်လည်း
ပြန်လည်သင့်မြတ်ဖို့မဖြစ်နိုင်သည်မှာ

သိသာနေပြီဖြစ်သည်။ ထို့ကြောင့် သူ့အတွက် တစ်ခုတည်းသောရွေးချယ်မှုက ယန်ယဲ့ကိုသတ်ပြီး အနာဂတ်ဒုက္ခများကို ကြိုတင်ရှင်းပစ်ဖို့သာရှိတော့၏။ တစ်ဖက်တွင်လည်း အတွင်းစည်းကျောင်းသားရာချီ၏ပူးပေါင်းတိုက်ခိုက်မှုက ယန်ယဲ့ကို သတ်ပစ်နိုင်မည်ဟု ထင်ခဲ့သည်။

သို့ရာတွင် ယန်ယဲ့၏ခန္ဓာကိုယ်သည် သူတော်စင်တစ်ပိုင်းအဆင့် နတ်ဆိုးသားရဲတစ်ကောင်ထက်ပင် ပိုကြောက်စရာကောင်းနေမည်ဟု မထင်ထားခဲ့ပေ။ ထို့အပြင်

ယန်ယဲ့၏တိုက်ခိုက်ရေးစွမ်းအားကလည်း
ပိုလို့တောင်
ကြောက်စရာကောင်းနေသေးသည်။

နောက်ဆုံးတွင်
သူတို့၏ပူးပေါင်းတိုက်ခိုက်မှုသည် အဆင့်မြင့်
သိုင်းသူတော်စင်များကိုပင် ခုခံနိုင်စွမ်းရှိသည်။

သို့သော် ယန်ယဲ့သည်
သိုင်းကေရာဇ်အဆင့်သာရှိခဲ့၏။
လဲ့နန် သာမကဘဲ အခြား
အတွင်းစည်းကျောင်းသားများအားလုံးလည်း

အံ့သြသွားကြသည်။ လဲ့နန်း နှင့်အလားတူပင် သူတို့၏နှလုံးသားထဲ ထိတ်လန့်မှုများ စတင်ပေါ်ပေါက်လာခဲ့သည်။

"လူတိုင်း၊ သူရှုံးသွားပြီ၊ သူက အကာအကွယ်ကိုဖျက်ဆီးပြီးတာနဲ့ ငါတို့အားလုံးကိုသတ်မှာသေချာတယ်။ မင်းတို့ အသက်ရှင်ချင်တယ်ဆိုရင်တော့ အားလုံး အတူတူပေါင်းပြီး သတ်ပစ်မှရမယ်" လဲ့နန်းက ယန်ယွဲ့ကို စူးစူးစိုက်စိုက် စိုက်ကြည့်နေပြီး မျက်လုံးထဲတွင် သတ်ဖြတ်ချင်စိတ်များ မြင်နိုင်သည်။

အကယ်ဒမီ၏ထိပ်တန်းအာဏာပိုင်များက ရှေးနတ်ဆိုးဝံပုလွေတောင်တန်း၏ပညာရှင်များနှင့် တိုက်ခိုက်နေသောကြောင့် ယန်ယွဲ့ကို တားဆီးနိုင်မှာမဟုတ်ပေ။ ထို့ကြောင့် အသက်ရှင်လိုပါက တစ်ခုတည်းသောနည်းလမ်းမှာ သူတို့အားလုံး ပူးပေါင်းတိုက်ခိုက်ဖို့သာ ရှိတော့၏။

အတွင်းစည်းကျောင်းသားတစ်ဦးက “သူက… သူက အပြင်စည်းခြံဝန်းရဲ့နည်းပြဆရာ မဟုတ်လား…”

အစောပိုင်းကသာ ယန်ယွဲ့ကို သတ်နိုင်ပါက
ယခုလိုပြဿနာများရှိလာမည်မဟုတ်ပါ။
အမှန်စင်စစ် ယန်ယွဲ့ အားနည်းလွန်းသည်ကိုသာ
အပြစ်တင်နိုင်သည်။ထို့အပြင်
သေဆုံးသွားသော နည်းပြဆရာက
အကယ်ဒမီအတွက်
လုံးဝတန်ဖိုးမရှိသောကြောင့် ၎င်းအတွက်
သူတို့အားလုံး အလွန်အကျွံ
အပြစ်ပေးခံရမည်မဟုတ်ပါ။

ယခုအချိန်တွင်မူ ယန်ယွဲ့သည်
အားနည်းရုံသာမကဘဲ အလွန်ပင်

သန်မာခဲ့သည်။ ထို့ကြောင့် ယန်ယဲ့ကို မသတ်နိုင်ပါက သူတို့အားလုံး ငရဲရောက်သွားနိုင်သည်။

လဲ့နန်က ထိုကျောင်းသားကို အေးစက်စွာ ကြည့်လိုက်ပြီး "သူ ငါတို့ကို လွှတ်ပေးလိမ့်မယ်လို့ မင်းထင်လား"

လဲ့နန်၏စကားကိုကြားလိုက်သောအခါတွင် အတွင်းစည်းကျောင်းသားများ၏အမူအရာများ သည် ချက်ချင်းပင် အုံ့မှိုင်းသွားခဲ့သည်။

လဲ့နန်က "ငါတို့ရဲ့ အတွင်းစည်းခြံဝန်းမှာ လူတွေအများကြီးရှိနေတယ်၊ ဒါကြောင့် သိုင်းကေရာဇ်အဆင့် ပြိုင်ဖက်နဲ့ ယှဉ်ပြိုင်ဖို့တောင် မဝံ့ရင် အတွင်းစည်းခြံဝန်းက တကယ်အရှက်ကွဲသွားလိမ့်မယ်။ ဒါ့ အပြင် သူက ငါတို့အတွင်းစည်းခြံဝန်းရဲ့ အကြီးအကဲတစ်ယောက်ကိုတောင် သတ်ပစ်လိုက်တာလေ။ ဒါဆို ငါတို့က သူ့ကို သတ်လို့ မရနိုင်ဘူးလား။ ငါတို့ အတွင်းစည်းခြံဝန်းရဲ့ ကျောင်းသားတွေကို အနိုင်ကျင့်လို့ရတယ်လို့ မင်းပြောနေတာလား"

ဤအထိ ပြောပြီးသောအခါ လဲ့နန်က
ကျယ်လောင်စွာ အော်ပြောလိုက်သည်"ငါတို့
အတွင်းစည်းကျောင်းသားတွေက
သေခြင်းတရားကို မကြောက်ကြဘူး။ ငါတို့
သူ့ကို သွေးနဲ့ ပေးဆပ်ခိုင်းရမယ်။
ငါနဲ့အတူလာပြီးသတ်ကြ”

လဲ့နန်၏စကားကို ကြားလိုက်သောအခါ
အတွင်းစည်းကျောင်းသားများသည်
မျက်နှာထက်တွင် ရက်စက်ကြမ်းကြုတ်သော
အမူအရာများကို စတင်ထုတ်ဖော်ခဲ့ကြသည်။

ဘောင်း!

ရုတ်တရက် လေထဲတွင် အဖြူရောင် အလင်းတန်းများ ပေါက်ကွဲထွက်လာခဲ့သည်။

လဲ့နန်က "သတ်ပစ်"

“သတ်”

"မင်းရဲ့သွေးနဲ့ ပေးဆပ်ပါ..."

မြို့ရိုးအထက်ကနေ မရေမတွက်နိုင်သော
အသံများ ပဲ့တင်ထပ်ကာ
အစွမ်းထက်တိုက်ခိုက်မှုများက ယန်ယွဲ့ဆီသို့
တိုးဝင်လာပြီး ကောင်းကင်ယံအထက်
လွင့်စင်သွားခဲ့သည်။

သို့သော်လည်း တိုက်ခိုက်မှုများစွာက ယန်ယွဲ့ကို
လုံးဝအသုံးမဝင်သည့်အလား လုံးဝ
အရှိန်မလျှော့ခဲ့ပေ။ သူ တဟုန်ထိုး
ရှေ့တိုးလိုက်သည်နှင့်
မြောက်များစွာသောပုံရိပ်များ

လွင့်ပျံတက်လာပြီး ချက်ချင်းပင် မြေပြင်ပေါ်
ပြန်ပြုတ်ကျလာခဲ့သည်။

အစပိုင်းတွင် မကြောက်မရွံ့
ရှေ့ပြေးတက်လာသူများရှိသော်လည်း
ယန်ယဲ့၏ သေမင်းနတ်ဘုရားကဲ့သို့
ရက်စက်သောသတ်ဖြတ်ခြင်းကို မြင်သောအခါ
မရေမတွက်နိုင်သော
အတွင်းစည်းကျောင်းသားများအားလုံး
ကြောက်ရွံ့ထိတ်လန့်သွားကြသည်။ထို့နောက်
တွင် အချို့က ရှေ့ကိုမတိုးဝံ့တော့ဘဲ
နောက်ပြန်ဆုတ်သွားလေသည်…။ အသက်ရှူ၂

ရှိုက်စာအတွင်းမှာပဲ ယန်ယဲ့ရှေ့တွင် မည်သူမျှ ရှိမနေတော့ပေ။

သူ့အနီးပတ်ဝန်းကျင်မှာတော့ အတွင်းစည်း ကျောင်းသား ၁၀၀ ကျော် မြေပြင်ပေါ်မှာ လဲလျောင်းနေ၏။ အချို့က အသက်မဲ့နေပြီး အချို့က ခြေကျိုး၊လက်ကျိုးများ ဖြစ်နေသည်။

ဒီအချိန်မှာ အတွင်းစည်းကျောင်းသားအားလုံး ကြောက်လန့်သွားကြသည်။ သူတို့သည် ပါရမီရှင်များဖြစ်ပြီး ယခင်ကတိုက်ပွဲများစွာကို ရင်ဆိုင်ဖူးသော်လည်း ယန်ယဲ့လိုမျိုး

ရက်စက်ကြမ်းကြုတ်သောနည်းလမ်းများနှင့်
ကြုံတွေ့သည့်အခါ
တုန်လှုပ်ခြောက်ခြားနေကြဆဲ ဖြစ်သည်။

လဲ့နန် ဆိုလျှင် လက်နှစ်ဖက်လုံး
တုန်ယင်နေပါပြီ။

အပြင်စည်းခြံဝန်း၏နည်းပြဆရာက
အတွင်းစည်းကျောင်းသားများကို
မျက်တောင်တစ်ချက်ပင်မခတ်ဘဲ
သတ်ဖြတ်ဝံ့လိမ့်မည်ဟု တစ်ခါမှ
မထင်ထားခဲ့ပေ။

"ဟုတ်တယ်... ရဲယန်.... နင်... နင်..
အတွင်းစည်းခြံဝန်းရဲ့ကျောင်းသားတွေ
အများကြီးကို သတ်လိုက်တာ။နင်သေပြီ....
နင်တော့သေပြီ...." ချန်းကျောင်က ယန်ယွဲ့ဆီသို့
လျှောက်လာပြီး
ရုတ်တရက်လက်ညှိုးငေါက်ငေါက်ထိုးကာ
အော်ပြောလိုက်သည်။ သို့သော်လည်း
စကားပင်မဆုံးသေး၊
ယန်ယွဲ့၏လက်တစ်ဖက်က
မြောက်တက်လာပြီး ချန်းကျောင်ကို
ပါးဖြတ်ရိုက်ချလိုက်လေသည်။

ယန်ယဲ့သည် လဲ့နန် ဆီသို့ လျှောက်သွားရင်း
အတွင်းစည်းခြံဝန်း၏ကျောင်းသားများကို
စူးစိုက်ကြည့်ကာ "ငါက ဒုက္ခပေးရတာ
မကြိုက်ပေမယ့် ဒါကိုလည်း မကြောက်ပါဘူး။
အစပိုင်းမှာ လူတစ်ယောက်ပဲ သေရတယ်။
ကံမကောင်းစွာပဲ မင်းတို့တွေက ဒီလိုလုပ်ဖို့
ဆန္ဒမရှိခဲ့ဘူး။ ဒီလောက် အသတ်ခံရဖို့
တောင်းဆိုခဲ့တာလေ။ အဲဒီလိုဆိုတော့ ငါ
မင်းတို့ရဲ့ဆန္ဒကို ဖြည့်ဆည်းဖို့ကလွဲလို့
ရွေးချယ်စရာမရှိတော့ဘူး။ အခု

ငါမေးချင်တာက သူနဲ့အတူ သေချင်နေတဲ့သူ ရှိမလားဆိုတာပဲ"

ဒီအချိန်မှာ အတွင်းစည်းကျောင်းသားတစ်ဦးက ရှေ့သို့ လှမ်းလာပြီး "ငါတို့ရဲ့ အတွင်းစည်းခြံဝန်းကကျောင်းသားတွေကို သတ်လိုက်တော့ အကယ်ဒမီက လုံးဝခွင့်မလွှတ်ဘူး"

ယန်ယွဲ့က မလှုပ်တော့ဘဲ လုံယုရန် နှင့် အခြားကျောင်းသားများကို လက်ညှိုးထိုးပြပြီး "အရင်က မင်းတို့အားလုံး မြို့တံခါး

ဖွင့်လို့ရတဲ့အချိန်မှာ ဘာလို့ မလုပ်တာလဲ။ သူတို့အားလုံးက တံခါးအပြင်မှာ သေဖို့ အရမ်းနီးစပ်နေပြီဆိုတာ မင်းသဘောပေါက်လား။အဲဒီတုန်းက မင်းတို့ အတွင်းစည်းခြံဝန်းရဲ့ကျောင်းသားတွေရော ဘယ်လိုထင်လဲ"

ထိုကျောင်းသားက “အခု သူတို့ အသက်မရှင်ဘူးလား”

ထိုကျောင်းသား၏စကားဆုံးသည်နှင့်
ယန်ယဲ့က သူ့ရှေ့တွင် ပေါ်လာပြီး
လည်ပင်းကနေ ဆွဲမလိုက်သည်။

ထို့နောက် ယန်ယဲ့၏ဘယ်ဖက်လက်သီးက
ရှေ့ဆန့်ထွက်လာပြီး ထိုကျောင်းသား၏ဗိုက်ကို
ကြမ်းတမ်းစွာ ထိုးချလိုက်သည်။

ဖောင်း...

ကျောင်းသား၏ခန္ဓာကိုယ်က လွင့်ပျံသွားပြီး
တစ်ကိုယ်လုံး သွေးများပန်းထွက်လာခဲ့သည်။

ယန်ယဲ့၏လက်သီးချက်က သူ့တစ်ကိုယ်လုံးရှိ
အရိုးအားလုံးကို ထက်ပိုင်းခွဲသွားခဲ့သည်။

ယန်ယဲ့က ကျောင်းသားကို လွှတ်ပေးလိုက်ရာ
၎င်း၏ခန္ဓာကိုယ်က မြေပြင်ပေါ်မှာ
လဲကျသွားသည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့က "အခု မင်း
အသက်ရှင်နေသေးတာ မဟုတ်ဘူးလား"
၁၁၀၇
Almighty Sword Domain
အဆုံးမဲ့ဓားကမ္ဘာ (ယန်ယဲ့)[ကောင်းကင်ပြင်ပ]
ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၁၁၀၇ - အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် နှင့် တိုက်ခိုက်ခြင်း

သူစကားပြောပြီးသည်နှင့် ယန်ယဲ့၏ပုံရိပ်သည် လဲ့နန် ဆီသို့ ပြေးဝင်သွားသည်။ သို့သော်လည်း လှံကိုင်ထားသောအနက်ရောင်ဝတ်အဘိုးအိုတစ်ဦးက သူတို့ကြားတွင် ပေါ်လာပြီး ယန်ယဲ့ရှေ့ ပိတ်ရပ်ထားခဲ့သည်။

"ဂိုဏ်းတူအစ်ကိုယု" လူလတ်ပိုင်းအဘိုးအိုကို မြင်လိုက်ရသောအခါ လဲ့နန်က အတော်လေး ဝမ်းသာသွားသည်။

“ဒီလို ဆိုးယုတ်တဲ့ လုပ်ရပ်တွေက နတ်ဆိုးသားရဲတွေရဲ့ လုပ်ရပ်နဲ့ မတူဘူးလား။ မင်းက အပြင်စည်းခြံဝန်းရဲ့ နည်းပြဆရာဖြစ်နေလို့ ငါမင်းကိုမသတ်ဘူး။ ဒါပေမဲ့ အကယ်ဒမီကျောင်းသားတွေကို မင်းထပ်မသတ်နိုင်တော့အောင် ငါမင်းကို အပြစ်တစ်ခုခုပေးရမယ်" စကားဆုံးသည်နှင့် တပြိုင်နက် ဘိုးအိုကသူ၏လက်ထဲက လှံကို

ယန်ယဲ့ဆီ ပစ်လွှတ်လိုက်လေသည်။ လှံက အေးစက်စက်အငွေ့အသက်များ ပျံ့လွင့်လာပြီး တဖျပ်ဖျပ်လက်နေသော အလင်းတန်းများ ဖြာထွက်လာသည်။ အရှိန်က အလွန်မြန်ဆန်သဖြင့် ယန်ယဲ့ဟာ မရှောင်နိုင်ဘဲ မီတာ ၃၀၀ အကွာသို့ လွင့်ထွက်သွားခဲ့ရသည်။

" အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် လား "

လူလတ်ပိုင်းအဘိုးအိုက သူ့လက်ကို ဝှေ့ယမ်းပြီး လှံကို ပြန်ဆုပ်ကိုင်လိုက်သည်။ ထို့နောက် အတွင်းစည်းကျောင်းသားများ၏

အလောင်းများကို ငုံ့ကြည့်ကာ သူ့မျက်လုံးထဲ၌
သတ်ဖြတ်လိုစိတ်များ ပြည့်လာကာ

"မင်းက အကယ်ဒမီရဲ့
နည်းပြဆရာဖြစ်နေတာတောင်
ကျောင်းသားတွေကို သတ်လိုက်တယ်။
သူတို့အားလုံးက အနာဂတ်မှာ
ငါတို့အကယ်ဒမီရဲ့
ထောက်တိုင်တွေဖြစ်လာမယ်ဆိုတာ
မင်းသဘောပေါက်လား"

"စီနီယာအစ်ကိုယု၊ သူ့ကိုသတ်လိုက်"
ထိုအချိန်တွင် လဲ့နန်က အဘိုးအိုဖက်သို့

အလျင်အမြန်လျှောက်လာကာ “သူက အကြီးအကဲတစ်ယောက်ကို ဒဏ်ရာရစေတယ်။ ငါတို့ အတွင်းစည်းခြံဝန်းရဲ့ ကျောင်းသားတွေကို သတ်ပစ်တယ်။ အခုလည်း ငါ့ကို သတ်ချင်နေတယ်။ သူ… သူရှူးသွားပြီ။ ဒါ့အပြင် သူက ချန်းကျောင် ကိုတောင် ပြဿနာရှာတယ်”

အဘိုးအိုက သူ့လှံကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်လိုက်ပြီး ယန်ယဲ့ကို ထိုးချိန်လိုက်သည်။ သူက “မင်းကို ငါမသတ်ချင်ပေမဲ့ မင်းရဲ့လုပ်ရပ်တွေက

တကယ့်ကို ဆိုးလွန်းတယ်။ မင်းကိုမသတ်ဘဲ ငါ့နှလုံးသားထဲက ဒေါသတွေကို ဖြေဖျောက်ဖို့ မဖြစ်နိုင်ဘူး။နောက်ပိုင်းမှာ ဗြာနမူးက ငါ့ကို အပြစ်ပေးမယ်ဆိုရင်တောင် ငါ့ရဲ့အပြစ်ဒဏ်ကို လက်ခံမှာပါ”

ထိုအချိန်တွင် ယုဝူရှမ်က အဘိုးအိုထံသို့ ရုတ်တရက် လှမ်းလာပြီး "အကြီးအကဲ! ဘာလို့ သူ့ကိုသတ်ချင်တာလဲလို့ မမေးဘူးလား"

ယုဝူရှမ်က အဘိုးအိုကို ပြန်မဖြေခင် " ရွှေနတ်ဆိုးဝံပုလွေတောင်တန်းမှာတည်းက

အခြေအနေအမျိုးမျိုးပြောင်းသွားလို့
လူသစ်စုဆောင်းပွဲက တပည့်တွေကို စုစည်းပြီး
တိမ်ပင်လယ်မြို့ကို ခက်ခက်ခဲခဲပြန်
ခေါ်လာခဲ့ရတယ်။ ငါတို့တွေ
အခက်အခဲမျိုးစုံကိုကျော်ဖြတ်ပြီး
မြို့ကိုရောက်အောင်ပြန်လာခဲ့ပေမဲ့ အဲဒီလဲ့နန်က
မြို့တံခါးတွေကို ဖွင့်မပေးဘဲ
တမင်ပိတ်ခိုင်းတယ်။ အကြီးအကဲ!
ဒါကိုပြောကြည့်ပါ။ အဲဒါကို ငါတို့
ဘယ်လိုသည်းခံရမှာလဲ"

ထိုစကားကြောင့် အဘိုးအို၏အကြည့်သည်
လဲ့နန် အပေါ်ကျဆင်းလာခဲ့သည်။
လဲ့နန်၏အမူအရာသည်
အနည်းငယ်ပြောင်းသွားပြီး
“နည်းပြဆရာရဲယန်ကို
ဒီလိုလုပ်ဖို့ တောင်းဆိုတာက ချန်းကျောင်ပါ။
နည်းပြရဲ က သူ့ကို အရှက်ရစေခဲ့တယ် လို့
သူမက ပြောတယ်....”

အဘိုးအိုက ချန်းကျောင်ကို ထပ်မံ
စူးစိုက်ကြည့်နေသည်။ ချန်းကျောင်က
အဘိုးအို၏အကြည့်ကို သတိထားမိသည့်အခါ

ကြောက်လန့်သွားပြီး ပြန်မကြည့်ဝံ့တော့ပေ။ သူမက အသံတိုးတိုးလေးသာပြောလိုက်သည်။ “ငါ··· ငါ သူ့ကို မြို့တံခါးဖွင့်ပေးဖို့ တောင်းဆိုချင်ရုံပါပဲ။ ငါ…ဒီလိုဖြစ်လာဖို့ ဘယ်တုန်းကမှ မမျှော်လင့်ထားဘူး။ ငါ….”

ထိုအချိန်တွင် ယုဝူရှမ်က လဲ့နန်ကို ရုတ်တရက် လက်ညှိုးထိုးပြပြီး "တကယ်တော့ ဒီအရာတွေအားလုံးအတွက် သူ့ကို အပြစ်တင်ရမှာ။ နည်းပြဆရာ ရဲ က သူ့နာမည်ကို အစောပိုင်းက ထုတ်ဖော်ခဲ့ပေမဲ့ မြို့တံခါးကို ဖွင့်ဖို့ ငြင်းဆန်နေတုန်းပဲ။ ဒါ့အပြင်

သူက ငါတို့ဆရာကို သတ်ဖို့
အမိန့်တောင်ပေးခဲ့သေးတယ်။ တကယ်လို့
ဆရာသာ မသန်ဘူးဆိုရင် အခုဆို မြေပေါ်က
အလောင်းဖြစ်နေလောက်ပြီ"

ယုဝူရှမ်က စကားပြောနေရင်း
ခဏရပ်ကာအသက်ပြင်းပြင်းရှူရင်း လဲ့နန်အား
လက်ညှိုးထိုးပြီး "သူက
အဆင့်မြင့်အာဏာပိုင်တစ်ဦးဖြစ်ပေမဲ့
အမျိုးသမီးတစ်ဦးရဲ့စကားကိုနားယောင်ပြီး
ငါတို့အပြင်စည်းကျောင်းသားတွေကို
လစ်လျူရှုခဲ့တယ်။ သူက အမှားလုပ်မိတာကို

ရှင်းရှင်းလင်းလင်း သိထားတာတောင်
နောက်ပြန်မဆုတ်ဘဲ
နောင်ပြဿနာတွေရှင်းဖို့အတွက်နဲ့
နည်းပြဆရာရဲ ကိုသတ်ဖို့ကြံစည်ခဲ့တယ်။
ဒီလိုလုပ်ရပ်တွေက တကယ် သေသင့်တယ်”

"ဘယ်လိုတောင်ပြောဝံ့နေတာလဲ" လှဲ့နန်က
ဒေါသတကြီး အော်ဟစ်လိုက်သည်။ သူက
“လက်ရှိအခြေအနေက ဆိုးတယ်။
မင်းတို့အားလုံးရဲ့နောက်မှာ
နတ်ဆိုးစစ်တပ်ကြီးရှိနေတာလေ။ ဒါကြောင့်
မြို့တံခါးကို ငါဘယ်လိုဖွင့်ဝံ့မှာလဲ။ မင်းတို့

မြို့ထဲဝင်ဖို့ မြို့တံခါးဖွင့်လိုက်ရင်
နတ်ဆိုးစစ်တပ်က ဖမ်းမိသွားရင်ကော....၊
အဲဒီ့အတွက် မင်းတို့တာဝန်ခံနိုင်ပါ့မလား။
ပြီးတော့ ငါအမှားလုပ်မိရင်တောင်
စည်းကမ်းထိန်းသိမ်းရေးခန်းမက
အကြီးအကဲတွေပဲ အပြစ်ပေးလိမ့်မယ်။ မင်းတို့
အပြင်စည်းခြံဝန်းက ဘယ်တုန်းက
စီရင်ချက်ချပိုင်ခွင့်ရှိလဲ"

ယုဝူရှမ်က တစ်ခုခုပြောဖို့
ရည်ရွယ်လိုက်သော်လည်း အဘိုးအိုက
လက်ဝှေ့ယမ်းပြီး "လဲ့နန်ရဲ့ဆုံးဖြတ်ချက်က

မမှန်ကန်ပေမယ်လို့ သူ့အမှားက သေဒဏ်နဲ့ မထိုက်တန်ဘူး။ အတွင်းစည်းခြံဝန်းရဲ့ တပည့်တွေကလည်း သေဒဏ်နဲ့ မထိုက်တန်ဘူး" ဒီအထိ သူပြောပြီးချိန်မှာတော့ ယန်ယဲ့ကို စိုက်ကြည့်ရင်း "မင်းက အကြီးအကဲတစ်ယောက်ကို ဒဏ်ရာရအောင်လုပ်တဲ့အပြင် ကျောင်းသား ဒါဇင်နဲ့ချီ သတ်ခဲ့တယ်။ ဒီလိုလုပ်ရပ်တွေက သေဒဏ်ချနိုင်တယ်။ ဌာနမှူးက ငါ့ကို အပြစ်ပေးမယ်ဆိုရင်တောင် ဒီကျဆုံးသွားတဲ့ အတွင်းစည်းကျောင်းသားတွေအတွက် တရားမျှတမှုကို ရှာဖွေဖို့ ရည်ရွယ်နေဆဲပဲ"

ယုဝူရှမ်၏အမူအရာသည် အနည်းငယ်
ပြောင်းလဲသွားသည်။ သူမ
ဆက်ပြောဖို့ပြင်နေသော်လည်း ယန်ယဲ့ကို
သူမကို နောက်ပြန်ဆွဲကာ "တကယ်တော့
အမှားအမှန်က အရေးမကြီးပါဘူး။
အရေးကြီးတဲ့အပိုင်းကတော့
ငါတို့အားလုံးအတွက် တရားမျှတမှုကို
ငါရှာရမယ်။ စောစောက ငါတို့ကို မပေးဘူး၊
အခုလည်း ငါတို့ကို မပေးတော့ဘူး။ ပြီးရင်
ငါအောင်မြင်တဲ့အထိ ငါကိုယ်တိုင်ရှာယူမယ်”

ယန်ယဲ့သည် လူလတ်ပိုင်းအဘိုးအိုကို စိုက်ကြည့်ကာ “ဒီအကြီးအကဲနဲ့ ကျိုးကြောင်းဆင်ခြင်ဖို့ ကြိုးစားခဲ့သေးတယ်၊ ဒါပေမယ်လို့ မအောင်မြင်ခဲ့ဘူး။ သူက ဒီကိစ္စကို ပြီးပြီးသလို လွှတ်ထားချင်တယ်။ အဲဒါက ငါတို့အတွက် မတရားဘူး၊ ဒါကြောင့် ငါငြင်းတယ်။ အခု မင်းလည်း ငါတို့ကိုလာပြီးဖိနှိပ်ဖို့ကြိုးစားနေတယ်။ အဲလိုဆိုတော့လည်း တိုက်ကြတာပေါ့။ ငါရှုံးရင် မင်း ငါ့ကိုသတ်နိုင်တယ်။ ဒါပေမဲ့ ငါအနိုင်ရရင် မင်းကိုသတ်ပစ်မယ်"

"ရဲယန်! မင်းကိုယ်မင်းဘယ်သူထင်လို့လဲ။ စီနီယာအစ်ကိုယု က အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် ပဲ။ သူ့ကို တိုက်ခိုက်မလား။ မင်း သူ့ရဲ့တိုက်ခိုက်မှုနဲ့တောင် ထိုက်တန်ရဲ့လား" လဲ့နန်က လှောင်ပြောင်လိုက်သည်။

"အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့် လား " ယန်ယဲ့၏ပါးစပ်ထောင့်တွင် အေးစက်သော အပြုံးတစ်ခု ထွက်ပေါ်လာသည်။ သူက "တစ်ခါက သူတို့ကို သတ်ရတာ ငြီးငွေ့နေပြီ"

"သူတို့ကို သတ်ရတာ ပျင်းနေပြီလား။ ဘယ်လောက်တောင် ရယ်စရာကောင်းလိုက်သလဲ" လှဲ့နန်က အေးစက်စွာ ရယ်မောလိုက်သည်။

ယန်ယွဲ့က လှဲ့နန်ကို ကြည့်လိုက်ပြီး "ခဏစောင့်။ မင်းခေါင်းကို ငါလာယူမယ်၊ သိပ်ကြာမှာမဟုတ်ဘူး"

အဘိုးအိုက "အပြင်စည်းခြံဝန်းအတွက် ဌာနမှူးရှာထားတဲ့ နည်းပြဆရာက ဘယ်လောက် ကြောက်စရာကောင်းလဲ

ကြည့်ရအောင်။ အမှန်တော့ ငါ နည်းနည်းတော့ မျှော်လင့်ထားသလိုပါပဲ။ နောက်ဆုံးတော့ ဗွာနမ္မူးရဲ့ စီရင်ချက်က အမြဲတမ်း အရမ်းကောင်းပါတယ်။ ဒီတစ်ခါတော့ သူ မမှား သေးဘူးလို့မျှော်လင့်ပါတယ်"

သူစကားပြောပြီးသည်နှင့် အဘိုးအိုက ကောင်းကင်သို့ခုန်တက်ကာ သူ့လက်ကိုမြှောက်ပြီး လှံကို ယန်ယဲ့ဆီသို့ထိုးချလိုက်သည်။

လုံမှ ကြောက်စရာကောင်းသော
မီးတောက်များ ရုတ်ချည်း ထွက်ပေါ်လာသည်။
မီးတောက်များ ဖုံးလွှမ်းနေသော လုံက
ကောင်းကင်မှကျဆင်းလာသော
နဂါးငွေ့တန်းအလား ယန်ယွဲ့ဆီသို့
ပစ်လွှတ်လိုက်သည်။
မီးတောက်လုံ ဖြတ်သန်းသွားသည့်
နေရာတိုင်းတွင် အာကာသဟင်းပြင်သည်
အပိုင်းပိုင်း ကွဲသွားကာ လုံနောက်တွင်
အလွန်ရှည်လျားသော
အာကာသအက်ကြောင်းတစ်ခု ပေါ်လာပြီး

လှုံဆင်းလာသည်နှင့်အမျှ
ပို၍ကြီးမားလာသည်။

အဘိုးအိုက ယန်ယဲ့ကို လျှော့မတွက်ဝံ့ပေ။
သူလည်း ဒီလိုမလုပ်ဝံ့ပါ။ နောက်ဆုံးတွင်
စည်းကမ်းထိန်းသိမ်းရေးအကြီးအကဲက
အဆင့်မြင့်သူတော်စင်တစ်ပိုင်းအဆင့်ဖြစ်သော်
လည်း ယန်ယဲ့ကို ရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့်
သူက ယန်ယဲ့ကို မည်သို့
လျှော့တွက်ဝံ့မည်နည်း။

လုံဖိအားက ယန်ယဲ့အပေါ်ပိတ်လှောင်ထားပြီး
ထွက်ပြေးနိုင်စွမ်းမရှိအောင် ဖိနှိပ်ထားသည်။

ယန်ယဲ့၏ခန္ဓာကိုယ်ထဲမှ
ဆန်းကြယ်ချီစွမ်းအင်များ ရုန်းကြွလာပြီး
ဟာကျူလီယံဓား ထဲသို့ တိုးဝင်လာသည်။
တစ်ချိန်တည်းမှာပင် ယန်ယဲ့သည် သူ့ညာခြေကို
မြေပြင်တစ်ချက် နင်းကာ ကောင်းကင်သို့
ခုန်တက်လိုက်သည်။ ထို့နောက်တွင် သူက
ဟာကျူလီယံဓားကို လက်နှစ်ဖက်ဖြင့်
ကိုင်ထားပြီး လုံဆီသို့ အပြင်းအထန်
ခုတ်ပိုင်းလိုက်သည်။

ဂျုန်း

ဟာကျူလီယံခါးက
ရောမနဂါးကြီးတစ်ကောင်အလား
ရှေ့ပြေးထွက်လာပြီး အဘိုးအို၏လုံ့ကို
ပိုင်းချသွားသည်။

ပေါက်ကွဲသံသည် မိုးချိန်းသံကဲ့သို့ တဟုန်ထိုး
မြည်ဟီးလာပြီးနောက်
ကောင်းကင်ယံအထက်၌ ကြောက်မက်ဖွယ်ရာ
စွမ်းအင်လှိုင်းလုံးကြီး လွင့်ပျံလာသည်။

စွမ်းအင်လှိုင်း ဖြတ်သန်းသွားသည့် နေရာတိုင်း
အာကာသဟင်းလင်းပြင်သည်
တဆတ်ဆတ်တုန်ခါကာ အတွင်းပိုင်းကနေ
စွမ်းအင်လှိုင်းလုံးများ အချိန်မရွေး
ပြိုကျသွားပုံရသည်။ အလွန်ပင်
အံ့သြတုန်လှုပ်ဖွယ်ရာ
မြင်ကွင်းတစ်ခုပင်ဖြစ်လေတော့သည်။

ယန်ယွဲ့သည်လည်း
စွမ်းအင်လှိုင်းလုံးများအတွင်းမှ
ရိုက်ခတ်လာသော တွန်းအားကြောင့်
မြေပြင်ပေါ်သို့ လွင့်ပျံသွားသော်လည်း

မြေပြင်ပေါ် မရောက်ခင် သူ့ကိုယ်သူ
ထိန်းချုပ်လိုက်နိုင်သည်။

ယန်ယဲ့သည် ကောင်းကင်အထက်သို့
မျှော်ကြည့်ရင်း ဟာကျူလီယံဓားကို
လက်နှစ်ဖက်စလုံးဖြင့်
တင်းတင်းကြပ်ကြပ်ဆုပ်ကိုင်ထားကာ
သူ့မျက်လုံးထဲတွင် လေးနက်သော
အရိပ်အယောင်တစ်ခု ရှိနေသည်။

ထိုအချိန်တွင် အထက်ကောင်းကင်ယံနှင့်
အာကာသဟင်းလင်းပြင်သည် ရုတ်တရက်

တုန်ခါသွားကာ စွမ်းအင်လှိုင်းလုံးများသည် ချက်ချင်းပင် အဖက်ဖက်သို့ ပြန့်နှံ့သွားပါတော့သည်။--

###Book.64

------------------------------------